မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၂၇)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီအမ်ဂျာယာရတနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နှစ်စဉ်ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်ပေးမည့် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် စက်တပ်ဆင်အင်အား ၄၀မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်ပေးနိုင်မည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်အတူ ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင် သွားရောက်၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်စက်အမှတ်(၁)နှင့် စက်အမှတ်(၂)တို့၌ စက်မှု/လျှပ်စစ်တပ်ဆင်ထားမှု၊ စက်ရုံအတွင်း မြို့ပြလုပ်ငန်းများဆောင်ရွက်ထားမှု၊ စက်ရုံရေထုတ်မြောင်း မြေကြီးကျောက်သားတူးဖော်နေမှု၊ ကွန်ကရစ်သွန်းလောင်းထားမှု၊ ဆွိုယာဒ်လုပ်ငန်းဆောင်ရွက်ထားမှုနှင့် ဖိအားမြင့်သံမဏိပိုက်လိုင်းအဆင့်လိုက် တပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖြူးမြို့၏ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းရှိ ပင်မတမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု၊ ပင်မတမံကြံ့ခိုင်မှု၊ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မောင်းနှင်နေမှုနှင့် မဟာဓာတ်အားလိုင်းအတွင်းသို့ (Computer System) ဖြင့် ဓာတ်အားထိန်းချုပ်မောင်းနှင်ပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သိုလှောင်ရေပမာဏအား စနစ်တကျထိန်းသိမ်းကာ ဓာတ်အားလိုအပ်ချက်အပေါ်မူတည်၍ ဓာတ်အားပေးစက်များထိန်းချုပ်မောင်းနှင်ရေး၊ စက်စွမ်းအားပြည့်ဓာတ်အားထုတ်လုပ်မောင်းနှင်နိုင်ရေးနှင့် စက်များကြံ့ခိုင် ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျစစ်ဆေးရေးတို့ကို မှာကြားသည်။

ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးလျှင် ၂၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၆၀မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းတွင် ဗီယက်နမ်မှ ဟိုတယ်စီမံကိန်း ယခုနှစ်အတွင်းတည်ဆောက်မည်

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အမှတ်(၁၉၂) ဗဟန်းမြို့နယ်၌ ဗီယက်နမ်နိုင်ငံမှ တည်ဆောက်မည့် ဟိုတယ်တည်ဆောက်ရေးစီမံကိန်းပုံစံငယ်အား တွေ့ရစဉ်။

မောင်မောင်မြင့်ဆွေ ရေးသားသည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားလာသည်။ ကဏ္ဍအသီးသီး၊ နယ်ပယ်အရပ်ရပ်၌ အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံရန် တာစူနေကြသည့် ကမ္ဘာ့နိုင်ငံများကလည်း အများအပြားဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် လုပ်ငန်းများအနက် ဟိုတယ်လုပ်ငန်းများလည်း ပါဝင်သည်။ ယခုအခါ ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်၊ စီးပွားရေးဗဟိုဌာန၊ ရုံးခန်းများနှင့် အဆင့်မြင့်လူနေအိမ်ခန်းများ ပါဝင်သော စီမံကိန်းတစ်ခုကို စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

"ဒီစီမံကိန်းဟာ နိုင်ငံတကာအဆင့်မီဟိုတယ်နဲ့ အဆင့်မြင့်ကာလရှည်တည်းခိုအိမ်ရာတွေ ပါဝင်မှာဖြစ်ပါတယ်။ တိုးတက်လာတဲ့ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေဖြစ်ပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ စီမံကိန်းနှင့်ပတ်သက်ပြီး တည်ဆောက်ဆောင်ရွက်ရန်သဘောတူစာချုပ်နှင့် မြေငှားရမ်းမှုသဘောတူညီချက်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံမှ Hoang Anh Gia Lai Myanmar Company Limited တို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ တည်ဆောက်မည့် ဟိုတယ်တည်ဆောက်ရေး စီမံကိန်းမှာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အမှတ်(၁၉၂) ဗဟန်းမြို့နယ် (ယခင်စက်မှု) ဝန်ကြီးဌာနရုံးမြေနေရာတွင် ပြုလုပ်နေခြင်းဖြစ်ပြီး မြေကြီးလုပ်ငန်း

စာမျက်နှာ ၉ ကော်လံ ၁ ◆

အမိန့်ကြော်ငြာစာ အချပ်ပိုငါးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ (၄ မှ ၈) အထိ အချပ်ပို (၅) မျက်နှာ ပါရှိပါသည်။

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၁၁) မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပျော်ရွှင်ရေး

ဤလောက၌ လူတို့သည် စိတ်ညစ်ညူးစရာများ တွေ့ကြုံရသည့်အခါ ထိုစိတ်ညစ်ညူးစရာ၊ စိတ်ပျက်စရာများအပေါ် အရှုံးသဖြင့် ဒဏ်ကိုကြံ့ကြံ့ခံနိုင်စွမ်း မရှိကြသော်လည်း ပျော်ရွှင်ရေး ပွဲလမ်းသဘင်များနှင့်မူ အခွင့်အခါကြုံကြိုက်လေတိုင်း အမြဲတစေသာယာနေတတ်ကြ၏။ ထိုပွဲလမ်းသဘင်ပျော်ရွှင်ရေးတို့ရှိလေတိုင်း စိတ်အလိုလိုက် အပျော်ကြိုက်နေကြပါမူ လူတို့၏ လုပ်စီးပွား၊ ကိုင်စီးပွားတို့ တိုးတက်ကြီးပွားအောင်မည်သို့ဆောင်ရွက်နိုင်ကြတော့ပါအံ့။

ကျေးလက်တောရွာများ၌ အလှူပွဲ၊ ဇာတ်ပွဲများသည် ထွန်ယက်စိုက်ပျိုးလုပ်ငန်းခွင်သိမ်းချိန်တွင် ကျင်းပလေ့ရှိပါသည်။ ရွာတစ်ရွာတွင် အလှူပွဲသို့မဟုတ် ဇာတ်ပွဲများရှိလျှင် အခြားသောရွာနီးချုပ်စပ်ကျေးရွာများမှ သွားရောက်ကြည့်ရှုကြလေ့ရှိပါသည်။ ရွာတစ်ရွာတွင်ပျော်ပွဲရွှင်ပွဲရှိသည်ဟု ကြားလျှင် သွားရောက်တတ်ကြခြင်းသည် ကျေးရွာများ၏ဓလေ့ဟု ဆိုနိုင်ပါသည်။ သို့သော် ကျေးရွာတို့၌ ပျော်ပွဲရွှင်ပွဲ၊ အလှူပွဲ၊ မင်္ဂလာပွဲ၊ ဇာတ်ပွဲတို့သည် အမြဲတမ်းရှိကြသည် မဟုတ်ပါ။ ရံဖန်ရံခါမှသာ ရှိတတ်ကြပါသည်။ ဤသို့ တစ်ခါတစ်ရံမှ ပွဲလမ်းသဘင်များရှိ၍ ပျော်ပါးကြခြင်းသည် သဘာဝကျပါသည်။

သို့ရာတွင် မြို့ကြီးပြကြီးတို့၌ ပျော်စရာရွှင်စရာများရှိ၍ ပျော်ပါးနေမည်ဆိုပါက တစ်နေ့တစ်ရက်မျှ နားရတော့မည် မဟုတ်ပါ။ အဘယ်ကြောင့်ဟူမူ မြို့ကြီးပြကြီးတို့၌ ပျော်စရာရွှင်စရာပွဲလမ်းသဘင်များ၊ ရုပ်ရှင်များ အခါမလပ်ကျင်းပနေကြခြင်းကြောင့်ပေတည်း။ ဤသို့သာ ပျော်စရာရွှင်စရာများရှိတိုင်း ပျော်ပါးနေကြတော့မည်ဆိုပါက လူတို့၏ လုပ်စီးပွား၊ ကိုင်စီးပွား တိုးတက်ရာတိုးတက်ကြောင်းတို့အတွက် မည်သို့မျှ လုပ်ကိုင်ဆောင်ရွက်ပြီးစီးနိုင်ကြတော့မည် မဟုတ်ပေ။

အမှန်အားဖြင့် လူတို့သည် ပျော်ရွှင်ရေးကိစ္စသည် တစ်ခါတစ်ရံလုပ်ဆောင်ရမည့် ကိစ္စသာဖြစ်ပါသည်။ စိတ်ပျက်စရာ၊ စိတ်ဖိစီးမှုအလွန်တရာ များပြားလာသည့်အခါ စိတ်ကို သက်သာရာသက်သာကြောင်း စိတ်ထွက်ပေါက်ပေးသည့် အနေဖြင့် ပျော်ရွှင်ရေးအလုပ်ကို လုပ်ကိုင်ရခြင်းဖြစ်ပါသည်။ အချိန်ရှိတိုင်း ပျော်ရွှင်ရေးအမှုကိစ္စကိုသာ စိတ်ဝင်စားနေမည်၊ လိုက်စားနေမည်ဆိုပါက တန်ဖိုးရှိလှသော အချိန်များကို ဖြုန်းတီးပစ်ရာ ရောက်ပါသည်။ ဝေးဝေးမကြည့်နှင့်၊ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ထုတ်လွှင့်ပြသနေသော ရုပ်သံဇာတ်လမ်းတွဲများ ကြည့်ရှုနေကြခြင်းဖြင့် နေ့စဉ်အချိန်တစ်နာရီခန့် ဖြုန်းတီးနေသည်ကို သတိပြုကြည့်ကြပါ။ ထိုဖြုန်းတီးနေသော အချိန်တစ်နာရီကို အခြားအကျိုးရှိသည့် အလုပ်တစ်ခုခုလုပ်မည်ဆိုလျှင် အကျိုးများစွာ ရှိမည်မှာသေချာပါသည်။ အချိန်ကို အကျိုးရှိစွာ သုံးတတ်ပါက ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိလာမည်မှာ သေချာပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ပျော်ရွှင်ရေးအလုပ်ကို တစ်ခါတစ်ရံမှသာ လုပ်ကိုင်သင့်သည်ကို သတိပြုအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရာဇာလင်းမိသားစု ဆေးတက္ကသိုလ်ပညာသင်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပညာဒါနအလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုသည် ဆေးတက္ကသိုလ် တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ရွေးချယ်ပြီး နှစ်စဉ်ပညာသင်ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်း ဆေးတက္ကသိုလ်တက်ခွင့်ရ ကျောင်းသားကျောင်းသူ ရှစ်ဦးတို့အား ရွေးချယ်၍ "ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆု" ချီးမြှင့်လိုက်ကြောင်းသိရသည်။

ဆုရရှိ

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆု ရရှိကြသူများမှာ မအေးဆုမွန်(ရန်ကုန်) ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မောင်ဇင်မင်းကို(ကလေး) ဆေးတက္ကသိုလ်-မန္တလေး၊ မောင်ဇွဲနောင်လင်း(ကောလင်း) ဆေးတက္ကသိုလ်-မန္တလေး၊ မဖြိုးချိဇင်အောင် (ကျောက်ပန်းတောင်း) ဆေးတက္ကသိုလ်-မန္တလေး၊ မကွမ်းဒိန်းဂျာခေါင် (မြစ်ကြီးနား) ဆေးတက္ကသိုလ် -မန္တလေး၊ မောင်ဟိန်းထက်ဦး(တောင်တွင်းကြီး) ဆေးတက္ကသိုလ်-မကွေး၊ မောင်ဇင်ကိုလှိုင် (စလင်း) ဆေးတက္ကသိုလ် - မကွေးနှင့် မဖြူဖွေးသန့်(ပွင့်ဖြူ) ဆေးတက္ကသိုလ်-မကွေး တို့ဖြစ်ကြသည်။

အဆိုပါ ပညာသင်ဆုရရှိသူများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပထမနှစ်မှစ၍ ဆေးပညာဘွဲ့ရသည်အထိ ရာဇာလင်းမိသားစု၏ စည်းကမ်းချက်များနှင့်အညီ ပညာသင်ဆုကြေးများကို လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပညာသင်ဆုရရှိသူများသည် ဆေးတက္ကသိုလ် အသီးသီးတွင် မိမိတို့ ပထမနှစ်သင်တန်းစတင် တက်ရောက်နေကြောင်း အထောက်အထား စာရွက်စာတမ်းများကိုလည်းကောင်း၊ ယခင် ပညာသင်နှစ်များတွင် ရာဇာလင်းဆေးတက္ကသိုလ်ပညာသင်ဆုရရှိခဲ့ပြီး သက်ဆိုင်ရာဆေးတက္ကသိုလ်အသီးသီးတွင် ဆေးပညာ ဆက်လက်သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ သက်ဆိုင်ရာ အတန်းအသီးသီး အောင်မြင်ကြောင်း ထောက်ခံချက်များကိုလည်းကောင်း အမှတ်(၅၀) ကန်ရိပ်သာ(၃)လမ်း Finger Lake, F. M. I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၃၁၂၅၉ နှင့် ၀၉-၅၁၃၁၂၆၀ တို့သို့ အချိန်မီပေးပို့၍ ပညာသင်ဆုများ ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဘို့ကြီးအုပ်စု သောက်ရေ၊ သုံးရေ လုံလောက်စေချင်

ထင်သာမြင်သာ ပြုပြင်စရာ

"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"ဟု မြန်မာဆိုရိုးစကားရှိပါသည်။ ရေသည် လူနှင့်တကွ သက်ရှိသတ္တဝါအားလုံး အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်သော အရာဖြစ်သည်။ သောက်သုံးရေဆိုသည်မှာ ရေသန့်ပါဝင်မှု PH.6 အထက်ရှိ သန့်ရှင်းသောရေ ဖြစ်မှသာလျှင် လူတို့အတွက်သောက်ရန် စိတ်ချရသော ရေဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် တောင်ဘို့ကြီးအုပ်စု တောင်ဘို့ကြီးကျေးရွာသည် တိုင်းရင်းသား အရှိုးချင်း(မြေပြန့်ချင်း) လူမျိုးများနေထိုင်ပြီး အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၄၄၀ကျော်နှင့် ကျွဲနွားအကောင် ၄၀၀ ကျော်ရှိသော ရွာဖြစ်ပြီး ယခုမြင်တွေ့နေရသော ရေကန်သည် ရွာ၏အရှေ့ဘက်တွင်ရှိသော မိုးရေလှောင်ကန် ဖြစ်ပါသည်။ ကန်ရေ၏အရောင်မှာ အညိုရောင်ပြောင်းကာ လူတို့အတွက် သောက်ရန်သုံးရန်မသင့်လျော်သလို ချိုးရေအဖြစ် အသုံးပြုရန်လည်း မကောင်းပါ။

ထို့အပြင် တောင်ဘို့ကြီးကျေးရွာသည် ခေတ်အဆက်ဆက်မှစ၍ ယနေ့တိုင်အောင် သောက်ရေသုံးရေကို လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် တောင်ကျချောင်း(သဲချောင်း၊ ကျောက်ချောင်းမဟုတ်)ကို မိုးနှောင်းကာလတွင် တစ်ဖက်မှပိတ်၍ ဆည်ခတ်ကာ ရေလှောင်ပြီး သုံးစွဲခဲ့ရပါသည်။ သစ်တောများ ပြုန်းတီးပျက်စီးမှု၊ မိုးခေါင်မှုများကြောင့် လိုအပ်သော ရေထုကိုမရရှိဘဲ ၂၀၁၁ ခုနှစ်မှစ၍ ရေရှားပါးမှု၊ ပြတ်လပ်မှုပြဿနာများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၁၈-၉-၂၀၁၀ ရက်နေ့တွင် ငွေကျပ် ၁၇ သိန်း အကုန်အကျခံ၍ နှစ်လက်မ စက်ရေတွင်းတူးပေးခဲ့ပါသော်လည်း လက်ရှိအနေအထားအရ ရေတင်စက်မှာ ရပ်ထားခဲ့ရပါသည်။ လက်နှိပ်တုံကင်တွင်းမှသာ ယခု လောလောဆယ် သုံးစွဲနေရပြီး ရေလုံလောက်မှုမရှိပါ။

သို့ဖြစ်ပါ၍ လာမည့်နွေရာသီတွင် သောက်သုံးရေအခက်အခဲကြောင့် ရေရှားပါးမှုပြဿနာနှင့် ဒီဇုကြုံတွေ့ရမည်ဖြစ်သော တောင်ဘို့ကြီးကျေးရွာကို နိုင်ငံတော်နှင့် မြို့နယ်တာဝန်ရှိသူတို့၏ စီမံမှု၊ ဦးဆောင်မှု၊ စေတနာရှင်များ လူမှုရေးအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့် ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။

(၁၇၀)

အထက်ပန်းဆိုးတန်းလမ်း ယာဉ်ရပ်နားနိုင်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့တွင် မော်တော်ယာဉ်များသွားလာမှု များပြားလာခြင်းအတွက် ယာဉ်ကြောပိတ်ဆို့ခြင်းများ အတန်အသင့် ဖြေလျှော့ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့နယ်အသီးသီးတွင် ယာဉ်သွားလမ်းများကို ချဲ့ထွင်ဖောက်လုပ်ပေးလျက်ရှိနေသည်ကို တွေ့ရသည်။

မင်္ဂလာတောင်ညွန့် မြို့နယ် အထက်ပန်းဆိုးတန်းလမ်း ယာဉ်အသွားအလာများပြားသော ဗိုလ်မင်းခေါင်လမ်းမှ ကန်တော်လေးလမ်း(ကျုံးဖြူ)လမ်းအထိ အရှည်ပေ ၁၁၀၀ ကို မော်တော်ယာဉ်များ လမ်းဘေး၌ ကပ်၍ ရပ်နားနိုင်ရန် နေရာအနေအထားကိုလိုက်၍ အကျဉ်းဆုံးနေရာတွင် ၂၃ ပေ ၆ လက်မ၊ အကျယ်နေရာတွင် ၃၂ ပေအထိ စက်ယန္တရားဖြင့် လမ်းသားတိုးချဲ့ဖောက်လုပ်နေသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့မြင်ရသည်။**(အောက်ပုံ)**

ယခင်က ယာဉ်ကြောတစ်ဖက်နှစ်ကြောရှိပြီး ယာဉ်ရပ်နားခွင့်မပြုသော်လည်း ထိန်းသိမ်းသူမရှိချိန်တွင် ယာဉ်ကြောတစ်ကြောတွင် ယာဉ်ရပ်ထားပါက ယာဉ်အသွားအလာများပြားမှုကြောင့် ဒေါ်သိန်းတင်လမ်းဆုံ၌ မကြာခဏ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှု ဖြစ်ခဲ့ရသည်။ သစ်ပင်ကြီးများကိုချန်လှပ်၍ မည်မည်ရရဖြစ်နေသော မြေသား ပလက်ဖောင်းများကို ဖယ်ရှားကာ ရေမြောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ယာဉ်ရပ်နားနိုင်ရန် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့လမ်းခင်းမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

(မောင်ကျောက်တံတား)

ခရီးစဉ်အားလုံး " Nice " ဖြစ်ရမည် စျေးနှုန်းလည်း " Fair " ဖြစ်ရမည်။
လေယာဉ်နှင့် အကျော်ကြားဆုံး ခရီးသွားလုပ်ငန်း Nice Fare Travel
IATA

ကျွန်မလက်(မ်)မှန်ရဲ့ အန်တီစမ်းချောရဲ့ ကိုအမည် အသားအရေကို ဖြူစင်လှပစေပါသည်...
အရည်အသွေးကို ဦးစားပေးလို့သုံးဖြစ်ဖြစ်...
စျေးနှုန်းချိုသာမှုကို အဓိကထားလို့သုံးဖြစ်ဖြစ်...
တစ်မိသားစုလုံး ဖြူစင်လှပဖို့ စျေးချိုချိုယိုသုံးနိုင်အောင်...
Anytime ပဲဖြစ်မှာပေါ့။
Anytime

Whitening Cream
Face & Body

တိုင်းဒေသကြီးအတွင်းဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဒေသများရှိ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

UN Agency, INGO, NGO အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော UN Agency,INGO, NGO အဖွဲ့များသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် တိုင်းဒေသကြီးအတွင်းဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဒေသများရှိ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး MoU လက်မှတ်ထိုးထားသောဝန်ကြီးဌာနများမှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် UN Agency, INGO, NGO အဖွဲ့များမှ တာဝန်ခံကိုယ်စားလှယ်များက လုပ်ငန်းများဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေသုံးစွဲမှု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်ရန်လျာထားမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လက်တွဲ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နေသော UN Agency,INGO, NGO အဖွဲ့ပေါင်း ၃၁ ဖွဲ့ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကတ္တရာလမ်းသစ်များ တပ်ကုန်းမြို့၌ ဖွင့်

တပ်ကုန်း ဖေဖော်ဝါရီ ၃

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်တပ်ကုန်းမြို့ အောင်စိုးမိုးလမ်းနှင့် သခင်ဖိုးလှကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင်ဦးမြင့်ရွှေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ပေါ်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့တွင်းလမ်း ငါးလမ်းကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာ သခင်ဖိုးလှကြီးလမ်း(၂၈၀၀×၁၂)ပေ၊ အောင်စိုးမိုးလမ်း (၂၆၄၀×၁၈) ပေ၊ ဗိုလ်မင်းရောင်ကျောင်းလမ်း(၁၁၀၀×၁၂)ပေ၊ ပုန်းညက်လမ်း(၃၀၀၀×၁၂)ပေနှင့် ရဲမာန်အောင်လမ်း(၃၁၀၀×၁၂)ပေတို့ဖြစ်ကြောင်း သိရှိရသည်။ **(ဝ၂၁)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် သီရိလင်္ကာနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပါမောက္ခဂျီအယ်လ်ပီးရီးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးပေါ်လွင်စိန်အား နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြဝတီမြို့တွင် ၀ ဒသမ ၂၀ လက်မနှင့် ကျိုင်းတုံမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ဘဝအမောပြေ

မင်းလောက် ကိုယ့်အပေါ် ဘယ်သူမှမဆိုးဘူး

ယောက်ျားဖြစ်သူက မိန်းမ၏ဓာတ်ပုံ သွားလေရာယူသွားတတ်သည်ကို မိန်းမသိသောအခါ.....

မိန်းမ ။ ။	**ရှင်က ကျွန်မဓာတ်ပုံကို ရုံးသွားတိုင်း ရှင့်အိတ်ထဲထည့်ပြီး အမြဲယူသွားတတ်တယ်နော်။ ဘာကြောင့်လဲဟင်။**
ယောက်ျား ။ ။	ဘာမှမဟုတ်ပါဘူးကွာ။ ငါပြဿနာတစ်ခုခုကြုံရတိုင်း မင်းပုံလေးထုတ်ကြည့်လိုက်တာပါ။ အဲဒါဆို ပြဿနာတွေပျောက်သွားတတ်လို့လေ။
မိန်းမ ။ ။	**ဝိုး...တယ်ဟုတ်ပါလား။ ဒါဆို ကျွန်မကရှင့်အတွက် တော်တော်အသုံးဝင်တယ်ပေါ့။**
ယောက်ျား ။ ။	မဟုတ်ပါဘူးကွာ။ မင်းဓာတ်ပုံလေးထုတ်ကြည့်ပြီး ငါ့မှာ ဒီထက်ကြီးတဲ့ ပြဿနာတော့ မရှိတော့ပါဘူးဆိုပြီး ငါ့ကိုယ်ငါ နှစ်သိမ့်တတ်သွားလို့ပါ။

MMH- ရေးသားသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀	**ကုသိုလ်၏တန်ဖိုး** တရားတော် (ဆရာတော်အရှင်တိက္ခသာရ)
၁၀း၅၀	ဟင်းချက်ရအောင်
၁၂း၃၀	အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှဘုရားများ
၁း၀၀	**ကုသိုလ်၏တန်ဖိုး** တရားတော် (ဆရာတော်အရှင်တိက္ခသာရ)
၂း၀၀	MRTV-4 သတင်း
၂း၅၀	အဖြစ်များသော နှလုံးသွေးကြောကျဉ်းရောဂါ အကြောင်းသိကောင်းစရာများ
၅း၂၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၉၁)
၇း၁၀	တိုးတက်လာသောဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှု (ဖန်ပြွန်သန္ဓေနည်းပညာနှင့် ချက်ကြိုးသွေးသိမ်းဆည်းခြင်း ဝန်ဆောင်မှု)
၇း၃၀	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 သတင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၁၀)
၁၀း၁၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၁၄)
၁၁း၄၀	World of Knowledge (Known Universe Sizing Up The Universe)
၁း၂၅	**ကင်ဆာရောဂါဖြင့် ကျန်းမာစွာနေထိုင်ခြင်း** (အပိုင်း-၁) (ဒေါက်တာခင်မောင်လွင်၊ ဦးကြည်စိုးထွန်း)
၁း၄၀	စံမြန်မာကွန်ပျူတာစနစ်နှင့် ပတ်သက်၍
၂း၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

နိုင်ငံတကာသတင်း

အာဖဂန်နှင့်ပါကစ္စတန် သမ္မတနှစ်ဦးအား ဗြိတိန်ဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေးမည်

လန်ဒန် ဖေဖော်ဝါရီ ၃

အာဖဂန်ငြိမ်းချမ်းရေးတိုးတက်မှုများ ဆွေးနွေးရန် အာဖဂန်နှင့် ပါကစ္စတန်သမ္မတနှစ်ဦးအား ဗြိတိသျှဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက လက်ခံဆွေးနွေးလိမ့်မည်ဟု ဖေဖော်ဝါရီ ၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းဆွေးနွေးပွဲသည် ပြီးခဲ့သည့် နွေရာသီနောက်ပိုင်း တတိယအကြိမ်မြောက်ဆွေးနွေးပွဲဖြစ်သည်။ ၎င်းဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြားဒေသတွင်းတည်ငြိမ်ရေးတိုးမြှင့်ရန် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ပထမဆုံး အာဖဂန်နှင့် ပါကစ္စတန်စစ်တပ်နှင့် ထောက်လှမ်းရေးအကြီးအကဲများသည် ယင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

နေတိုးတပ်များသည် ၂၀၁၄ ခုနှစ်အကုန် အာဖဂန်မှ ဆုတ်ခွာရန် စီစဉ်ထားသည်။ ယင်းတို့ဆုတ်ခွာပြီးနောက် သမ္မတနှစ်ဦးက ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတစ်ရပ်ရေးဆွဲရန် သဘောတူညီထားကြပြီးဖြစ်သည်။ **(ပရက်စ်တီဗွီ)**

တန်နိုင်ငံခြားရေးဝန်ကြီးသစ် ဂျွန်ကယ်ရီ ရုရှားနိုင်ငံသို့ သွားရောက်လည်ပတ်ရန်ရှိ

မော်စကို ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ် ဂျွန်ကယ်ရီသည် မကြာမီကာလအတွင်း ရုရှားနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ရန်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗော့က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။

ဂျွန်ကယ်ရီ **(အောက်ပုံ)**သည် ရုရှားနိုင်ငံ၏ ဖိတ်ခေါ်မှုကို လက်ခံပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် သွားရောက်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က မော်စကိုမြို့ နိုင်ငံတကာလုံခြုံရေးအစည်းအဝေးမှအပြန်တွင် ပြောကြားသွားခဲ့သည်။

“ရုရှားနဲ့ အမေရိကန်လို နိုင်ငံကြီးတွေကြားမှာ အခက်အခဲတွေ အမြဲလိုရှိနေနိုင်ပါတယ်။ လာမယ့် ခရီးစဉ်မှာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်လာစေရန်နှင့် ဖြစ်ပေါ်လာစေနိုင်တဲ့ အခြားသောပြဿနာအခက်အခဲတွေကနေ ရှောင်ရှားနိုင်စေရန် ဆွေးနွေးသွားမှာပါ ”ဟု လာဗော့က ပြောကြားခဲ့သည်။

နှစ်နိုင်ငံစလုံးအနေဖြင့် လက်နက်များကြောင့် အစုလိုက်အပြုံလိုက်သေကျေပျက်စီးမှုများလာမှုကို တားဆီးရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု တိုက်ဖျက်ရေးနှင့် ဥပဒေချိုးဖောက်မှုများအား အရေးယူဆောင်ရွက်ရေးအတွက် အဓိကထားဆွေးနွေးသွားမည်ဟု ဆိုထားသည်။ **(ဆင်ဟွာ)**

မာလီနိုင်ငံ ပြန်လည်ထူထောင်သွားနိုင်ရေး ပြင်သစ်ကူညီရန် ကတိကဝတ်ပြုပြောဆို

မာလီ ဖေဖော်ဝါရီ ၃

ပြင်သစ်အစိုးရအနေဖြင့် မာလီနိုင်ငံမြောက်ပိုင်းကို ကြီးစိုးထားသော အစ္စလာမ္မစ်သူပုန်တို့ကို ထိုးစစ်ဆင်တိုက်ခိုက်ပြီး သုံးပတ်အကြာ မာလီနိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ကူညီပေးသွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြောကြားလိုက်ကြောင်း ဖေဖော်ဝါရီ ၂ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားသည်။

ပြင်သစ်နိုင်ငံ၏ ကိုလိုနီနိုင်ငံဟောင်းဖြစ်သည့် မာလီနိုင်ငံအား အကူအညီများ ပိုမိုပေးရန်နှင့် အဆိုပါ သူပုန်များကြောင့် ပျက်စီးသွားသော ယဉ်ကျေးမှုနေရာများ ပြန်လည်ကောင်းမွန်ရေးအတွက် အကူအညီများပေးရန်လည်း သူက မာလီမြို့တော် ဘာမာကိုသို့ရောက်ရှိစဉ် ကတိကဝတ်ပြုပြောကြားလိုက်သည်။

ပြင်သစ်တို့အနေဖြင့် မာလီနိုင်ငံမြောက်ပိုင်းကို ပြန်လည်ထူထောင်ထိန်းချုပ်သွားနိုင်ရန် ကူညီလိမ့်မည်ဖြစ်ကြောင်း မစ္စတာဟော်လန်က ပြောကြားသည်။ အကြမ်းဖက် အုပ်စုများသည် တဖြည်းဖြည်း အားနည်းသွားပြီဖြစ်ကြောင်း၊ သို့သော်ပျောက်ကွယ်သွားခြင်း မဟုတ်ကြောင်း သူက ပြောသည်။ **(အပေါ်ပုံ)**

ပြောကြားခဲ့

လိုအပ်လျှင် ပြင်သစ်တပ်များ မာလီတွင် ကြာရှည်စွာ နေပေးမည်ဖြစ်ကြောင်း၊ မာလီတို့အချုပ်အခြာအာဏာကို ပိုင်စိုးနိုင်သည့်တစ်ချိန်တွင် ပြင်သစ်တို့က မာလီတပ်များသို့ လုံခြုံရေးတာဝန် လွှဲပြောင်းပေးလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အစ္စရေးအစိုးရသစ်ဖွဲ့စည်းရန် သမ္မတက ဝန်ကြီးချုပ်အား မေးခွန်းထုတ်

တဲအဗစ် ဖေဖော်ဝါရီ ၃

အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအား ပြီးခဲ့သည့် ပါလီမန်ရွေးကောက်ပွဲအပြီး အစိုးရသစ်ဖွဲ့မလားဟု မေးခွန်းထုတ်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားသည်။ **(အောက်ပုံ)**

လိုလားနေ

မစ္စတာနေတန်ယာဟုသည် ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရန် လိုလားနေသူဖြစ်သည်။ ၎င်းက ပါလက်စတိုင်းတို့အား ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ပြန်လာရန်လည်း ဆော်သြတိုက်တွန်းထားသည်။

မစ္စတာနေတန်ယာဟု၏ လီကွတ်ဘိတယ်နူပါတီသည် ဇန်နဝါရီ ၂၂ ရက် ရွေးကောက်ပွဲတွင် အမတ်နေရာ ၁၂၀ အနက် ၃၁ နေရာ အနိုင်ရရှိထားသည်။

တိုက်တွန်းထား

အစ္စရေးအစိုးရသစ်အနေဖြင့် အီရန်နျူကလီးယားလက်နက်များပိုင်ဆိုင်ခြင်းမှ တားဆီးရေးသည် အဓိကဦးစားပေးဖြစ်လာလိမ့်မည်ဖြစ်ကြောင်းလည်း မစ္စတာနေတန်ယာဟုက ဖေဖော်ဝါရီ ၂ ရက်တွင် အတည်ပြုပြောကြားသည်။ ၎င်းက ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်အားငြိမ်းချမ်းရေးဆွေးနွေးပွဲစားပွဲဝိုင်းသို့ပြန်လာရန်လည်းဆော်သြတိုက်တွန်းထားသည်။ **(ဘီဘီစီ)**

ဆော်လမွန်ကျွန်းတွင် ငလျင်ဆင့်ကဲလှုပ်

ဟိုနီယာ ဖေဖော်ဝါရီ ၃

ဆော်လမွန်ကျွန်းတွင် ယနေ့နံနက်က ပြင်းထန်သောငလျင်သုံးခု ဆင့်ကဲလှုပ်သွားကြောင်း၊ သို့သော်လည်း ထိခိုက်ပျက်စီးမှုနှင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်း မရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါငလျင်များအနက် ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားအပြင်းထန်ဆုံးငလျင်မှာ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၈ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ ယင်းငလျင်များသည် တစ်ခုနှင့်တစ်ခုအကြား နာရီဝက်စီခြားကာ ဆော်လမွန်ကျွန်း၏ မြို့တော်ဟိုနီယာရာမှ ၆၀၀ ကီလိုမီတာအကွာ၊ မြေအောက် ၁၀ ကီလိုမီတာအနက်၌ ဗဟိုပြုပြီးလှုပ်သွားခြင်းဖြစ်ကြောင်း အဆိုပါ မြေငလျင်ဌာနမှ ထုတ်ပြန်ချက်အရသိရသည်။ ဆော်လမွန်တွင် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က ရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်မှုကြောင့် အနည်းဆုံး ၅၂ ဦးသေဆုံးခဲ့သည်။ **(ဆင်ဟွာ)**

တရုတ်အနောက်မြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီးချောက်ထဲထိုးကျ

လန်ကျိုး ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ်တွင် ဘတ်စ်ကားတစ်စီး လျှိုမြောင်တစ်ခုအတွင်းထိုးကျကာ မီးလောင်ခဲ့ပြီးနောက် ရှစ်ဦးသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဖေဖော်ဝါရီ ၂ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါမတော်တဆမှုသည် ဂန်ဆုပြည်နယ် ကွင်ယန်မြို့ နန်ကျင်းစီရင်စုအနီး ဖေဖော်ဝါရီ ၁ ရက် ဒေသစံတော်ချိန်ည ၁၀ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂန်ဆုပြည်နယ် အစိုးရသတင်းဌာနများ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းဘတ်စ်ကားသည် တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ် လန်ဖန်မြို့မှ မောင်းနှင်လာစဉ် လမ်းကွေ့တစ်ခုတွင် ဘီးချော်ပြီး ၁၀ မီတာအနက်ရှိ လျှိုမြောင်တစ်ခုအတွင်း ထိုးကျသွားကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာနများ၏ထုတ်ပြန်ချက်အရသိရသည်။ ထိုသို့ဖြစ်ပွားပြီးနောက် ခြောက်ဦးမှာ နေရာတွင်ပွဲချင်းပြီး သေဆုံးပြီး အခြားနှစ်ဦးမှာကယ်ဆယ်ရေးများ ဆောင်ရွက်ပြီးနောက် ဒေသတွင်းဆေးရုံတွင် ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကိုလည်း အဆိုပါဆေးရုံသို့ ပို့ဆောင်ပေးထားပြီး ၎င်းတို့၏အခြေအနေကို မသိရသေးဟုဆိုသည်။ ယာဉ်မတော်တဆမှုဖြစ်ပွားချိန်တွင် ဘတ်စ်ကားပေါ်၌ လူမည်မျှ တင်ဆောင်လာသည်ကိုလည်း မသိရသေးဟုဆိုသည်။ **(ဆင်ဟွာ)**

တင်မောင်လွင်
စုစည်းသည်

ဗြိတိန်၌ ပေါင်တစ်သန်းဝင်ငွေရသူ တိုးလာ

လန်ဒန် ဖေဖော်ဝါရီ ၃

ဗြိတိန်နိုင်ငံတွင် စီးပွားရေးကျဆင်းနေလင့်ကစား ညွန့်ပေါင်းအစိုးရက ဧပြီလအတွင်း အခွန်များလျှော့ချခဲ့ပြီးနောက် တစ်နှစ်တာအတွင်း အနည်းဆုံးပေါင်တစ်သန်းအထိ ချမ်းသာသူ ၁၃၀၀၀ တိုးလာခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံတွင် တစ်နှစ်လျှင် ပေါင်တစ်သန်း ဝင်ငွေရသူ ၈၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ **(ဆင်ဟွာ)**

အီဂျစ်နိုင်ငံရေးအကျပ်အတည်း ဗိုလ်ချုပ်ကြီး ဖတာအယ်စီစီ သတိပေး

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်ရှိ သမ္မတနန်းတော်အပြင်ဘက်တွင် ယမန်နေ့က ဆန္ဒပြအီဂျစ်ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အဓိကရုဏ်း ဖြစ်ပွားသည်။ လူ ၆၀ ကျော် သေဆုံးရသည့် ရက်သတ္တပတ်ကြာ အကြမ်းဖက်ဆန့်ကျင်မှုများ ဖြစ်ပွားပြီးနောက် ကန့်ကွက်ဆန္ဒပြမှုများ အရှိန်မသေသေးဘဲ ဆက်လက်ဖြစ်ပွားနေခြင်းပင် ဖြစ်သည်။

သမ္မတ နန်းတော်အပြင်ဘက်၌ ကျောက်ခဲများ၊ ဓာတ်ဆီပုလင်းဗုံးများဖြင့် ပစ်ခတ်သည့်လူအုပ်ကြီးကို တွန်းလှန်ရန်ကြိုးပမ်းသည့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများနှင့် ရေပိုက်များ အသုံးပြုသည်။ တစ်ဦးသေဆုံးပြီး လူ ၅၀ ကျော်ဒဏ်ရာရသွားသည် ဟုဆိုသည်။ ကိုင်ရိုမြို့တော်တွင်မက ကန့်ကွက်ဆန္ဒပြပွဲများမှာ အခြားသော အီဂျစ် သုံးလေးမြို့တို့တွင်လည်း ထိုနေ့က ပေါ်ပေါက်သည်။

စီတန်းလှည့်လည် ဆန္ဒပြသူများက သမ္မတမိုဟာမက်မော်စီသည် ၂၀၁၁ ခုနှစ် ဆူပူအုံကြွတော်လှန်မှုကို သစ္စာဖောက်သွားပြီဖြစ်ကြောင်း စွပ်စွဲကြွေးကြော်ကြသော်လည်း သမ္မတ မော်စီကမူ တော်လှန်ရေးကို သူသစ္စာမဖောက်ပါဟု တွင်တွင်ငြင်းလျက်ရှိသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အဖွဲ့အစည်းများကို ကာကွယ်ရန် ဆုံးဖြတ်ချက်များ အခိုင်အမာ ချမှတ်ဆောင်ရွက်ရမည်ဟူ၍ သမ္မတမော်စီက ၎င်း၏ဖေ့စ်ဘုတ်စာမျက်နှာတွင် သတိပေးနှိုးဆော်ထားသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်မှ ကြိုးကိုင်သူများသည် နိုင်ငံရေးအရ တာဝန်ယူရလိမ့်မည်ဟုလည်း သမ္မတမော်စီက သတိပေးလိုက်သည်။

အီဂျစ်နိုင်ငံ၏ ဒီမိုကရေစီနည်းအရ ပထမဆုံးရွေးချယ်တင်မြှောက်သည့်သမ္မတကို ရာထူးမှဖယ်ရှားရန်အတွက် လမ်းပေါ်ထွက်ဆန္ဒပြမှု၏အင်အားကို ကန့်ကွက်ဆန္ဒပြသူများက အသုံးချရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သမ္မတမော်စီအားထောက်ခံသူများက စွပ်စွဲသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ကိုင်ရိုမြို့တော်မြောက်ပိုင်း သမ္မတနန်းတော်တစ်ဝိုက် စုဝေးဆန္ဒပြသည့် အီဂျစ်ပြည်သူများက သမ္မတမော်စီ ရာထူးမှဆင်းပေး၊ ဆင်းပေးဟူ၍ ကြွေးကြော်ကြသည်။ ကန့်ကွက်ဆန္ဒပြသူအချို့က သမ္မတ နန်းတော်နံရံကို ပုလင်းဗုံးဖြင့် ပစ်ပေါက်သည့်အပြင်၊ လမ်းမကြီးများပေါ်တွင် မီးရှို့၍ ဆန္ဒပြသည်။ အဓိကရုဏ်းဖြစ်ပွားစဉ် တစ်ဦးပစ်သတ်ခံရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်ဟု သတင်းများ ထွက်လာသည်။

ထောင်ပေါင်းများစွာသော ဆန္ဒပြပြည်သူများ ချီတက်ရာတာရာ ပန်းခြံအနီးတွင်လည်း အဓိကရုဏ်းဖြစ်သည်ဟုဆိုသည်။ အဆိုပါချီတက်ဆန္ဒပြသူများကလည်းသမ္မတ မော်စီ ရာထူးမှ ဆင်းပေးရန်တောင်းဆိုကြသည်ဆို၏။

ပြီးခဲ့သည့်နှစ် ဘောလုံးအားကစားပွဲ အဓိကရုဏ်း၌ ၇၄ ဦးသေဆုံးခဲ့သည့် ပို့ဆက်မြို့၌လည်း လူစုလူဝေးဖြင့် ဆန္ဒပြကြွေးကြော်ကြသည်ကိုတွေ့ရသည်။ စူးအက်တူးမြောင်း မြောက်ဘက်စွန်းရှိ ၎င်းမြို့၌ ပြီးခဲ့သည့် ရက်သတ္တပတ်က ဆန့်ကျင် ဆန္ဒပြပွဲများအနက် အဆိုးရွားဆုံး အကြမ်းဖက်မှု ရှိခဲ့သည်ဆို၏။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့ကမူ အီဂျစ်နိုင်ငံ၏ အဓိက နိုင်ငံရေး အုပ်စုခေါင်းဆောင်အချို့က အကြမ်းဖက်မှုများကို ပြစ်တင်ရှုတ်ချခဲ့သည်ဟုသိရသည်။ သို့သော် လူငယ်အုပ်စုများကမူ လမ်းပေါ်ထွက် ဆန္ဒပြမှုများ ပိုမိုပြုလုပ်လာကြရန် နောက်ပိုင်းတွင် နှိုးဆော်ကြသည်။

သီးခြားဖြစ်စဉ် တစ်ရပ်အဖြစ် ကိုင်ရိုမြို့၌ အမျိုးသမီးများအား ကာယိန္ဒြေ ပျက်စေသည့်ကျူးလွန်မှုပိုများလာခြင်းအပေါ် အံ့အားသင့်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိတ်ချ်စီအာရ်)၏ ပြောပြချက်အရ ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများ စတင်ကတည်းက အမျိုးသမီး ၂၅ ဦး တိုင်အောင် ကာယိန္ဒြေပျက်ပြားစေခဲ့သည်ဟု သိရသည်။ ယင်းကိစ္စအတွက် များစွာစိတ်ပျက်မိကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အီဂျစ်သမ္မတ မူဘာရက်ကို နောက်ဆုံးရာထူးမှ ဖယ်ရှားနိုင်ခဲ့သည်။ ဆူပူအုံကြွမှုများအတွင်း တာရာပန်းခြံတစ်ဝိုက်တွင် အမျိုးသမီးများ အစော်ကားခံရသည် ဆိုသော သတင်းများ ထွက်ပေါ်ခဲ့သည်။ သမ္မတမူဘာရက်အား ဖယ်ရှားသည့် အီဂျစ်ပြည်သူတို့၏ တော်လှန်ရေး ဒုတိယအကြိမ်နှစ်ပတ်လည်အကြိုကာလက ကိုင်ရိုမြို့တော်၌ လက်ရှိ ဆန့်ကျင်ဆန္ဒပြပွဲများ ဇန်နဝါရီ ၂၄ ရက်က စတင်ခဲ့ပြီး နောက်ပိုင်းတွင် အခြားသော မြို့များသို့ ကူးစက်ပျံ့နှံ့ သွားခြင်းဖြစ်သည်။ မွတ်စလင် ညီအစ်ကိုများ ပါတီဝင် သမ္မတမော်စီသည် တစ်ဦးတည်း အာဏာချုပ်ကိုင်ရန် စီစဉ်ပြီး လွန်ခဲ့သည့်နှစ်နှစ်က အီဂျစ်ပြည်သူတို့၏ တော်လှန်ရေးကို သစ္စာဖောက်သွားပြီဟု ကန့်ကွက်ဆန္ဒပြသူများက စွပ်စွဲကြွေးကြော်ကြသည်။

ဤသို့ အီဂျစ်နိုင်ငံ၌ ကန့်ကွက်ဆန္ဒပြမှုများရှိလာသည့် အလျောက် အီဂျစ်နိုင်ငံရေး အကျပ်အတည်းဖြစ်မှုက နိုင်ငံတော်ပြိုကွဲသွားအောင် ရိုက်ခတ်လာနိုင်ကြောင်း အီဂျစ်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အဗ္ဗဒူဖတာအယ်စီစီက သတိပေးလိုက်သည်။ စူးအက်တူးမြောင်းတစ်လျှောက်ရှိမြို့ကြီးသုံးမြို့အတွင်း၎င်း၏တပ်ဖွဲ့ဝင်အများအပြားကို ဖြန့်ကြက်အပြီး ဗိုလ်ချုပ်ကြီး အဗ္ဗဒူဖတာအယ်စီစီက ယင်းသို့ သတိပေးလိုက်ခြင်းလည်း ဖြစ်သည်။ ထိုသုံးမြို့မှာအရေးပေါ်အခြေအနေ ကြေညာထားသည့် မြို့များလည်း ဖြစ်နေသည်။

ဖိလစ်ပိုင်သတင်းထောက်နှစ်ဦး လွှတ်မြောက်

ပြီးခဲ့သည့် ဇွန်လက ပြန်ပေးဆွဲခံရသော ဖိလစ်ပိုင်ရုပ်မြင်သံကြား သတင်းထောက်နှစ်ဦးအား ဖိလစ်ပိုင်အစ္စလာမ့်စ် စစ်သွေးကြွများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် ဘီဘီစီသတင်း၌ ဖော်ပြသည်။ ရာမဲလ်ဗီလာနှင့် ရိုးလန်းလက်ထရီယိုတို့မှာ ပြန်လွှတ်လာပြီးနောက် စုလုပြည်နယ်တောင်ပိုင်းဆေးရုံတစ်ရုံသို့ ပို့ထားရသည်ဟုဆိုသည်။ သို့သော် ယင်းတို့နှင့်အတူ အလုပ်လုပ်သော ဂျော်ဒန်သတင်းထောက်သည် မည်သည့်အတွက် ပြန်လွှတ်ခြင်းမရှိသေးသည်ကို ရှင်းလင်းစွာ မသိရသေးဟုဆိုသည်။ ယင်းတို့သည် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော အဘူဆာရက် စစ်သွေးကြွအဖွဲ့ကို တွေ့ဆုံမေးမြန်းရန် ကြိုးပမ်းစဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

မူဘာရက်ပိုင် ဒေါ်လာနှစ်သန်းကျော် နိုင်ငံပိုင်သိမ်း

အီဂျစ်သမ္မတဟောင်း မူဘာရက်နှင့် ၎င်း၏သားနှစ်ဦးဖြစ်သည့် ဂါမဲလ်နှင့် အလားတို့ ပိုင်ဆိုင်သော ဘဏ်စာရင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ သန်းကို နိုင်ငံပိုင်အဖြစ်သိမ်းယူရန် အီဂျစ်အစိုးရရှေ့နေချုပ် တာလတ်အီဘရာဟင်အဗ္ဗဒူလာက ဖေဖော်ဝါရီ ၂ရက်တွင် အမိန့်ထုတ်ခဲ့ကြောင်း အယ်လ်အာဟမ်းအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ ၂၀၀၆ခုနှစ်၊ ၂၀၁၁ ခုနှစ်အတွင်း မူဘာရက်၊ ၎င်း၏ဇနီးနှင့် သားနှစ်ဦးတို့သည် လက်ဆောင်ရယူမှုအမှုကို ဖြေရှင်းရန် အဆိုပါတရားရုံးဌာနချုပ်က ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ကိုင်ရိုတရားရုံးချုပ်က မူဘာရက်အား ၂၀၁၁ ခုနှစ် ဆန္ဒပြသူများအား သတ်ဖြတ်မှုဖြင့် ၂၀၁၂ ခုနှစ် ဇွန်လတွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခဲ့သည်။

ဆီးရီးယားအား အီရန်ကူညီမည်

အီရန်နိုင်ငံအနေဖြင့် ပြည်ပကျူးကျော်ရန်စမှုကို ရင်ဆိုင်နေရသော ဆီးရီးယားအား ဆက်လက်၍ ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်အမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲ ဆေးဂျာလီလီက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားလိုက်သည်။ အစ္စရေးက ဆီးရီးယားစစ်ဘက်သုတေသနကို လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး ဆီးရီးယားနှင့် အစ္စရေးတို့ တင်းမာနေချိန် အီရန်လုံခြုံရေးကောင်စီအကြီးအကဲက ဆီးရီးယားအားကူညီရန်သုံးရက်ကြာခရီးအဖြစ် သွားရောက်ဆွေးနွေးခဲ့သည်။

အီရတ်ရဲဌာနချုပ် အသေခံဗုံးခွဲ ခံရ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ရှိ ရဲဌာနချုပ်ကို ဖေဖော်ဝါရီ ၃ရက်က အသေခံဗုံးခွဲတိုက်ခိုက်ပြီး သေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် အနည်းဆုံး လူ ၃၀ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ စစ်သွေးကြွများသည် အဆိုပါ ရဲဌာနချုပ်ကို ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း မြို့ခံတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့က တိုက်ခိုက်သည်ဟု ချက်ချင်းမသိရသေးဟု ဆိုသည်။ ယခုတိုက်ခိုက်မှုသည် ကယ်ကွတ်မြို့လယ်၌ ရုံးတက်ချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြင့်မောင်စိုး - ရေးသည်

ကောင်းထက်ဝင်းလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်
(Excel Security Services)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

အဆင့်မြင့်လုံခြုံရေးဝန်ဆောင်မှုအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူ ဝန်ထမ်းများ အမြန်အလိုရှိသည်-

(က) အသက်(၂၅)နှစ်မှ(၄၅)နှစ်အတွင်း ဖြစ်ရမည်။
(ခ) အရပ် ၅ ပေ ၄ လက်မနှင့်အထက်ရှိရမည်။
(ဂ) ပညာအရည်အချင်း ဘွဲ့ရ/တက္ကသိုလ်ဝင်တန်းအဆင့်ရှိရမည်။
(ဃ) အင်္ဂလိပ်စာ အရေး/ဖတ်/ပြော အသင့်အတင့်ရှိရမည်။
(င) သတ်မှတ်အရည်အချင်းပြည့်မီသူများအဖြစ် ရွေးချယ်ခံရပါက လစာငွေ (၉၀၀၀၀+)ကျပ်မြင့်မည်။ လုပ်ရည်ကိုင်ရည်ပေါ်မူတည်၍ လစာတိုးမြှင့်ခံစားခွင့်ပြုမည်။
(စ) ရွေးချယ်ခြင်းခံရသူများအား ချက်ချင်းခန့်အပ်သင်တန်းပေးမည်။
(ဆ) လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လာရောက် လျှောက်ထားရမည်။
(ဇ) ကျား(၅၀)+မ(၅)

ကြော်ငြာပါသည့်ရက်မှစ၍ ၁၅-၂-၂၀၁၃ ရက်အတွင်း အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက်လျှောက်ထားရန်။

-ကျန်းမာသန်စွမ်းအလယ်တန်းအဆင့်ရှိသူများ သာမန်လုံခြုံရေးဝန်ထမ်းအဖြစ် ရက်အကန့်အသတ်မရှိ လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ-

ကောင်းထက်ဝင်းလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်(EXCEL)၊
အမှတ် ၈၊ ပင်းယလမ်း၊ နဝဒေးအိမ်ရာဝင်း၊ ရေကူးကန်အနီး၊
လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၅၁၆၆၆၁၅၊ ၀၉-၈၆၂၈၁၇၂၊
၀၉-၄၂၈၀၁၉၆၉၈၊ ၀၉-၇၃၀၂၆၁၉၃

ကမ္ဘာ့ အပူချိန်တိုးလာမှုကြောင့် မိုးရွာသွန်းမှုများပြားလာ



ကမ္ဘာတစ်ဝန်း ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိသည်ကို တွေ့ရှိရပေမည်။ ဤကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုသည် ကမ္ဘာ့အပူချိန်တိုးလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆက်စပ်လျက်ရှိနေပေသည်။ အဒဲလိုက်ဒ် တက္ကသိုလ်မှ သုတေသနပညာရှင်များက မိုးလေဝသဌာန ၈၀၀၀ ကျော်ရှိ မိုးရေချိန်နှင့် ကမ္ဘာ့လေထုအပူချိန်တို့ကို ရယူကာ တွက်ချက်အဖြေရှာခဲ့ကြသည်။ ရလဒ်တွင် မိုးရေချိန်များလာမှုသည် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ကမ္ဘာ့လေထုအပူချိန် ၁ ဒီဂရီ တိုးလာတိုင်း မိုးရေချိန် ခုနစ်ရာခိုင်နှုန်းတိုးလာသည်ကို သက်သေပြခဲ့ကြသည်။ ၂၀ ရာစုနောက်ပိုင်းတွင် ကမ္ဘာ့အပူချိန်သည် တစ်နှစ်လျှင် ပျမ်းမျှ ၃ ဒီဂရီဆဲလ်စီးရပ်မှ ၅ ဒီဂရီဆဲလ်စီးရပ်အထိ မြင့်မားလာလျက်ရှိသည်ဟု ဆိုထားပြီး ရာသီဥတုပြောင်းလဲမှုအလိုက် မိုးရွာသွန်းမှုမှာလည်း အဆက်မပြတ်များလာနေသည်ဟု ၎င်းသုတေသီများက ဆိုထားသည်။ ထိုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှု၊ မိုးရေချိန် များပြားလာမှုများ ဆက်လက်ဖြစ်ပေါ်နေပါက ကမ္ဘာတစ်ဝန်း ရေကြီးရေလျှံမှုများလည်း မကြာခဏဆိုသလို ဖြစ်ပေါ်လာမည်ဟု သုတေသနပညာရှင် ဒေါက်တာဝပ်စထရာက ပြောကြားခဲ့သည်။ "အပူပိုင်းရာသီဥတုရှိတဲ့ နိုင်ငံအများစုအတွက် ပိုပြီးအခက်ကြုံနိုင်ပါတယ်။ သူတို့အနေနဲ့ ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်ကို ကာကွယ်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဖို့လိုပါမယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါ သုတေသနအဖွဲ့တွင် ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ် တက္ကသိုလ်နှင့် ကနေဒါနိုင်ငံ ဘက်တိုးရီးယားတက္ကသိုလ်မှ ပညာရှင်များပါဝင်ကြသည်။

မြတ်မွန်ထွေး-ရေးသားသည်

ဟင်းသီးဟင်းရွက်စားသုံးပါလျှင် နှလုံးရောဂါဖြစ်ပွားမှု ကျဆင်းနိုင်

ဝေယံဦး - ရေးသည်

အသားနှင့်ငါးများကို မစားသုံးဘဲ ဟင်းသီးဟင်းရွက်များကိုသာ သက်သတ်လွတ်အဖြစ် စားသုံးပါက နှလုံးရောဂါဖြစ်ပွားမှု ၃၂ ရာခိုင်နှုန်းခန့် လျော့ကျစေနိုင်ကြောင်း အင်္ဂလန်ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြောကြားသည်။

လျော့နည်း

အင်္ဂလန်နှင့်စကော့တလန်ရှိ ပြည်သူ ၄၄၅၀၀ ဦးတို့အား သုတေသနပြုလေ့လာခဲ့ရာ ဟင်းသီးဟင်းရွက်စားသုံးသူများသည် နှလုံးရောဂါဖြစ်ပွားမှု ၃၂ ရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရှိခဲ့ကြသည်။

သုတေသနပြု

ဟင်းသီးဟင်းရွက်ကိုသာ သက်သတ်လွတ်သဖွယ် စားသုံးကြသူများသည် ကိုယ်လက်စထရောအနေအထား၊ သွေးဖိအားနှင့်ခန္ဓာကိုယ်အလေးချိန်များ ပုံမှန်အနေအထားဖြစ်စေသည်ဟု ၎င်းတို့က သုတေသနပြုချက်၌ ဖော်ပြထားသည်။

အနောက်နိုင်ငံများတွင် နှလုံးရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိရာ ဗြိတိန်နိုင်ငံ တစ်နိုင်ငံတည်း၌ပင် နှစ်စဉ်လူ ၉၄၀၀၀ ခန့် သေဆုံးလျက်ရှိသည်။

ဟင်းသီးဟင်းရွက်များမှ ရရှိသော ဓာတ်ပစ္စည်းများတွင် နှလုံးသွေးကြောများကို သန်မာစေပြီး သွေးစီးဆင်းမှုကိုလည်း ပုံမှန်ဖြစ်စေကြောင်း၊ နှလုံးသွေးကြောပိတ်ဆို့မှုကို ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထို့အပြင် သွေးအတွင်း ကိုယ်လက်စထရောများကို ချေဖျက်ပေးနိုင်ပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုစေနိုင်ကြောင်း၊ ဟင်းသီးဟင်းရွက်များများစားသုံး ပေးသင့်ကြောင်း ဗြိတိသျှနှလုံးဖောင်ဒေးရှင်းမှ ဒေါက်တာတီရေးပါကာက ပြောကြားသည်။ (ဘီဘီစီ)

ပြည်တွင်းသတင်း

မင်းကင်းနှင့် ကလေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် ယာကြီး-ကလေးဝလမ်းမိုင်တိုင် (၄၆/၄၇)ကြား ကတ္တရာလမ်း ခင်းကျင်းနေမှုနှင့် မြေထိန်းနံရံတည်ဆောက်နေမှုတို့ကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး သွားရောက်ကြည့်ရှုစစ်ဆေးပြီး မင်းကင်းမြို့နယ် မြို့မကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(ကလေး)တည်ဆောက်ပြီးစီးမှု၊ ကလေးမြို့နယ် ကျီကုန်းကျေးရွာကွင်းအမှတ်(၅၃/က)ရှိ တောင်သူဦးသိဟ၏ ဆင်းရွှေကြာ (၃) နေကြာ ၁၃ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် နေကြာပျားရည်ထုတ်လုပ်နေမှု၊ ကလေးမြို့နယ် ပြည်သူ့ဆေးရုံ၊ ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ ဇင်းကလင်းတံတား ဆောက်လုပ်ပြီးစီးမှု၊ ကလေးမြို့ ဇီးချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်နေမှုနှင့် ရေလှောင်ကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းတွင် ကလေးမြို့ သဇင်ရပ်ကွက် မြို့ပတ်လမ်း အပိုင်း(၁)၌ကျင်းပသည့် အရှည်ပေ ၄၈၀၀နှင့် အကျယ် ၁၂ ပေရှိ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍လမ်းဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကလေး-ရာဇဂြိုလ်လမ်းပေါ်ရှိ နတ်တံခါးချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကလေးမြို့နယ် ပျဉ်းတောဦးအခြေခံပညာမူလတန်းလွန်ကျောင်းနှင့် လက်ပံချောင်းအခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု၊ ဆည်ကြီးချောင်းတံတား ကြံ့ခိုင်မှု၊ ကလေးမြို့လေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့မှုနှင့် ဥပုသ်ချောင်းရေလွှဲမြောင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကလေးမြို့ မြို့တော်ခန်းမဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးနိုထန်ကပ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြို့မိမြို့ဖ ဦးဂင်ခန်းပေါင်တို့က မြို့တော်ခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့တော်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ မြို့တော်ခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသအတွက် ဗလာစာအုပ်များ၊ မီးသတ်နှင့် ကြက်ခြေနီဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲအတွက် လိုက်နာရန်စည်းကမ်းများ ထပ်ဆင့်ရှင်းလင်း

မြောင်းမြ ဖေဖော်ဝါရီ ၃

၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲကြီးကြပ်ရေးမှူးများနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ၊ စာဖြေသူများလိုက်နာရန် စည်းကမ်းများ ခရိုင်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁ ရက်က မြောင်းမြမြို့ အထက(၁) ကျောင်းဝင်း ပညာရတနာခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ခရိုင်ပညာရေးမှူးရုံး၊ ဒုတိယပညာရေးညွှန်ကြားရေးမှူးနှင့် လက်ထောက်ပညာရေးညွှန်ကြားရေးမှူးတို့က အမှာစကားများ ပြောကြားပြီး ကြီးကြပ်ရေးမှူးတာဝန်နှင့် စာဖြေခန်းအတွင်းအပြင် လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လုံခြုံရေးတာဝန်ကျ ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များအကြောင်းတို့ကို တာဝန်ရှိဆရာ ဆရာမကြီးများက ရှင်းလင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ထက်/လယ်/မူ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ ၄၀၀ ခန့် တက်ရောက်ကြကြောင်း သိရှိရသည်။

အောင်မင်း(မြောင်းမြ)

ယခုအပတ် စားအုန်းဆီဈေးနှုန်း မြင့်တက်လာ မြစ်သားမှုကြက်သွန်နီဈေး တရိပ်ရိပ်ပြန်ကျ

ရန်ကုန် ဖေဖော်ဝါရီ ၃

ယခုအပတ် ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် အသစ်ထွက်ပေါ်နေသော ငရုတ်ရှည်ဈေးနှုန်းများ ကျဆင်းနေပြီး စားအုန်းဆီဈေးနှုန်းများ ဈေးမြင့်လာကြောင်း၊ ကြက်သွန်နီဈေးနှုန်းများ တစ်ပိဿာကျပ် ၅၀၀ ဝန်းကျင်သို့ ပြန်လည်မြင့်တက်ပြီးမှ ကျပ် ၅၀၀ အောက်သို့ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက်တွင် ကျောက်ရဲငရုတ်ရှည်နှင့် မုံရွာငရုတ်ရှည် တစ်ပိဿာ ငွေကျပ် ၁၈၀၀- ၁၈၅၀နှုန်း၊ ဟသ်ာတ ငရုတ်ရှည် တစ်ပိဿာ ကျပ် ၁၇၀၀၊ ဝါးခယ်မ ငရုတ်ရှည် ကျပ် ၂၂၀၀၊ မိုးထောင်ငရုတ် ၁၇၅၀-၁၈၅၀ နှုန်း၊ စားအုန်းဆီလက်ကား တစ်ပိဿာ ကျပ် ၁၄၁၀နှုန်း၊ ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၇၅-၄၇၅-၄၅၀နှုန်း၊ မြစ်သားအမျိုးအစား ကျပ် ၅၅၀-၆၇၅- ၆၅၀ နှုန်းရှိကြောင်း သိရသည်။

ဇန်နဝါရီ တတိယပတ်အကုန်တွင် ကျောက်ရဲငရုတ်ရှည်နှင့် မုံရွာငရုတ်ရှည်များ တစ်ပိဿာလျှင် ကျပ် ၂၂၀၀-၂၂၅၀နှုန်းရှိခဲ့ကြောင်း၊ ယခုအခါ တစ်ပိဿာကျပ် ၄၀၀ ဈေးကျလာကြောင်း၊ ရှေ့လကုန်ဝန်းကျင်တွင် မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သော ဝါးခယ်မ၊ အိမ်မဲ ငရုတ်ရှည်များ ဈေးကွက်သို့ ဝင်ရောက်မည်ဖြစ်ကြောင်း ငရုတ်ကုန်သည်များမှ ဆိုပါသည်။

ငရုတ်

ယခင်နှစ် ၂၀၁၂ ဖေဖော်ဝါရီလဆန်းတွင် ဝါးခယ်မ ငရုတ်ရှည် တစ်ပိဿာ ကျပ်၂၈၀၀၊ ကျောက်ရဲငရုတ်ရှည်(သစ်) ကျပ်၂၅၀၀၊ မိုးထောင်ငရုတ် တစ်ပိဿာ ကျပ် ၂၄၀၀-၂၇၀၀၊ အအေးခန်းငရုတ်ရှည် တစ်ပိဿာကျပ် ၂၈၀၀နှုန်းရှိခဲ့ရာ ယခုနှစ် ငရုတ်ဈေးနှုန်းများ ယခင်နှစ် ကာလတူထက် ဈေးနှုန်းနည်းကြောင်း သိရသည်။

စားအုန်းဆီ လက်ကားဈေးနှုန်းများ ယခုအပတ်အတွင်း တစ်ပိဿာကျပ် ၂၀ဈေးတက်လာကြောင်း၊ ပြည်ပမလေးရှား FOB စားအုန်းဆီဈေးနှုန်း တစ်တန်လျှင် ၁၅ဒေါ်လာဈေးတက်လာရာ ဖေဖော်ဝါရီ ၁ရက်တွင် ၈၆၀ ဒေါ်လာနှုန်း၊ ပြည်တွင်းငွေလဲနှုန်း ၈၅၇ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ(အရင်းဈေး) ၁၄၄၁ကျပ် ဖြစ်လာရာ ယခုပတ်အတွင်း အရင်းဈေး တစ်ပိဿာ ၂၀ ကျပ် ဝန်းကျင် ဈေးတက်လာသည်ဟု သိရသည်။

ကြက်သွန်နီ

ကြက်သွန်နီဈေးနှုန်းများ ဇန်နဝါရီ ၂၉ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ကျပ် ၄၀၀- ၅၀၀-၅၂၅၊ မြစ်သားအမျိုးအစား တစ်ပိဿာ ကျပ် ၆၀၀-၇၂၅-၇၂၅ရှိရာမှ တစ်ပတ်အတွင်း ကျပ် ၅၀ ဈေးပြန်ကျလာကြောင်း ယခုအပတ်အတွင်း နေ့စဉ် ကြက်သွန်နီ ပိဿာချိန် ပျမ်းမျှ ၂၀၀၀၀ ဝန်းကျင် ဝင်ရောက်ကြောင်း ဈေးကွက်မှ သိရသည်။ **ခင်ဆိုင်**

သံတောင်ကြီးမြို့နယ်၌ ပျားမွေးမြူရေးသင်တန်းဖွင့်

သံတောင်ကြီး ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် ပျားလုပ်ငန်းဌာနမှ ကြီးမှူးဖွင့်လှစ်သော ပျားမွေးမြူရေးတိုးချဲ့ ပညာပေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်ပျားလုပ်ငန်းဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းကအမှာစကား ပြောကြားပြီး **(ယာပုံ)** ပျားလုပ်ငန်းဌာနမှ ကရင်ပြည်နယ်ဦးစီးမှူး ဦးသိန်းမောင်နှင့် ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသူ/သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

(မျိုးညွန့်)

စီးပွားရေးနှင့် လူမှုရေးကြော်ငြာများ ထည့်သွင်းလိုလျှင် မြန်မာ့အလင်း သို့ ဆက်သွယ်ပါ။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုကြိုဆို တာမွေမြို့နယ်၌ စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စာအုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်၌ ကျင်းပသည်။

ငှားရမ်းဖတ်ရှု

အဆိုပါ စာအုပ်ပြပွဲတွင် သုတ၊ ရသစာအုပ်မျိုးစုံကို ခင်းကျင်းပြသထားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် စာတတ်သူတိုင်း စာဖတ်ရေး၊ စာဖတ်သူတိုးပွားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မိမိတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးပါရန် ဆွေးနွေးပြောကြားသည်။ စာကြည့်တိုက်တွင် မည်သူမဆို အသင်းဝင်ပြီး စာအုပ်များအခမဲ့ ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော စာအုပ်ပြပွဲတွင် တက်ရောက်လာသူများကို တွေ့ရစဉ်။

❐ *ကျောဖုံးမှ*

မေး ။ ။ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစား ဘယ်နှမျိုးရှိတယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ ။ ပြိုင်ပွဲအမျိုးအစားတွေကတော့ (၁) အခြေခံအဆင့်မျိုးကွဲပြိုင်ပွဲ၊ (၂) အခြေခံအဆင့်မျိုးတူပြိုင်ပွဲ၊ (၃) အခြေခံအဆင့်အတွဲပြိုင်ပွဲ၊ (၄) ဒုတိယအဆင့်မျိုးကွဲပြိုင်ပွဲတွေဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲအမျိုးအစားထဲက ပြိုင်ပွဲဝင်နိုင်ငံတွေအနေနဲ့ ကြိုက်တဲ့သုံးမျိုး ပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်။ မြန်မာအသင်းက လောလောဆယ် လေးမျိုးစလုံးလေ့ကျင့်ထားမှာဖြစ်ပြီး ပြိုင်ပွဲနီးတဲ့အခါ အကောင်းဆုံးသုံးမျိုးကို ရွေးချယ်ပြီး ပြိုင်ပွဲဝင်သွားမှာဖြစ်ပါတယ်။

မေး ။ ။ ဆီးဂိမ်းမှာ မြန်မာခြင်းလုံးအသင်းအနေနဲ့ အဓိကပြိုင်ဘက်က ဘယ်နိုင်ငံအသင်းဖြစ်မယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။ မြန်မာ့ရိုးရာခြင်းလုံးအသင်းရဲ့ အဓိကပြိုင်ဘက်ကတော့ ထိုင်းအသင်းလို့ထင်ပါတယ်။ ကျန်တဲ့ပြိုင်ဘက်အသင်းတွေလည်း လျှော့တွက်လို့မရတာမို့ အလေးအနက်ထားပြီး လေ့ကျင့်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်” ဟု ဖြေကြားသွားပါကြောင်း။ ။

မင်းဘူး-အမ်းလမ်းပေါ်က ဇီးအိုင်တံတား

သတင်းနှင့် ဓာတ်ပုံ
မကြွေးလှမြင့်

ရာသီဥတု ကြည်လင်သာယာသော နံနက်ခင်း နေခြည်အောက်တွင် သတင်းအဖွဲ့သည် ဆိုင်ကယ်များဖြင့် မင်းဘူး-အမ်းကားလမ်းပေါ်၌ ဖြည်းဖြည်းမှန်မှန် မောင်းနှင်နေကြသည်။ ရိုးမတောင်ကြောကို မြူငွေ့များကြားတွင် မှိုင်းပျပျ မြင်နေရသည်။ လမ်းဘေးဝဲယာတွင် ရိုးပြတ်လယ်ကွင်းများ၊ နေကြာခင်းများ တရိပ်ရိပ်ကျန်နေခဲ့သည်။

တာဝန်ယူဆောက်လုပ်

ထနောင်းနှင့် လက်ပံပင်ကြီးများသည် အညာဒေသ၏ လွမ်းမောဖွယ်ကောင်းလှသော ပန်းချီကားချပ်ကို ကြည့်ရှုနေရသလို ခံစားမိပါ၏။ အဝေး တောတန်းလေးတစ်ခုဆီမှ ချိုးကူသံလေးမှာ ကြေကွဲဖွယ်ကောင်းလှသော တေးသံစဉ်တစ်ခုနှယ်ခံစားရသည်။ နံနက် ၁၀ နာရီခန့်တွင် မင်းဘူး-အမ်းကားလမ်းပေါ်ရှိ တံတားအမှတ် (၄/၁၃) ဇီးအိုင်တံတားကို ရောက်ရှိလာခဲ့သည်။ ဆောက်လုပ်ရေးလုပ်သားများ၊ မြေသယ်စက်မြေတူးစက်များနှင့် စက်ယန္တရားကြီးများသည် စည်းချက်ညီညီလှုပ်ရှားနေကြသည်။ ဤဇီးအိုင်တံတားသည် မင်းဘူးမှ ၁၃ မိုင်အကွာတွင်ရှိ ဇီးအိုင်ချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသော တံတားဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး၊ တံတားဆောက်လုပ်ရေး အထူးအဖွဲ့ (၄)မှ တာဝန်ယူဆောက်လုပ်နေသော တံတားတစ်စင်းဖြစ်သည်။

ဤတံတားကို တာဝန်ယူဆောက်လုပ်နေသော အင်ဂျင်နီယာမှာ ဦးလှမိုးအောင်ဖြစ်ပြီး ကျွန်တော်တို့အဖွဲ့အား နွေးထွေးပျူငှာစွာ ကြိုဆို၍ သတင်းနှင့်ပတ်သက်သော အချက်အလက်များကို ပြောပြသည်။

“ တံတားအဟောင်းက နှစ်(၃၀) လောက်ရှိပြီဆိုတော့ ကြံ့ခိုင်မှု အားနည်းလာတယ်၊ နဂိုမူလတံတားက အုတ်တွေနဲ့ ဆောက်ထားပြီ အောက်ခြေကလည်း သစ်သားပိုင်တိုင်များနဲ့ ရေလယ်တိုင်လေးတိုင်ရှိတယ်။ ရေလမ်းကြောင်းကျဉ်းတယ်၊ ၂၀၁၁ ခုနှစ်က ဂီရိမုန်တိုင်းကျပြီး တောင်ကျရေတွေ ဒလဟောစီးပြီး ရေလယ်တိုင် P1 ကျိုးတယ်။ ချဉ်းကပ်အုတ်ခုံလည်းကွဲသွားတယ်။ အုတ်ရဲ့အရည်အသွေးကျဆင်းလာတော့ အရှိန်အဟုန်မြင့်တဲ့ရေဒဏ်ကို မခံနိုင်တော့ဘူး။ ရေထဲပါလာတဲ့ သစ်ပင်တွေလာဆို့ပြီး ရေလမ်းကြောင်းပိတ်တော့ အောက်ကတိုင်တွေစားသွားတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်ကစပြီး တံတားအဟောင်းကို ဖျက်ပြီး အသစ်ပြန်ဆောက်ခဲ့တာပါ”ဟု တံတားအဟောင်းနှင့်ပတ်သက်၍ ရှင်းပြသည်။

မင်းဘူး-အမ်းလမ်းပေါ်တွင် ဇီးအိုင်တံတားမှာ အလွန်အရေးပါသော တံတားတစ်စင်းဖြစ်သည်။ ပြီးခဲ့သော မိုးတွင်းကာလက မော်တော်ယာဉ်များသည် တောင်ကျရေကို စောင့်ဆိုင်းကာ သွားလာနေကြရသဖြင့် ခရီးကြန့်ကြာမှုများ ကုန်စည်စီးဆင်းမှုများနှောင့်နှေးခဲ့ကြရသည်။ တောင်ကျရေ ကျသောအချိန်များတွင် မော်တော်ယာဉ်များအနေဖြင့် နှစ်နာရီခန့်ကြာသည်အထိ စောင့်ဆိုင်းရသည်ဟု ဆိုသည်။

ယခုပြန်လည်တည်ဆောက်လျက်ရှိသော ဇီးအိုင်တံတားသည် အရှည် ၇၃ ပေရှိပြီး တံတားအမျိုးအစားမှာ အောက်ခြေသံကူကွန်ကရစ်အုတ်မြစ် RC ရက်မတံတားဖြစ်သည်။ အခန်းဖွဲ့စည်းပုံမှာ ၃၆ ပေ ၆ လက်မ နှစ်ခန်း၊ ကားလမ်းအကျယ်မှာ ၂၄ ပေ၊ လူသွားလမ်း ၂ ပေ ၆ လက်မ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ တစ်ပေရှိသည်။ ထိုဇီးအိုင်ချောင်းသည် မိုးတွင်း၌သာ ရေရှိပြီး လေ့အသွားအလာမရှိပါ။ မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ဆောက်လုပ်ခဲ့သည်။ ဤတံတား၏ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်းနှစ်ထောင်ဟု သိရသည်။

“ခုဆိုရင် ၅၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပါတယ်။ ၂၀၁၃ ခုနှစ် မတ်လအတွင်းအပြီးဆိုပေမယ့် ဖေဖော်ဝါရီလကုန်မှာ အပြီးတည်ဆောက်ဖို့ နေ့ဆိုင်း၊ ညဆိုင်းများ ခွဲလုပ်နေပါသည်။ လက်ရာနဲ့ အရည်အသွေးကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်နေပါတယ်။ ဒီတံတားပြီးသွားရင် မော်တော်ယာဉ်တွေ ရာသီမရွေး၊ အချိန်မရွေး သွားလို့ရပါပြီ၊ အခုဖေဖော်ဝါရီ ၁၅ ရက်ဆို ရွှေစက်တော်ဘုရားပွဲစတော့မယ်။ ဘုရားပွဲတော်အစည်ကားဆုံးအချိန်မှာ ဒီတံတားပြီးစီးနေပါပြီ။ ဒီတံတားပြီးသွားတဲ့အတွက် မင်းဘူးနဲ့ အမ်းကုန်စည်ကူးသန်းရောင်းဝယ်မှုများ မြန်ဆန်ချောမွေ့လာတော့မှာဖြစ်ပါတယ်”ဟု ဦးလှမိုးအောင်က ရှင်းပြသည်။

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတစ်နိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး ချောမွေ့လွယ်ကူခြင်းသည် နိုင်ငံ၏အသက်သွေးကြောသဖွယ် ဖြစ်ပါ၏။ နိုင်ငံတော်က ငွေအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်နေသလို ပြည်သူများဘက်ကလည်း ဤတံတားကြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လှပါကြောင်း ကွင်းဆင်းရေးသားလိုက်ပါသည်။ ။

မင်းဘူး-အမ်း ကားလမ်းပေါ်ရှိ ဇီးအိုင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

တမူးမြို့၌ မူးယစ်ဆေးဝါးနှင့်လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် နယ်မြေခံတပ်မတော်စစ်ကြောင်း၊ မူးယစ်အထူးတပ်ဖွဲ့များနှင့် တမူးမြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် တမူးမြို့ စန္ဒကူးရပ်ကွက်(၃) အိမ်အမှတ်(၂၀)နေ ဦးစိုးမြင့်ဝင်းနှင့် ဇနီး ဒေါ်ဖြူဖြူဝင်း နေအိမ်အတွင်းမှ ဆူဒီအက်ဖ်ဒရင်း ၁၀၀ ဒသမ ၈ ကီလိုဂရမ် ကာလတန်ဖိုး ၁၂၀၉၆၀၀၀၀ ကျပ်၊ လက်နက်ငယ်မျိုးစုံ ၉၆ လက်၊ ဗုံးသီးမျိုးစုံ ၆၀ လုံး၊ နင်းမိုင်း ၂၃ လုံး၊ ကျည်မျိုးစုံ ၇၉၀၇ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၉၅ ခု၊ ယမ်းတောင့်၂၅၀ တောင့်နှင့် ယမ်းကြိုးခွေ လေးခွေတို့အား သိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရသည်။

တမူးမြို့၌ ဖမ်းဆီး ရမိသော မူးယစ်ဆေးဝါး နှင့် လက်နက်မျိုးစုံ တို့ကို တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဦးစိုးမြင့်ဝင်းသည် ပြည်ထောင်စု

အမျိုးသားလွတ်မြောက်ရေး တပ်ဦးနှင့် ဆက်နွယ်သူတစ်ဦးဖြစ်ကာ ၂၀၁၀ ခုနှစ် ဇူလိုင်လခန့်တွင် ယင်းအဖွဲ့မှ မှူးကြီးအဆင့်ရှိသည့် သွန်ဘနှင့်အဖွဲ့ဝင်တစ်ဦးတို့မှ ၎င်းလက်နက်/ ခဲယမ်း ထည့်ထားသည့် သေတ္တာများကို လစဉ်အခကြေးငွေပေး၍ ထိန်းသိမ်းရန် ညှိနှိုင်းချက်အရ သိမ်းဆည်းပေးထားပြီးယင်းအဖွဲ့မှ လက်နက်/ ခဲယမ်းများ လာရောက်ထုတ်ယူပါက ထုတ်ပေးရကြောင်း သိရှိရသည့်အပြင် မူးယစ်ဆေးဝါးများကိုမူ ၎င်း၏ညီဝမ်းကွဲတစ်ဦးထံမှ အခကြေးငွေရယူ၍ မန္တလေးသို့ သယ်ဆောင်ပေးရန် ဆောင်ရွက်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဖြစ်ပေါ်ပြောင်းလဲလာမည့်အခြေအနေကို မျှော်တွေးသုံးသပ် ပူးပေါင်းဆောင်ရွက်ရေးနည်းဗျူဟာများ ရေးဆွဲပြင်ဆင်သွား

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံရှိ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၊ ရန်ပုံငွေအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ရေးဆွဲမည့်ပူးပေါင်းဆောင်ရွက်ရေး နည်းဗျူဟာသည် အမျိုးသားကျန်းမာရေးစီမံချက်(၂၀၁၁-၂၀၁၆) နှင့် လိုက်လျောညီထွေဖြစ်စေပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ ဦးစားပေးကဏ္ဍများကို ထပ်ဆင့်ရေးဆွဲသွားရန်ဖြစ်ပါကြောင်း၊ စီမံချက်မန်နေဂျာများ၊ တာဝန်ရှိသူများအနေဖြင့် လက်ရှိကျန်းမာရေးကဏ္ဍ၏အခြေအနေကို ထိရောက်စွာ သုံးသပ်ဆန်းစစ်ပြီး ရှေ့လာမည့်ငါးနှစ်တွင် ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေကိုလည်း မျှော်တွေးသုံးသပ်၍ ပူးပေါင်းဆောင်ရွက်ရေးနည်းဗျူဟာများ ရေးဆွဲပြင်ဆင်သွားရန် တိုက်တွန်းပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေး နည်းဗျူဟာ ၂၀၁၃-၂၀၁၇ ရေးဆွဲပြင်ဆင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ (Consultative Meeting on Development of WHO Country Cooperation Strategy Myanmar 2013-2017) ၌ ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့်အတူ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ဆေးရုံတိုးချဲ့ဆောက်လုပ်မည့် မြေနေရာများဖြစ်သည့် အလုံမြို့နယ် ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းရှိ မြေနေရာ၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့မြို့ မင်္ဂလာဒုံ-ထောက်ကြံ့လမ်းမကြီး ယာဘက်နံဘေးရှိ မြေနေရာ နှစ်နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေးနည်းဗျူဟာ (၂၀၁၃-၂၀၁၇) ရေးဆွဲပြင်ဆင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ငမိုးရိပ်ရေလှောင်တမံကို ရေထိန်းမျှော်စင်ပေါ်မှ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာသို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ သမဝါယမ တက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်း၏ ဖောင်ကြီးအရှေ့ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ကိုရီးယားနိုင်ငံ KOICA က စီစဉ်ဆောင်ရွက်မှု၊ KOREA (ဆေးမားအူးအန်ဒေါင်) Center ၏ အကူအညီဖြင့် ကျေးရွာသစ် လှုပ်ရှားမှုအဖွဲ့နှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စံပြကျေးရွာအသစ်အဖြစ် စံနမူနာပြဆောင်ရွက်ရန်၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် စာကြည့်တိုက်၊ ဆေးပေးခန်းနှင့် အသေးစားငွေစုငွေချေးရုံးခန်းများ ပါဝင်သော ပေ (၁၇၀×၂၀) ရှိ ကျေးရွာစုပေါင်းခန်းမ ဆောက်လုပ်နေမှုနှင့် ဆေးမားအူးအန်ဒေါင် Center ၏စိုက်ပျိုးစရိတ်ထောက်ပံ့ငွေဖြင့် စိုက်ပျိုးအောင်မြင်လျက်ရှိသော မတ်ပဲသီးနှံစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖောင်ကြီးအရှေ့ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ပထမအဆင့်အနေဖြင့်၂၀၁၂ ခုနှစ်တွင် ကျေးရွာလမ်း ပေ ၄၀၀၀ ဂဝံလမ်းခင်းခြင်း၊ နေအိမ် ၁၃၅ လုံးသွပ်များမိုးခြင်း၊ ကျေးရွာသုံးစက်ရေတွင်း တစ်တွင်းတူးဖော်ခြင်းနှင့် မတ်ပဲ ၅၁၃ ဧကအတွက် စိုက်ပျိုးစရိတ်ထောက်ပံ့ငွေပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကျေးရွာစုပေါင်းခန်းမဆောက်လုပ်ခြင်း၊ စက်ရေတွင်းငါးတွင်းတူးဖော်ခြင်း၊ ကျေးရွာဝင်ငွေတိုးစေရေးအတွက် ဝက်မွေးမြူရေးလုပ်ငန်းနှင့် စံပြလယ်ယာများဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငမိုးရိပ်ရေလှောင်တမံ၌ ဆည်ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ငမိုးရိပ်ရေပေးဝေရေး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်မြို့အား ပိုမိုရေပေးဝေနိုင်ရေးအတွက် ငမိုးရိပ်ဆည်မှ သီးခြားပိုက်လိုင်းဖြင့် ဆည်ရေရယူနိုင်ရေးဆောင်ရွက်ရန်မှာကြားပြီး ကျွန်းကလေးကျေးရွာရှိ ဘားလား(၂) လျှပ်စစ်မြစ်ရေတင်စခန်း၌ ပင်မမြောင်းမှနွေစပါးအတွက် ရေပေးဝေနေမှုနှင့် ရေတင်စက်ရုံ၊ ဘားလားကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်ဧက ၅၀ စိုက်ပျိုးထားရှိမှု၊ တင်း ၈၀၀ ကျ စပါးအခြောက်ခံစက်၊ တောင်သူပညာပေးစံပြကွက်ဧက ၇၀ တွင် ပုလဲသွယ်စပ်မျိုးစပါးအားပျိုးဗန်းကိုအသုံးမပြုဘဲ ပလတ်စတစ်အခင်းဖြင့် ပျိုးထောင်မှုအဆင့်ဆင့် သရုပ်ပြသမှု၊ ပျိုးပင်များအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုနှင့် မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းနှင့် အမှတ်(၃) လမ်းဆုံအနီး၌ ရန်ကုန်မြို့ သောက်သုံးရေရရှိရေးအတွက် ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း(ဒုတိယအဆင့်) ၄၈ လက်မ (High Density Polyethlenc-HDPE) ပိုက်လိုင်းသွယ်တန်း တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း ဒုတိယအဆင့် ၄၈ လက်မ HDPE ပိုက်လိုင်းအား ညောင်နှစ်ပင်ရေသန့်စက်ရုံမှ ခရေပင်လမ်းဆုံအထိ ဆက်သွယ်ပြီးဖြစ်ကာ ခရေပင်လမ်းဆုံမှ မြောက်ဥက္ကလာပအဝိုင်းအထိ ပိုက်လိုင်းဆက်သွယ်ခြင်းကို ဆက်လက်ဆောင်ရွက်ပြီး မြောက်ဥက္ကလာပအဝိုင်းမှ ပါရမီလမ်းဆုံ၊ လေးထောင့်ကန် လမ်းဆုံနှင့် ကြက်ဘဲဈေးအထိ ဆက်လက်သွယ်တန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်ထီးလုပ်ငန်း တဖြည်းဖြည်းမှေးမှိန်လာ

သတင်း -တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင် (စက်မှုဆေးဝါး)

ပုသိမ် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့၏ အဓိကလူသိများ အကြိုက်များခဲ့သော ထုတ်ကုန်နှစ်မျိုးမှာ ပုသိမ်ဟာလဝါနှင့် ပုသိမ်ထီးပင် ဖြစ်ပါသည်။

ပုသိမ်ဟာလဝါမှာ ယနေ့အချိန်ထိ စားသုံးသူများ၏ လျှာဖျားဝယ် အရသာစွဲလျက်ရှိနေသည့်အတွက် ရောင်းဝယ်မှု ကျယ်ပြန့်တုန်းပင်ဖြစ်သည်။

ပုသိမ်ထီးမှာ ယခင်က တွင်ကျယ်မှုရှိခဲ့သော်လည်း ယခုအခါ တဖြည်းဖြည်းနှင့်ပျောက်ကွယ်လာပြီကို တွေ့မြင်လာရသည်။ ရွှေစာပုသိမ်ထီးလုပ်ငန်းပိုင်ရှင် ဦးမင်းနိုင်၏အဆိုအရ ပုသိမ်မြို့တွင် ပုသိမ်ထီးလုပ်ငန်းရှင်ခြောက်ဦး၊ ခုနစ်ဦးလောက်သာရှိတော့သည်ဟု ဆိုသည်။

စိုးရိမ်ရ

ဦးမင်းနိုင်က အခုလို မြန်မာ့ရိုးရာလက်မှုပညာတစ်ရပ်ဖြစ်တဲ့ ပုသိမ်ထီးလုပ်ငန်းကို မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားတွေက အလွန်သဘောကျ ကြတယ်ခင်ဗျ. .။ ဒါကို နိုင်ငံခြားဝင်ငွေ တစ်ရပ်ရရှိစေဖို့အတွက် မြန်မာမှုလက်ရာ ပုသိမ်ထီးလုပ်ကိုင်ပုံအဆင့်ဆင့်ကို ကဏ္ဍတစ်ရပ်အနေနဲ့ ပြသနိုင်ဖို့ စီစဉ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏများပြားနိုင်တာကြောင့် အကူအညီရဖို့တော့ လိုပါတယ်။ နောင်ရောင်းဝယ်မှု မတွင်ကျယ်လာရင်တော့ ဒီပုသိမ်ထီး မြန်မာမှုလက်မှုပညာဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားမှာ စိုးရိမ်ရပါတယ်” ဟု ဆိုပါသည်။

ယနေ့အခါ ပုသိမ်ထီးလုပ်ငန်းကို မိဘမျိုးရိုးစဉ်ဆက်ရှိသူများက ဆက်လက်ထိန်းသိမ်းလုပ်ကိုင်လျက်ရှိနေသေးကြောင်း သိရသည်။

“ချောင်းသာ၊ ငွေဆောင်သွား နိုင်ငံခြားသားဧည့်သည်တိုင်း အနည်းနှင့်အများဆိုသလို အမှတ်တရအဖြစ် ဝယ်သွားကြပါတယ်။ နိုင်ငံခြားကိုရောက်သွားရင် ထီးတစ်လက်က ယူရို ၈၀၀ ကနေ ၁၀၀၀ အထိ မြင့်တက်သွားကြပါတယ်” ဟု ၎င်းက ဆိုပါသည်။

ပုသိမ်ထီးကို အဓိကအားဖြင့် ပြည်တွင်းမှရသော “သရက္ခဝါး” ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အပေါ်အအုပ်ပိတ်သားကို ၁/၃၀ ပိတ်အထူ သို့မဟုတ် ကျိုင်းတုံ သို့မဟုတ် တံဆိပ်တက်ထွန်ပိတ်သားဖြင့် ချုပ်လုပ်ရသည်” ဟုသိရသည်။ ထိုပိတ်သားအပေါ်မှရေးဆွဲသူ၏ ဉာဏ်ကွန့်မြူးမှုအတိုင်း ဒီဇိုင်းအမျိုးမျိုး ရေးခြယ်ကြခြင်းဖြစ်သည်။

ပြည်တွင်းဈေးကွက်၌ ပုသိမ်ထီးတစ်လက်လျှင် ငွေကျပ် ၁၀၀၀ မှ ငွေကျပ် ၅၀၀၀၀ အထိဈေးရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာ-ဂျပန်စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ဂျပန်နိုင်ငံ၌ အကြီးဆုံးစီးပွားရေးအဖွဲ့ချုပ်တစ်ခုဖြစ်သော KEIDANREN (Japan Business Federation) တို့ ပူးပေါင်း၍ မြန်မာ - ဂျပန် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်လိုပါက အသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မူဆယ်မြို့နယ်တွင် ဇန်နဝါရီလ (၁)ရက်ကစပြီး ရောင်စုံသတင်းစာ ဖတ်နိုင်ပြီ

မူဆယ်မြို့နယ်တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ရောင်စုံသတင်းစာများအဖြစ် ဖြန့်ချိလျက်ရှိရာ သတင်းစာများအပေါ် ပြည်သူများ၏ ရင်တွင်းခံစားချက်များအား ဖော်ပြလိုက်ပါသည်-

ကြေးမုံနှင့် မြန်မာ့အလင်းကို ဇန်နဝါရီ ၁ ရက်ကစတင်ပြီး မူဆယ်မှာ ဖတ်ရတယ်။တရုတ်နိုင်ငံနဲ့ နယ်စပ်မြို့ချင်း ထိစပ်တဲ့မြို့ဆိုတော့ သတင်းစာနဲ့ပတ်သက်ပြီး ပိုပြီး ဂုဏ်ယူစရာတစ်ခုတိုးလာတာပေ့ါ။ ကဏ္ဍလည်းပိုစုံလာတယ်လေ။

ဦးသန်းဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

နိုင်ငံတော်ပိုင်ရောင်စုံ သတင်းစာဆိုတော့ မျက်စိပိုပြီးလင်းလက်လာသလိုပဲ ခံစားရတယ်။ အရင်တုန်းကထက်ပိုပြီး အရောင်အသွေးအပြင်အဆင်ပိုင်းအလွန်ကို တိုးတက်လာတယ်။ သတင်းဆောင်းပါးတင်မက အခန်းဆက်ဝတ္ထု ဖတ်ရတာနဲ့တင် ဖတ်ရတာတန်တယ်။ သတင်းလည်းပိုစုံလာတာပဲ။

ဦးအောင်သူ
မြို့နယ်မီးသတ်ဦးစီးမှူး

ကျွန်တော်က ဆိုင်ကယ်ပြင်ဆိုင်ဖွင့်ပါတယ်။ ကျွန်တော့်ဆိုင်မှာ မြန်မာသတင်းစာရောင်စုံလေးနဲ့ ဖတ်ရတာပိုပြီးဂုဏ်ရှိသလိုပဲ။ ကျွန်တော်ဖတ်ပြီး ဆိုင်ကယ်ပြင်လာကြတဲ့သူတွေဖတ်တယ်။အရေးအသားပြင်ဆင်တင်ဆက်ပုံက အရင်ကထက် အများကြီးဆွဲဆောင်မှုရှိတယ်။ ပြည်သူနဲ့နီးစပ်တဲ့ သတင်းစာဖြစ်

လာတယ်လို့ခံစားရတယ်။ ပွင့်ပွင့်လင်းလင်းတင်ပြပြီး ထိထိမိမိရှိလှတယ်။ ရောင်စုံကလေးနဲ့ ထုတ်ဝေလာတော့ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်တာပေ့ါ။ ဈေးတော့မတက်စေနဲ့နော် ဝယ်မဖတ်နိုင်တော့မှာစိုးလို့ ပြောတာပါ။

ဦးသန်းမင်းထွန်း
(ဆိုင်ကယ်ပြင်ဆရာ)

မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများဟာ အစဉ်အလာ ကြီးမားပြီး အမျိုးသားလက္ခဏာကောင်းခဲ့တဲ့ သတင်းစာများပါပဲ။ အခုလို ရောင်စုံသတင်းစာအဖြစ် ခံ့ခံ့ကြီး

ပြောင်းလဲ ထုတ်ဝေလိုက်တော့ ပိုကောင်း ပိုဖတ်လာတာပေ့ါ။ ယနေ့လူငယ်တွေကို ဆွဲဆောင်စေနိုင်တဲ့ အပြင်အဆင် ဒီဇိုင်းဆန်းတွေနဲ့ ထပ်ပြီးဆန်းသစ်စေချင်တယ်။ ယနေ့လူငယ်၊ နောင်ဝယ်လူကြီးတဲ့။ လူငယ်တွေကဖတ်မှ ကြိုက်မှ လာမယ့်နိုင်ငံအတွက် ရတနာစုဘူးလေးတွေ စုသလို အဖိုးတန်လာအောင် ရောင်စုံသတင်းစာကို အားကိုးစေချင်တယ်။

စိုင်းထွေးညွှန့်(ကုန်စုံဆိုင်)

ကျွန်တော်အရင်တုန်းကဖတ်တဲ့ သတင်းစာနဲ့ ဒီကနေ့ဖတ်ရတဲ့ ရောင်စုံသတင်းစာ(ကြေးမုံ)က အလွန်ကွာသွားပြီ။ ကျွန်တော့်လုပ်ငန်းအတွက် အများကြီးအသုံးဝင်တယ်။ ဒေသတွင်း သတင်း၊ လူနေမှု၊ စီးပွားရေးအကြောင်း ထည့်သွင်းဖော်ပြလာတယ်။ ပြည်သူ့ဝန်ဆောင်မှုအနေနဲ့ ထုတ်ဝေတဲ့ ပြည်သူ့သတင်းစာပဲပေ့ါ။ ဒီလိုစုံစုံလင်လင် ဖော်ပြထုတ်ဝေတဲ့

ရောင်စုံသတင်းစာကို အခုအသေးစိတ် ပိုဖတ်လာတယ်။ ထုတ်ဝေသူ၊ စီစဉ်သူများအားလုံးကို ကျေးဇူးတင်စကား ပြောချင်တယ်။

ဦးညီ (လုပ်ငန်းရှင်)
အိတ်(စ်)ပို့၊ အင်ပို့(အေးဂျင့်)

နယ်စပ်ဒေသဖြစ်တဲ့ မူဆယ်ဒေသမှာ အခုလို (မြန်မာ့အလင်း၊ ကြေးမုံ) ရောင်စုံသတင်းစာဖတ်ဖို့ ဖြန့်ဝေပေးတာကို အလွန်ကျေးဇူးတင်



ပါတယ်ဗျာ။ နယ်စပ်ဒေသဆိုတော့ ဂုဏ်ယူစရာလို့ခံယူတယ်။ ဒါပေမယ့် ကြော်ငြာများလွန်းသလားမသိဘူး။ သတင်းကဏ္ဍကိုလည်း စာမျက်နှာတိုးပေးစေချင်တယ်။ အခြားစာစောင်ဖတ်စရာ မလိုတော့လောက်အောင်ပေ့ါ။ ပြည်သူ့အသံကိုကြားရသလို ရေးသားလာတယ်။ နယ်သတင်းကိုလည်း စာမျက်နှာသီးသန့်ထည့်ပေးရင်ကောင်းမယ်။ ဝမ်းသာတယ်ဗျာ။ **ကိုမျိုးခိုင် (မူဆယ်)၊မထသ**

ကြေးမုံ၊ မြန်မာ့အလင်းရောင်စုံသတင်းစာဖတ်ရတာ ကျွန်မတို့အတွက်တော့ ဟင်းလေးအိုးကြီးတွေ့ရသလိုပါပဲ။ အရောင်အသွေးသာမက ကဏ္ဍလည်းစုံတယ်။ ပြည်တွင်းသတင်း တင်ဆက်ဖော်ပြပုံလည်း ဟိုးအရင်နဲ့မတူတော့ဘူး။ ဆွဲဆောင်မှုရှိလာတယ်။ Up to date သတင်းပဲ ဖော်ပြလာတယ်ဆိုတော့ ကျွန်မတို့အိမ်တွင်းမှုသက်မွေး ပညာသင်ကျောင်းအနေနဲ့ အားလုံးဖတ်ရအောင် ပြောထားတယ်။

ဒေါ်ခင်အေးမွန်
ဒုတိယကျောင်းအုပ်
(အိမ်တွင်းမှု)

ကျွန်မကတော့ မြန်မာ့အလင်းသတင်းစာကိုဖတ်တယ်။ ရောင်စုံလေးနဲ့ကိုင်ရတော့ ပိုပြီးစိတ်ဝင်စားစရာကောင်းတယ်။ ကျန်းမာရေးပညာပေးဆောင်းပါးတွေကို ဦးစားပေးဖတ်ပြီးတော့ ကမ္ဘာ့သတင်း၊ မြန်မာသတင်းဖတ်တယ်။ ကုန်ဈေးနှုန်း သတင်းလည်း ပါလာတယ်။ ပွင့်လင်းထင်သာစွာရေးသားဖော်ပြလာတဲ့ ရောင်စုံသတင်းစာကို ဆက်ပြီး ဖတ်သွားဦးမယ်။ ဈေးလည်း မတက်ဘူးနော်၊ သက်သာစွာနဲ့ သတင်းစာဖတ်ရလို့။ **ဒေါ်အင်ဒရာ**
သ/မဝန်ထမ်း(အငြိမ်းစား)

၂၀၁၃ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

လမ်းဘေးဈေးသည်များ လမ်းသွယ်များတွင် ရောင်းချခွင့်ပြုထား

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့တွင် လမ်းဘေးဈေးသည်များကို လမ်းသွယ်များတွင် ရောင်းချခွင့်ပြုထားပြီး လမ်းမများရှိ လူသွားစင်္ကြံ (ပလက်ဖောင်း)များတွင် ညနေ ၃ နာရီမှ ည ၈ နာရီအထိ အချိန်ကန့်သတ်ရောင်းချခွင့်ပြုထားရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအတွက် သက်ဆိုင်ရာမှ ဥပဒေအရ တရားဝင်ဆောင်ရွက်နေချိန်တွင် ကန့်သတ်ချိန်ထက် ကျော်လွန်၍ ဈေးရောင်းခြင်းများကို ဖေဖော်ဝါရီ လဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ လသာမြို့နယ်တွင် ညစဉ် စစ်ဆေးအရေးယူနေကြောင်း သို့ဖြစ်ရာ ည ၈ နာရီကျော်လွန်ပြီးချိန်တွင် လသာမြို့နယ်တွင်းရှိ မဟာဗန္ဓုလ လမ်းမအပိုင်းပေါ်တွင် ယာဉ်များ လွယ်ကူစွာ သွားလာနိုင်ကြောင်း ခရီးသည်တင်ယာဉ်လုပ်သားများနှင့်ခရီးသည်များက ဆိုပါသည်။

ဇန်နဝါရီလအတွင်းမှာပင် သက်ဆိုင်ရာက မြို့နယ်တွင်းအသိပေးကြေညာခြင်းများ ကြိုတင်ပြုလုပ်ထားပြီးနောက် ယခုကဲ့သို့ လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ည ၈ နာရီကျော်လျှင် လမ်းသွယ်များအတွင်း ပြောင်းရွှေ့ရောင်းချခြင်းဖြင့် အရောင်းအဝယ် မပျက်ကြောင်း၊ ယခင်က ပလက်ဖောင်းပေါ်တွင်သာမက ကားလမ်းမပေါ်အထိ ခုံခင်းရောင်းချခြင်း၊ စားသုံးသူများ၏ ကိုယ်ပိုင်ယာဉ်မျိုးစုံ လမ်းဘေးယာဉ်ကြောများတွင်သာမက လမ်းလယ်ကျွန်းမျဉ်းဝါကွက်ပေါ်ခွ၍ ရပ်တန့်ထားမှုကြောင့် ခရီးသည်တင်ယာဉ်များ အရှိန်လျှော့ မောင်းနှင်နေရကြောင်း၊ ယာဉ်ကြောတစ်ကြောစီသာ သွားလာ၍ရကြောင်း၊ အချို့သောယာဉ်လိုင်း၊ အချို့ကမ်းနားလမ်းဟောင်းမှတစ်ဆင့် ပြောင်းလဲမောင်းနှင်ခဲ့ရသည်ဟု ဆိုသည်။

လသာမြို့နယ်အတွင်း ကန့်သတ်ချိန်ကျော်လွန်၍ ရောင်းချခြင်းကို ကားလမ်းမကြီးများတွင် အရေးယူသကဲ့သို့ ကားလမ်းမပေါ်တွင် တက်ရောက်၍ ခုံခင်း၊ အမိုးမိုးဈေးရောင်းချမှုမျိုးကိုပါ အချိန်မရွေးစစ်ဆေးဖယ်ရှားပေးမှုမျိုးကို ရန်ကုန်မြို့နေရာအနှံ့ ဆောင်ရွက်ပေးခြင်းဖြင့် သက်ဆိုင်ရာမှ ယခုအခါ ဆောင်ရွက်နေသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အရှိန်အဟုန်မြှင့်တင်ရေး၊ ယာဉ်ပိတ်မှုလျှော့ပါးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်မည်ဟု ယာဉ်လုပ်သားများက ပြောကြားသည်။ **(ခင်ဆိုင်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

◆ *ရှေ့ဖုံးမှ*

များ၊ အဆောက်အအုံဟောင်း ဖျက်ဆီးရေးလုပ်ငန်းများ၊ မြေပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်နေရာ မကြာမီ တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်တော့မည်ဖြစ်သည်။

အဆိုပါ စီမံကိန်းသည် မြေအကျယ်အဝန်း ၁၈ ဒသမ ၁၃၁ဧကရှိပြီး ဟိုတယ်အခန်း ၄၁၄ ခန်း ပါဝင်မည်ဖြစ်သည်။ ထို့အပြင် Commercial Center၊ Office Building နှစ်လုံး၊ Service Aprtments လေးလုံး ပါဝင်ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

ဆက်လက်ပြောကြား

"မြန်မာနိုင်ငံရဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ အထောက်အကူပြုတဲ့ဟိုတယ်အခန်းတွေ ပြည့်စုံစေဖို့အတွက် တိုးမြှင့်ရင်းနှီးမြှုပ်နှံမှုတွေရရှိအောင် ကြိုးစားနေပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့် အစည်းအဝေးပွဲတွေနဲ့ ပြပွဲတွေကျင်းပနိုင်မယ့် အဆောက်အအုံတွေ ထပ်မံပေါ်ထွက်လာအောင်လည်း ကြိုးစားနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဟိုတယ် ၇၈၂ လုံးကျော်နှင့် အခန်းပေါင်း ၂၇၉၆၈ ကျော်ရှိနေသည်။ ယင်းတို့အနက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟိုတယ်နှင့် အဆင့်မြင့် ကာလရှည်တည်းခိုအိမ်ရာ ၂၁ လုံး၊ အခန်း ၃၇၇၀ ခန်းလည်း ပါဝင်နေသည်။ ယခု ဗီယက်နမ်နိုင်ငံမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအဖြစ် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်တွင် နိုင်ငံတကာအဆင့်မီဟိုတယ်၊ စီးပွားရေးဗဟိုဌာန၊ ရုံးခန်းနှင့် အဆင့်မြင့်လူနေအိမ်ခန်းများ ပါဝင်သည့် စီမံကိန်းကို ဗီယက်နမ်နိုင်ငံမှ Hoang Anh Construction & Development House Joint Stock Company မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် ရင်းနှီးမြှုပ်နှံပြီး တည်ဆောက်ရန်စတင်နေပြီ ဖြစ်သည်။

တာဝန်ယူတည်ဆောက်

လောလောဆယ်တွင် မြေကြီးပြုပြင်မှုလုပ်ငန်းများ ပြုလုပ်နေပြီး ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်မည်ဖြစ်သည်။ ယင်းစီမံကိန်း တည်ဆောက်မှုလုပ်ငန်းကို Hoang Anh Gia Lai Myanmar Co.,Ltd.(HAGL)မှ တာဝန်ယူတည်ဆောက်မည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ မလေးရှား စသည့်နိုင်ငံများမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း မကြာမီကာလအတွင်း ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

လေယာဉ်နှစ်စင်းအနက် ပထမတစ်စင်းဖြစ်ပြီး ATR Company ၏ CEO မှ အရှေ့တောင်အာရှဒေသတွင် ပထမဦးဆုံးဝယ်ယူခဲ့သည့် လေယာဉ်အမျိုးအစားဖြစ်ကြောင်း ပြောကြားခဲ့သည်။

AIR KBZ လေကြောင်းလိုင်းမှ လက်ရှိတွင် ATR 72-500 အမျိုးအစားလေယာဉ်လေးစင်းဖြင့် ရန်ကုန်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း၊ ကလေး၊ မြစ်ကြီးနား၊ သံတွဲနှင့် စစ်တွေမြို့များသို့ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး အသစ်ဝယ်ယူထားသော ATR 72-600 အမျိုးအစား လေယာဉ်သစ်နှစ်စင်း ထပ်မံရောက်ရှိလာပါက စုစုပေါင်းလေယာဉ် ခြောက်စင်းဖြင့် လက်ရှိပျံသန်းပြေးဆွဲလျက်ရှိသည့် မြို့ကြီးများအပြင် နေပြည်တော်၊ ဗန်းမော်၊ ပူတာအို၊ ကျောက်ဖြူ၊ မုံရွာနှင့် ဟုမ္မလင်းမြို့များသို့ တိုးချဲ့ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(စိုးညွှန့်)**

တောဆင်ရိုင်းတစ်ကောင်အား သတ်ဖြတ်သည့် ဆင်ပစ်မုဆိုးသုံးဦး ဖမ်းဆီးရမိ ထွက်ပြေးတိမ်းရှောင်နေသူများ ဖမ်းဆီးနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲ ဆင်မှုံကြိုးဝိုင်းအကွက်အမှတ် (၂)၌ တောဆင်ရိုင်းတစ်ကောင်အား သတ်ဖြတ်ခဲ့မှု ဖြစ်ပွားခဲ့ပြီး သတင်းကွင်းဆက် ဖော်ထုတ်ချက်များအရ ဆင်ပစ်မုဆိုးသုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ငပုတောမြို့နယ် သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက်တွင် ငရုတ်ကောင်း မြို့နယ်ခွဲ မင်းသားကြီးဒေသအထက် မိုးတိမ်မျှင် ကျေးရွာအုပ်စု ဆင်မှုံချောင်းဖျား ဆင်မှုံကြိုးဝိုင်းအကွက် အမှတ်(၂)သို့ သွားရောက်စစ်ဆေးရာ ခန့်မှန်းအသက် (၄၀-၅၀)နှစ် အကြား တောရိုင်းစွယ်စုံဆင် (အထီး) တစ်ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်စပ်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ခြောက်ဦးရှိပြီး ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ သိန်းစိုး (ဘ) ဦးမြသောင်း ဆင်ငံကျေးရွာ၊ ဖိုးဖြူ (ဘ) ဦးဖိုးသွယ် ဆင်မှုံကျေးရွာ၊ ငပိန် (ခ) ညိုအောင်(ဘ)ဦးဖြူလုံး သက္ကယ်ကွင်းရွာ ငရုတ်ကောင်းမြို့နယ်ခွဲတို့ သုံးဦးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

၎င်းတို့နှင့်အတူ လက်ကိုင်ရိုးမပါ ရဲတင်းတစ်လက်၊ ပလာယာ တစ်ခု၊ ဝက်အူလှည့်နှစ်ခု၊ သံမြှောင့်တံစဉ်နှစ်ခု၊ မြားခေါင်းပါမြားတံ (အဆိပ်လူးပြီး)တစ်ချောင်း၊ သံမြားခေါင်းသုံးခု၊ တူမီပိုက်လုံးခါးပတ်ကိုးခု၊ ရှစ်လုံးပြူး ယမ်းကတ်တစ်ထုပ်၊ ၁ ဒသမ ၅ လက်မတံခါးပတ္တာနှစ်ခု၊ တစ်လက်မ တံခါးပတ္တာနှစ်ခု၊ ပတ္တာဝက်အူဆယ်ခု၊ ယမ်းထောင်းတံ တစ်ချောင်း၊ ယမ်းဘူးတစ်ခု၊ ယမ်းမှုန့်ပါ ပလတ်စတစ်ဘူးငယ် တစ်ဘူး၊ ဘောစေ့တစ်လုံးပါ ပလတ်စတစ်ဘူးငယ်တစ်ဘူး၊ ကတ်ယမ်းမှုန့်ပါ ပလတ်စတစ် ဘူးငယ်တစ်ဘူး၊ ဘောစေ့ ၁၉ လုံးပါ ပလတ်စတစ်ဘူးငယ်တစ်ဘူး၊ အပ်ချည်တစ်လုံး၊ အဝါ ရောင်နှစ်လက်မ တိပ်တစ်ခု၊ ကတ် တစ်ထုပ်၊ ဝါဂွမ်းတစ်ထုပ်၊ ဂျင်ကလိ(သံချောင်းဖြင့် ပြုလုပ်ထားသည်) တစ်ချောင်း၊ ကန့်တစ်ထုပ်တို့ကို ဖမ်းဆီးရမိသည်။

ကျန်ရှိသည့်စံရှား(ခ) ဆန်းရှိန်(ဘ)ဦးသောင်းမြင့် ဆင်ငံကျေးရွာ၊ စန်ဂျာ(ဘ) ဦးမောင်လှ နံ့သာပုကျေးရွာ၊ နေဂျာ (ဘ) ဦးမောင်လှ နံ့သာပုကျေးရွာ ငရုတ်ကောင်းမြို့နယ်ခွဲတို့ သုံးဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း လက်ရှိဖမ်းဆီးရမိသည့် တရားခံသုံးဦးကို ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၅(က)နှင့် ၃၇ (က) အရ ကြိုတင်တရားစွဲခွင့်ပြုကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဘိုးဘွားအမွေအနှစ်များကို ချစ်မြတ်နိုးနိုင်ကြပါစေ

ရန်ကုန်မြို့တွင် မြန်မာသမီးပျိုများ၏ အပြင်အဆင်များကို နေ့စဉ်မြင်တွေ့ရသည်မှာ မျက်စိနှင့်တော့ တော်တော်လေးကို ဘဝင်မကျစရာများ တွေ့နေရသည်။ ယခုကဲ့သို့ ဝတ်စားဆင်ယင်မှုမျိုး မြင်တွေ့နေရသည်မှာ ကြာတော့ကြာခဲ့ပါပြီ။ မီဒီယာများတွင် ရေးနေကြသည်မှာလည်း ဒုနှင့်ဒေး ဖတ်နေရသည်။

မီဒီယာများက ယင်းသို့ ရေးသားအသိပေး၊ သတိပေးသည်ကို "ကလေးတွေမဖတ်မိကြလို့လား" ဟု သံသယဖြစ်မိသည်။ မဖတ်မိရင် ဖတ်မိကြအောင်၊ မသိကြရင် သိကြအောင်၊ မသိချင်ယောင်ဆောင်နေကြရင် ပေါ်ပေါ်ထင်ထင်သိသွားအောင် တာဝန်ရှိသူများက ထပ်ခါထပ်ခါဆောင်ရွက်ကြရန်လိုပေပြီ။ တာဝန်ရှိသူများက ဆောင်ရွက်ကြရန် လိုသလို ကာယကံရှင်နှင့် မိဘများကပါ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း ထင်မိပါသည်။ သမီးရှင်တစ်ဦးမို့ သမီးတို့ မဖွယ်မရာဝတ်စုံများဖြင့် လှနေသည်ကိုတော့ အမေတစ်ဦးအနေဖြင့် မနှစ်မြို့နိုင်။ အခမ်းအနားတော်တော်များများတွင် မြန်မာအမျိုးသမီးကြီးငယ်အချို့တို့ ရိုးရာချည်ထည်အမျိုးမျိုးကို ရင်ဖုံး၊ ရင်စေ့အစရှိသည်ဖြင့် ခေတ်မီ (ခေတ်လွန်ခြင်းမဟုတ်) ပုံစံအမျိုးမျိုးကို ပွဲတက်ဝတ်စုံအဖြစ် မြတ်မြတ်နိုးနိုး တန်ဖိုးထား၍ ဝတ်ဆင်ပွဲတက်နေကြသည်။

ဤသို့ဆိုလျှင်လည်း လှကြပါသည်။ ယနေ့သမီးငယ်တော်တော်များများ ဝတ်စားဆင်ယင်နေကြသလို ပေါ်မှဖော်မှ လှကြသည်မဟုတ်၊ ပေါ်ခြင်းဖော်ခြင်းသည် ခေတ်မီခြင်းမဟုတ်၊ ခေတ်လွန်ခြင်းသာ ဖြစ်သည်။ အမှန်တကယ်မြတ်နိုးတန်ဖိုးထားတတ်သူသည်လည်း ပေါ်ခြင်း၊ ဖော်ခြင်းကို အထင်ကြီးမည်မဟုတ်၊ နှစ်သက်မည်မဟုတ်၊ မြန်မာဆန်ဆန်အိနြ္ဒေရှိရှိဖြင့် လှပနေသူကိုသာလျှင် နှစ်သက်တန်ဖိုးထားပေလိမ့်မည်။

လူမျိုးအသီးသီးတွင် ရိုးရာဝတ်စုံဟူ၍ အသီးသီးရှိကြသည်။ အမြတ်တနိုးလည်း တန်ဖိုးထား၍ ဝတ်ကြသည်။ မိမိတို့မြန်မာမိန်းကလေးများရော မိမိတို့၏ ရိုးရာဝတ်စုံများကို တန်ဖိုးထား၍ ဝတ်ဆင်ရန် ဆင်ခြင်သင့်ကြပေပြီ။ မသင့်ကြပေဘူးလား။ ဝတ်စုံနှင့်ပတ်သက်၍ ပြောခဲ့သလို ဂီတနှင့်ပတ်သက်၍လည်း အနည်းငယ်တော့ ပြောချင်ပါသည်။ မြန်မာလူမျိုးများ (ကျား+ မ) မြန်မာဂီတကို နှစ်သက်စေချင်သည်။ အမြတ်တနိုး တန်ဖိုးထားကြစေချင်သည်။ နိုင်ငံတကာ ဂီတကိုမမြတ်နိုးရန်၊ မနှစ်သက်ရန်၊ မသုံးစွဲရန် ပြောခြင်းမဟုတ်၊ မည်သည့်ပညာရပ်မဆို တတ်မြောက်ထားလျှင် လိုအပ်သည့်အချိန်၌ ထုတ်ယူသုံးစွဲနိုင်ပေသည်။ သို့သော် မြန်မာ့ဂီတကိုတော့ မြန်မာလူမျိုးများ၊ အထူးသဖြင့် လူငယ်လူရွယ်များ စိမ်းနေသည်ဟုထင်မိသည်။

ယနေ့ သားငယ် သမီးငယ်များက မြန်မာသံကိုစိမ်းနေသည်။ ကြောက်နေကြသည်ကို တွေ့ကြရသည်။ မစိမ်းကြပါနှင့်၊ မကြောက်ကြပါနှင့်ဟု ဆိုချင်သည်။ မြန်မာ့ဂီတကို နက်နက်နဲနဲ ထဲထဲဝင်ဝင် လေ့လာကြည့်လျှင် အလွန်သိမ်မွေ့သော၊ နူးညံ့သော၊ ရသမျိုးစုံကို ပေးစွမ်းနိုင်သော ဂီတအဖြစ် ခံစားသိရှိနိုင်လိမ့်မည်။ ဝမ်းနည်းစရာသီချင်းဖြစ်လျှင်လည်း နားဆင်သူအားလုံး ဝမ်းနည်းရသည်။ ပျော်စရာသီချင်းသည် ထိထိရောက်ရောက်ပျော်ရွှင်ရသောရသကို ပေးစွမ်းသည်။ သီချင်းကောင်းတစ်ပုဒ်သည် နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲနိုင်သည်ကိုလည်း တွေ့ရသည်။ ယနေ့လူငယ်များ ခေတ်ပေါ်သီချင်းများအပေါ် စီးမျောကြရာတွင် မိမိတို့မြန်မာ့ဂီတ၊ မြန်မာ့အလှများကိုလည်း မမေ့မလျော့ လေ့လာဆည်းပူးကြရန်နှင့် နိုင်ငံတကာအလယ်တွင် မြန်မာ့ရိုးရာအမွေအနှစ်များအဖြစ် ရိုးရာဝတ်စုံနှင့် ရိုးရာဂီတကို ပြန်လည်ပုံဖော်ကြရင်းဖြင့်အနာဂတ်နိုင်ငံတော်ကို အကောင်းဆုံးပုံဖော်ကြပါစို့၊ ဘိုးဘွားအမွေအနှစ်များကို ချစ်ခင် မြတ်နိုးနိုင်ကြပါစေဟူ၍ ဆန္ဒပြုပါသည်။ **(မမနိုင်)**

သဃ်န်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက် ပိဋကတ်တိုက်ကျောင်းဆရာတော် တည်ထောင်ဖွင့်လှစ်သော ရောင်ခြည်သစ် ပညာဒါနတက္ကသိုလ်ဝင်ခွင့် အခမဲ့သင်တန်းကျောင်းကြီး၏ သာသနဓဇမွှောစရိယဘွဲ့တံဆိပ်တော်ရ အရှင်ဣန္ဒသိရီအား ဂုဏ်ပြုပူဇော်ပွဲနှင့် သောက်ရေသန့်စက်ရုံရေစက်ချပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ပိဋကတ်တိုက်ကျောင်းဆရာတော်နှင့် အလှူ့ရှင်များက ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ဝ၂၅)

အောင်ဘာလေထီလက်လီဈေးနှုန်းများ ပြန်လည်မြင့်တက်လာ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တစ်လတစ်ကြိမ် ရွေးချယ်ကံစမ်းနိုင်သည့် အောင်ဘာလေသိန်းဆုဌာနခွဲမှ (၂၈၉)ကြိမ်မြောက် ထီဖွင့်ပွဲအား ဖေဖော်ဝါရီ ၁ ရက်က ရွေးချယ်ပြီးဆုရရှိသည့် ပေါက်မဲနံပါတ်များအား ကြေညာခဲ့သည်။ ဆုရရှိသူများက ပြုံးပျော်ကြသကဲ့သို့ ထီကံစမ်းကြသူများကလည်း မိမိထီလက်မှတ်နံပါတ်ကို ထီပေါက်စဉ်များအတွင်း ရှာဖွေရင်းရင်ခုန်ခဲ့ကြရသည်။ ဒီလမပေါက်လည်း နောက် တစ်လပေါက်မည်လား မျှော်လင့်ချက် အပြည့်ဖြင့် ထီကံစမ်းကြပေလိမ့်ဦး မည်။ "ထီဈေးနှုန်းတွေ ပြန်တက်လာတာ နှစ်လရှိနေပြီဗျာ။ ကျွန်တော်တို့လို ဆိုင်ငယ်လေးတွေက မြို့လယ်ကောင်မှာရှိတဲ့ ထီကိုယ်စားလှယ်ကြီးတွေဆီ ကနေတစ်ဆင့် ပြန်ယူပြီး ရောင်းရတာ။ ရောင်းဈေးကတော့ တစ်စောင်ကိုငွေကျပ် ၃၅၀ နည်းနည်းမှတောင်လျှော့ရောင်း လို့မဖြစ်ဘူး။ အဲဒါမှပဲ ကျွန်တော်တို့အတွက် အမြတ်လေးကျန်မှာပါ" ဟု လက်တွန်းလှည်းထီဆိုင်ရှင်တစ်ဦးက ယနေ့အခြေအနေကို ညည်းပြသည်။ ဒီဇင်ဘာလအတွင်း ထီရောင်းအားများ မြင့်တက်လာခဲ့ပြီး လက်လီထီဈေးနှုန်းများမှာ တစ်စောင်လျှင် ငွေကျပ် ၃၈၀ မှ ငွေကျပ် ၄၀၀ အထိ မြင့်တက်ခဲ့သေးကြောင်း ယခုဇန်နဝါရီလရောင်းအားများလည်း ဆက်လက်မြင့်တက်နေပြီး ဈေးနှုန်းများအနေနှင့် ထီလက်မှတ်တစ်စောင်လျှင် လက်လီဈေးငွေကျပ် ၃၅၀ ခန့်ဖြင့် ရောင်းချကြောင်း ရန်ကုန်မြို့လယ် မဟာဗန္ဓုလလမ်းပေါ်ရှိ ထီဆိုင်ကြီးတစ်ဆိုင်မှ တာဝန်ရှိသူက ပြောပြသည်။

"အတွဲတွေ၊ စီးရီးတွေစသဖြင့် ထီလုပ်ငန်းက မလွယ်ဘူးလေ။ သူ့စနစ်အတိုင်းဖြစ်ဖို့အတွက် ကိုယ်စားလှယ်တွေဆီမှာ အများဆုံး ယူကြရတာ။ အောင်ဘာလေသိန်း ဆုဌာနခွဲကနေ ရောင်းပေးတဲ့ဈေးက ထီတစ်စောင်ကို ငွေကျပ် ၂၀၀ ဖြစ်နေပေမဲ့ တကယ်တမ်း ထီကိုယ်စားလှယ်တွေအနေနဲ့ ထီလက်မှတ်တစ်စောင်ကို အနည်းဆုံး ငွေကျပ် ၂၅၀ဝန်းကျင်နှုန်းနဲ့ ပြန်လည်ရောင်းချနေကြတာ ဖြစ်ပါတယ်။

"၂၀၁၂ ခုနှစ်ကုန်ခါနီး နောက်ဆုံးလလည်းဖြစ်တော့ ဇန်နဝါရီလ ၁ ရက်နေ့မှာ ဖွင့်ခဲ့တဲ့ (၂၈၈) ကြိမ်မှာဆိုရင် ထီရောင်းအားတွေ အများကြီးတက်ခဲ့ပြီး လက်ကားဈေးက ထီလက်မှတ်တစ်စောင်ကို ၂၈၅ ကျပ်အထိ ဈေးနှုန်းတွေ မြင့်တက်ခဲ့သေးတယ်။ ဒီလမှာလည်း ရောင်းအားအခြေအနေအရ လဆန်းရက်တွေမှာ ထီလက်မှတ်လက်ကားဈေးက တစ်စောင်ကို ၂၃၅ ကျပ်နဲ့ မြင့်တက်နေပြီး ဈေးကွက်အခြေအနေကိုတော့ ထပ်မံစောင့်ကြည့်ရဦးမယ်" ဟု ထီကိုယ်စားလှယ်ကြီးတစ်ဦးက ပြောပြသည်။ ထီဆိုင်များ အပြိုင်အဆိုင် ကံစမ်းမဲများပေးအပ်ခြင်း၊ အထူးဆုပေါက်သူများအား ထပ်ဆင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ခြင်းအား ရပ်နားထားခဲ့သည်မှာ တစ်နှစ်ကျော်ကာလကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အများပြည်သူများ ထီကံစမ်းနိုင်ရန် နိုင်ငံတော်မှ သတ်မှတ်သည့် ထီလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၂၀၀ ဈေးနှုန်းဖြင့် ထီကံမစမ်းနိုင်ကြရသည်ကို မေးမြန်းကြည့်ခဲ့ရာ "ဒါကတော့ သတ်မှတ်ပေးတဲ့ ဈေးဆိုတာထက် ကိုယ်စားလှယ်ဈေးနှုန်းကို ကြည့်ရမှာပဲလေ။ ဌာနအနေနဲ့ကလည်း အခွန်ရုံးအချို့မှာ ထီလက်မှတ်တစ်စောင် ငွေကျပ် ၂၀၀ နဲ့ ရောင်းချပေးတာပဲလေ။ ဒါပေမယ့် ထီဆိုင်တွေမှာက လိုချင်တဲ့နံပါတ်၊ အပူး၊ အတွဲ စတာတွေရွေးချယ်ဖို့ အဆင်ပြေနေတယ် ထင်ပါတယ်။ လက်ကားယူတဲ့ သူတွေအနေနဲ့ကလည်း ကိုယ်တတ်နိုင်တဲ့ ငွေကြေးပမာဏနဲ့ ထီကိုယ်စားလှယ်ယူဖို့ မလွယ်တာတစ်ကြောင်း၊ ရင်းနှီးမှု၊ ယုံကြည်စိတ်ချမှုတွေနဲ့ အကြွေးကျန်စနစ်တွေ အခြားအခွင့်အရေးအသေးစားလေးတွေ ရနေတာကတစ်ကြောင်း ထီကိုယ်စားလှယ်တွေဆီမှာ ယူနေကြတာလေ။ ကျွန်တော့် အမြင်ကို ပြောရရင်တော့ ထီဆိုင်ကြီးတွေ၊ ထီကိုယ်စားလှယ်ကြီးတွေအတွက် အခုအခြေအနေက ပိုကောင်းတယ်လေ။ အဝင်သာရှိပြီး ပြန်ပေးရတာမှမရှိတော့တာဘဲ။ ထီထိုးသူတွေအတွက်ကတော့ အရင် ထပ်ဆင့်ဂုဏ်ပြုဆုတွေ ပေးတုန်းကလည်း ဒီဈေးပဲ၊ အခုဘာအပိုဆုမှ မရတော့လည်း ဒီဈေးနဲ့ပဲကံစမ်းနေကြရတာဆိုတော့ ဘာမှမထူးဘူး။ ထီကျွမ်းကျင်သူအများစုက ခန့်မှန်းကြည့်ကြတာက ထီထိုးသူအတွက် ပိုအကျိုးရှိစေချင်ရင် ထီကိုယ်စားလှယ်တွေကို ဈေးနှုန်းကန့်သတ်နိုင်ဖို့အတွက် ကော်မရှင်စနစ်၊ ရာခိုင်နှုန်းစနစ်နဲ့ ရောင်းချပေးပြီး ဈေးနှုန်းကို ကန့်သတ်၍ ဈေးနှုန်းလည်းမြှင့်၊ အထူးဆုကြီးတန်ဖိုးလည်း မြှင့်နိုင်မယ်ဆိုရင် တော်တော်လေးပိုကောင်းလာနိုင်တယ်" ဟု ထီလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြသည်။ **(ခင်ရတနာ)**

ရှေးဦးသူနာပြုစုခြင်း လက်တွေ့သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း လက်တွေ့သရုပ်ပြနှစ်ရက် စာတွေ့၊ လက်တွေ့သင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ဥမ္မာမြင့်တို့က ရှောင်တခင်ဖြစ်ပေါ်တွေ့ရှိလာသော လူနာများအား ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ဘေးမှ ကယ်တင်နိုင်ရန် နည်းလမ်းများကို ရှင်းလင်းပြောကြားကာ အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် လက်တွေ့သရုပ်ပြသင်တန်းပို့ချသည်။**(အောက်ပုံ)**

သင်တန်းပို့ချ

မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အရပ်သူအရပ်သားသင်တန်းသား ၅၀ ကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး (ဒုတိယတန်း) ဦးကျော်ဇောတို့က ပရိုဂျက်တာဆလိုက်များဖြင့် ရှင်းပြကာ သင်ကြားရေးအထောက်အကူပစ္စည်းများဖြင့် စာတွေ့ လက်တွေ့ သင်တန်းပို့ချကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ခရီးသည်တင်မှန်လုံကား ဆိုင်ကယ်ကိုတိုက်မိ

ဝမ်းတွင်း ဖေဖော်ဝါရီ ၃

ဝမ်းတွင်းမြို့နယ် ရွှေတောင်ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း ကိုင်းရွာအနီးတွင် ဇန်နဝါရီ ၂၂ ရက် နံနက်က မန္တလေးမြို့နေ ယာဉ်မောင်း သန်းဌေးအောင် ၂၅ နှစ် မောင်းနှင်သည့် ၂ဂ/. . . ခရီးသည် မှန်လုံကားသည် မန္တလေးမှ နေပြည်တော်သို့ မောင်းလာစဉ် မိုင်တိုင်အမှတ် ၃၈၀ အရောက်တွင် ရှေ့မှ ဝမ်းတွင်းမြို့နယ် ရွာသစ်ရွာမှ ကိုဖိုးထူး (၄၇)နှစ်မောင်းနှင်သည့် ၂၁ယ/. . . ဖီလင် ၁၁၀ ဆိုင်ကယ်ပေါ်တွင် နောက်မှ ဦးစိုးဦး (၄၉)နှစ်တို့စီးလာသည့် ဆိုင်ကယ်အား လမ်းဝဲဘက်အကွေ့တွင် ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်စီးသူကိုဖိုးထူးနှင့် ကိုစိုးဦးတို့မှာ ဒဏ်ရာများရရှိသွား၍ ကျောက်ဆည်ဆေးရုံသို့ တင်ပို့ထားရသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ရွှေတောင်ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(ဝင်းလှိုင်)**



ဘဝတစ်ကွေ့ အတွေ့အကြုံ

တန်ဖိုးသိမှ အဖိုးတန်

တင်မောင်သန်း-(NLM)

မိသားစုတိုင်းသည် မိမိတို့၏ တန်ဖိုးကို နားလည်ရန်လိုအပ်လှပါသည်။ ကိုယ့်မိသားစုကို တန်ဖိုးထားတတ်မှသာ မေတ္တာတရားဖြင့်လွှမ်းခြုံဖွဲ့စည်းထားသော နွေးထွေးခိုင်မာသည့် လူ့အသိုင်းအဝိုင်းလေး တစ်ခုကို ဖန်တီးနိုင်မှာဖြစ်သည်။ ထိုသို့ ဖန်တီးနိုင်မှာသာ မိသားစုဝင် အချင်းချင်း ပိုမိုနားလည်၍ ကူညီနိုင်မည်ဖြစ်ပါသည်။ ယင်းသည် နှောင်းခေတ်လူသားတို့မှစ၍ ယနေ့ခေတ်တိုင် လက်ဆင့်ကမ်းပေးခဲ့သော မိသားစုတို့၏ ရိုးရာဓလေ့ သို့မဟုတ် တန်ဖိုးထားတတ်မှုလေးပင် ဖြစ်သည်။

သာမန်အားဖြင့် မိသားစုများသည် တစ်ဦးကိုတစ်ဦး အချိန်အများအပြား ပေးနိုင်စွမ်းမရှိတတ်ကြပါ။ အဖေနှင့်အမေက မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရှာရန် မိုးလင်းမှမိုးချုပ် ကြိုးစားနေချိန်တွင် သားသမီးများကလည်း ဘဝရှေ့ရေးအတွက် ပညာရှာမှီးရင်း အချိန်ကုန်နေကြရတတ်ပါသည်။ ယင်းကြောင့် တစ်ခါတစ်ရံမျိုးတွင် နွေးထွေးခိုင်မာသော မိသားစုလေး၏ တန်ဖိုးများကို မေ့လျော့နေနိုင်ပါသည်။

တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုနည်းပါးလာသည်နှင့်အမျှ နားလည်မှုလေးများလည်း လွဲမှားလာနိုင်ပါသည်။ အချိန်ကြာမေ့လျော့ခြင်းခံထားကြရသည့် နွေးထွေးမှုလေးများသည်လည်း အချိန်နှင့်အမျှ အေးခဲသွားပြီး ခိုင်မာမှု၏ ဝက်အူများလည်း လျော့ကျသွားနိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် သေးငယ်သော ကိစ္စရပ်လေးများသည် ကြီးမားသောပြဿနာကြီးများ ဖြစ်လာပြီး နောက်ဆုံးတွင် ထိန်းမနိုင်သိမ်းမရအခြေအနေမျိုးသို့ ဆိုက်ရောက်တတ်ပါသည်။

ထို့ကြောင့် မိသားစုတန်ဖိုးများကို မျက်ခြည်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားသင့်ပါသည်။ သို့ရာတွင် မည်သို့မည်ပုံ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဆိုသည်မှာ မေးခွန်းတစ်ရပ်ပင်ဖြစ်သည်။ မေးခွန်းတိုင်းတွင် အဖြေရှိကြပါသည်။ မည်သို့ပင် အလုပ်များစေကာမူ နံနက်စာနှင့် ညစာစားချိန်များတွင် မိသားစုအားလုံး စုံစုံညီညီတွေ့ရှိနိုင်ရန် အခွင့်အရေးရှိနိုင်ပါသည်။

တစ်ခါတစ်ရံတွင် လူမှုရေး၊ ဘာသာရေးပွဲလေးများ ပြုလုပ်ပေးခြင်းသည်လည်း ဆုံစည်းရန် အခွင့်အရေးမျိုးကို ဖန်တီးပေးနိုင်ပါသည်။ အပန်းဖြေခရီးမျိုး ထွက်ပေးခြင်းသည်လည်း ကောင်းမွန်သော အစီအစဉ်မျိုးပင်ဖြစ်ပါသည်။

မိသားစုတစ်ခုအတွင်း လိုအပ်သည်မှာ ရိုးသားပွင့်လင်းမှုပင်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အတတ်နိုင်ဆုံးရိုးသားပွင့်လင်းကြရမည်ဖြစ်သည်။ ရိုးသားပွင့်လင်းမှသာ အမှန်တရားကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အမှန်ကိုသိမှ အမှားကို ရှာတွေ့နိုင်မည်။ အမှားမြင်မှ ပြဿနာ၏အစကို ရှာတွေ့နိုင်မည်။ ယင်းသို့ဆိုလျှင် ပြဿနာကို အရင်းမှစ၍ လှန်ပစ်နိုင်မည် ဖြစ်သည်။ ပြဿနာနည်းလေ ပျော်ရွှင်ချမ်းမြေ့ဖွယ် ပိုကောင်းလေဖြစ်သည်။

ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းသော မိသားစုမျိုးတွင်သာ နွေးထွေးခိုင်မာမှုများ ပိုမိုအားကောင်းနိုင်မည်ဖြစ်သည်။ ထို့အပြင် ကောင်းမွန်သော အတွေးအမြင်နှင့် ဆန္ဒများလည်း ပေါက်ပွားရှင်သန်နိုင်မည်ဖြစ်သည်။

ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုအတွက်အဖေနှင့်အမေသည် အရေးပါဆုံးဖြစ်ပါသည်။ အဆင်မပြေသော မိသားစုများသည် သားသမီးများကို လမ်းလွဲသို့ရောက်သွားစေနိုင်သကဲ့သို့ မလိုအပ်သော အားငယ်စိတ်မျိုးများလည်း ပေါက်ပွားလာစေနိုင်ပါသည်။ အမိနှင့်အဖတို့၏ လမ်းပြပဲ့ကိုင်မှုကောင်းမှသာ နွေးထွေးခိုင်မာသည့် မိသားစု၏ တန်ဖိုးများလည်း ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။ နွေးထွေးခိုင်မာသည့် မိသားစုအတွက် မိဘနှစ်ပါး၏ တစ်ဦးပေါ်တစ်ဦးသစ္စာစောင့်သိမှု၊ နားလည်ပေးနိုင်မှု၊ ခွင့်လွှတ်နိုင်မှု အစရှိသည်တို့သည် အရေးပါလှပါသည်။ သို့မှသာ သားသမီးများသည် ကောင်းမွေကိုဆက်ခံ၍ အနာဂတ်၏ လူတော်လူ ကောင်းလေးများ ဖြစ်လာနိုင်ကြမည်။ မိသားစုတန်ဖိုးသည် သားသမီးများ၏ ထွန်းပေါက်အောင်မြင်မှုနှင့် လူ့အဖွဲ့အစည်းအပေါ်တွင် အကျိုးပြုနိုင်မှုတို့ အပေါ်တွင် မူတည်နေသည်ဟုလည်း ကောက်ချက်ဆွဲ၍ ရပါသည်။ ယင်းသို့ဖြစ်ရာ မိသားစုတိုင်းသည် မိမိတို့၏တန်ဖိုးကိုသိရှိရန် လိုအပ်ပါသည်။ တန်ဖိုးသိမှ တန်ဖိုးကို မြှင့်တင်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် တန်ဖိုးသိမှ တန်ဖိုးရှိမည်ဖြစ်သည်။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေး ပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၃

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများအသုံးပြုမှုလက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပုတ္တကျေးရွာအုပ်စု သစ်စုကျေးရွာကွင်းအမှတ်(၇၀၅) ဦးပိုင်(၂၇)လယ်သမားကြီး ဦးမြင့်ဆွေပိုင် လယ်ယာမြေ ၁၈ ဧကတွင် လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး စက်ကြီးဖြင့် မဆောင်ရွက်နိုင်သော မြေများအား စက်ကလေးများဖြင့် လုပ်ငန်းခွင် ဆောင်ရွက်နိုင်ရေးများကို လက်တွေ့ ကွင်းဆင်းပြသသည်။

ယင်း စက်ကိရိယာအသုံးပြုမှုပြသပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုကို၊ မြောက်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးနိုင်မင်းသူနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးထွန်းထွန်းဦးတို့က တက်ရောက်လာကြသော တောင်သူ ၁၅၀ ကျော်တို့အား အသိပညာပေး ဆွေးနွေးဟောပြောခြင်း၊ စက်ကိရိယာ အသုံးပြုပုံများ၊ လက်တွေ့သရုပ်ပြခြင်းများကို ပြုလုပ်ပြသခဲ့သည်။

(အောက်ပုံ) (ခေတ်လူ)

နေပြည်တော်နှင့်နိုင်ငံအဝန်း ခွေးရူးရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုအရ ခွေးလေ ခွေးလွင့်များ ရှင်းလင်းပေးစေလို

မြန်မာနိုင်ငံတွင် လက်ပံပွင့်များ ပင်လုံးကျွတ် ရဲရဲနီအောင်ပွင့်သည့် တပို့တွဲ၊ တပေါင်းလများ၌ခွေးရူးရောဂါ အဖြစ်များကြောင်း တွေ့ရသည်။ ယခုအခါ နေပြည်တော်ဝန်ထမ်း ရပ်ကွက်များ၌ တစ်နှစ်ထက် တစ်နှစ် ခွေးလေခွေးလွင့်များ များပြားလာပြီးလမ်းသွားလမ်းလာကလေး၊ လူကြီးများအတွက် အန္တရာယ်ရှိနေသည်။ အချို့ ဈေးသွားဈေးပြန်များ၏ ဈေးခြင်းတောင်းကို ဝိုင်းအုံ ဝင်လုဆွဲပြေးကြသည်။

ယင်းခွေးများသည် အုပ်စုဖွဲ့၍ သောင်းကျန်းနေသည်မှာ ကားနှင့် ဆိုင်ကယ်များကို တွေ့ရင်လည်း မရှောင်တော့ပါသဖြင့် ယာဉ်မတော်တဆမှုများ တွေ့ကြုံနေရပြီး အချို့ဆိုင်ကယ်စီးသူကို အုပ်စုလိုက်ပြေးလိုက်၍ ကိုက်ခံရကြောင်းလည်းသိရသည်။ သာမန်ခွေးကိုက်ခံရပါက BPI က ထုတ်လုပ်သည့် ခွေးရူးကာကွယ်ဆေးကို ၁၄ လုံး ထိုးရသည်ဆို၏။

ခွေးရူးကိုက်ခံရပါက အဆိပါကာကွယ်ဆေးထိုးရုံနှင့် မရကြောင်း၊ ငွေကျပ် သုံးလေးသိန်းရှိသည့် Immune Globulin ဆေးထိုးရကြောင်း၊ ဤသည်ပင်လျှင် စိတ်မချရကြောင်း၊ ခွေးရူး ပြန်ဝေဒနာရှင်သည် ကိုယ်လက်နှင့်အကြောများသေသွားခြင်း၊ ယင်းနောက် အသက်ရှူရပ်ကာ သတိလစ်၍ သေသည်ဟု သိရသည်။ သို့ပါ၍ ခွေးရူးရောဂါကြိုတင်ကာကွယ်မှုအနေဖြင့် နေပြည်တော်နှင့်နိုင်ငံအဝန်းရှိ ခွေးလေခွေးလွင့်များကို အမြန်ဆုံး ရှင်းလင်းပေးပါရန်နှင့် ကျန်းမာရေးဌာနများ၊ တာဝန်ရှိသူများက ခွေးရူးရောဂါပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေး စေလိုပါကြောင်း။

မောင်မောင်သန်း(ကော့မှူး)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

အားကစားသတင်း

IBTC Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ IBTC Group of Companies က အဓိကကူညီပံ့ပိုးသည့် (Myanmar Golf Tour-2013) IBTC Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည်။ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ မြန်မာပီဂျီအေ ဒုတိယ ဥက္ကဋ္ဌ ဦးကိုကိုလေးက နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က စုစုပေါင်း ရိုက်ချက်(၂၈၇) ချက်ဖြင့် အပျော်တမ်းအဆင့်တွင် ပထမရရှိသော ဇင်မင်းသူ၊ စုစုပေါင်း ရိုက်ချက် (၂၈၇)ချက်ဖြင့် ဒုတိယ ရရှိသော မျိုးဝင်းအောင်နှင့် စုစုပေါင်း ရိုက်ချက်(၂၈၇)ချက်ဖြင့် တတိယရရှိသော ရဲထက်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဇင်မင်းသူနှင့် မျိုးဝင်းအောင်တို့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ (၂၈၇) ချက်စီရိုက်ချက်တူညီနေ၍ (Sudden Death)ဖြင့် ဆုံးဖြတ်ရာတွင် ဇင်မင်းသူက အနိုင်ရရှိသွားခြင်း ဖြစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Professional Golfers အဆင့်ပြိုင်ပွဲတွင် လေးရက်ပေါင်း ကိုးချက်လျှော့ရိုက်ပြီး စုစုပေါင်း (၂၇၉) ချက်ဖြင့် ပထမ ရရှိသော ရန်မျိုးအေး (RMGCC)၊ လေးရက်ပေါင်း ခုနစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ပြီး(၂၈၁) ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်(Srixon)နှင့် လေးရက်ပေါင်း ခြောက်ချက်လျှော့ရိုက်ပြီး စုစုပေါင်း ရိုက်ချက်(၂၈၂)ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon)တို့အား ဆုများကိုချီးမြှင့်သည်။ ထို့နောက်IBTC Group of Companies မှ Executive Director ဦးတင့်ဦးကProfessional Golfers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော ရန်မျိုးအေး(RMGCC) အား ဆုကြေးငွေကျပ်သိန်း ၃၀ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး Royal Mingalardon Golf & Country Club ကိုအမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ ဂေါက်ကွင်းမှ ဦးဆန်းထွန်း (Golf Director) က လက်ခံကြောင်း သိရှိရသည်။ **(မောင်ကျော်)**

ဂါနာအကြိုဗိုလ်လုပွဲ တက်ပြီ

ဂါနာဘောလုံးအသင်းသည် ကိတ်ဗာဒီအသင်းနှင့် အာဖရိက နိုင်ငံများ ဖလားကစားခဲ့ရာ ဂါနာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီးအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။ ဂါနာအသင်းအတွက် ဝါကာဘိုက အငြင်းပွားဖွယ် ပယ်နယ်တီနှင့်လေလွင့်ချိန်ဂိုးတို့ သွင်းယူပေးခဲ့သည်။ ကိတ်ဗာဒီ အသင်းသည် ချေပဂိုးများသွင်းရန် တန်ပြန်တိုက်စစ်ကစားခဲ့သော်လည်း ဂါနာဂိုးသမား ဖာတုဒေါ်ဒါက ဗလာတီနီနှင့် ဟဲဒွန်းတို့၏ အပိုင်ကန်သွင်းဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်တို့ ရှုံးပွဲကြုံ

စပိန်လာလီဂါပွဲစဉ်များကို ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်မှ စီရိုနယ်ဒို၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသည့် ဂိုးဖြင့် ဂရာနာဒါအသင်း အနိုင်ရရှိသွားခဲ့သည်။ ဂရာနာဒါအသင်းသည် ယင်းပွဲ အနိုင်ရရှိလိုက်သဖြင့် တန်းဆင်းဇုန်အထက် နှစ်မှတ် အသာရရှိပြီး တက်ရောက်လာသည်။ ဂီတာဖေးက ဒီပို့တီဗိုကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ၁၀ ပွဲတွင် ပထမဆုံး အနိုင်ရရှိခဲ့သည်။ အိုဆာဆူနာက ဆဲလ်တာဗီဂိုကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး တန်းဆင်းဇုန်မှ လွတ်မြောက်လာသည်။

မာလီအကြိုဗိုလ်လုပွဲ တက်

မာလီအသင်းသည် အိမ်ရှင် တောင်အာဖရိကအသင်းကို ပယ်နယ်တီများဖြင့်နိုင်ပြီး အာဖရိကနိုင်ငံများဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းတို့သည် ပုံမှန်ကစားချိန်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီကန်သွင်းရာ မာလီက ပယ်နယ်တီ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။

ကောင်းမြတ်သူ - စုစည်းသည်

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅	အတီးပြိုင်ပွဲ
၈း၂၅	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	ရုပ်မြင်သံကြားအဖွင့်တေး
၄း၀၅	အကပဒေသာ
၄း၁၀	တေးဂီတအစီအစဉ်
၄း၂၀	၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ ဘာသာရပ်)
၄း၅၀	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၆း၀၀	ညနေခင်းသတင်း
၆း၂၀	SEA Games လှုံ့ဆော်ရေး ဇာတ်လမ်း **ဂျော်နီလမ်းလျှောက်** (မိုးမိုး၊ ဖူးစုံ၊ ဧကရီမျှးပိုင်၊ သဇင်ထွန်း) (ဒါရိုက်တာ- မောင်မျိုးမင်း(ရင်တွင်းဖြစ်)
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (ဒုတိယတွဲ) (အပိုင်း-၁၈)
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	Huawel's Globalized Process
၁၀း၀၀	ပြည်တွင်းသတင်း

ဖွဲ့စည်း တာဝန်ပေးအပ်

နောင်ချို ဖေဖော်ဝါရီ ၃

နောင်ချိုမြို့နယ်အဆင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကော်မတီအား ဖွဲ့စည်းရာ ဦးမိုးထက် မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အဖွဲ့ဝင်များဖြစ်သည့် မြို့နယ်တရားသူကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမျိုးသမီးရေးရာ ကော်မတီအဖွဲ့၊ မြို့နယ် ဥပဒေအရာရှိစသည့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူ ၁၄ ဦး ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် ဦးဆန်းမင်းထွန်းတို့ကို တာဝန်ပေးအပ်လိုက်ကြပြီး မြို့နယ်ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ကြမည်ဟု သိရှိရသည်။ **(ဝ၆၁)**

(၁၇)ကြိမ်မြောက် တရားစခန်းပွဲ ဖိတ်ကြားလွှာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရာဇဌာနီလမ်းမအနီး လက်လုပ်တောင်တောရကျောင်းတွင် မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ ဩဝါဒခံ-ဗုဒ္ဓေါရသ-အရှင်ဣန္ဒာစရိယ ဗောဓိရိပ်ငြိမ်ဆရာတော်မှ ဗုဒ္ဓနည်းကျ၊ ဝိပဿနာ တရားစခန်းပွဲကို (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၂ရက်) ၁၂-၂-၂၀၁၃ရက်မှ (တပို့တွဲလပြည့်နေ့) ၂၅-၂-၂၀၁၃ရက်အထိ တရားပြသပေးပါမည်။

ဆက်သွယ်ရန်-

ဦးခေမာစာရ	ဖုန်း-၀၉-၄၉၂၀၃၃၇၃
ဦးတင်အေး	ဖုန်း-၀၉-၄၉၂၇၄၂၀၂
ဦးထွေးမောင်	ဖုန်း-၀၉-၄၂၀၇၅၀၇၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ ကွင်းအမှတ် ၅၂၉-စီ၊ ဂုံညှင်းနီတော အရှေ့ကွင်းရပ်ကွက်၊ ဦးပိုင်အမှတ် ၂၁ရှိ မြေကွက်အမှတ် ၁၈၊ အလျား (၉၅ပေ×၈၉ပေ) အနံ (၁၂၄ပေ×၅၂ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေခွန်ပြေစာ ဦးသာအေး ပိုင်ဆိုင်သောမြေကွက်အား ၁၉၈၆ခုနှစ် ဇွန် ၇ရက် နေ့စွဲဖြင့် အရပ်ကတိစာချုပ်အရ (၁)ဒေါ်တင်လှိုင် PDE-၁၈၁၅၃၆၊ (၂)ဒေါ်တင်တင်ရီ TGN-၀၈၆၃၈၃၊ (၃)ဒေါ်ယုကြည် PDE-၀၉၇၃၄၈ တို့မှ ပိုင်ဆိုင်သည်ဟု ထုတ်ဖော်ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အထက်ပါမြေကွက်၊ အကျိုးခံစားခွင့်နှင့် အရောင်းအဝယ်ကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇော်မျိုးဦး ၁၂/တမန(နိုင်)၀၉၃၀၀၀

ဖုန်း-၀၁-၅၄၈၈၃၃၊ ၀၉-၅၀၂၉၅၆၆၊ ၀၉-၄၃၀၂၃၂၈၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇတောင်(၁၈)၊ မြေကွက်အမှတ် ၄၀၅၊ အကျယ်အဝန်း (၃၉ဒသမ၆ပေ×ပေ၆၀)ရှိ နှစ်၆၀မြေငှားဂရန် မြေကွက်နှင့် နေအိမ်အပါအဝင် ရေ+မီး၊ မီးမီတာ တစ်လုံး၊ အဝီစိတွင်းရေ၊ ရေမော်တာ၊ ရေစုပ်စက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ခင်မူ ၁၂/သဃက(နိုင်)၀၁၆၁၇၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၆၅၄)
အမှတ် -၈၅(မြေညီထပ်)၊ ၃၇လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

တင်ဒါခေါ်ယူခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) ပရဝဏ်အတွင်းရှိ ရေကန်တွင် ကျောင်းသား ကျောင်းသူ အပန်းဖြေနားနေဆောင်နှင့် စားသောက်ဆိုင်လုပ်ငန်းအတွက် အဆောက်အအုံဆောက်လုပ်လိုသူများထံမှ တင်ဒါခေါ်ယူလိုပါသည်။ ဆောက်လုပ်လိုသော အဆောက်အအုံပုံစံကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ တက္ကသိုလ်တင်ဒါ ရွေးချယ်ရေးအဖွဲ့သို့ ၈-၂-၂၀၁၃ရက် နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဒုတိယပါမောက္ခချုပ်(စီမံ) ဖုန်း-၀၆၇-၄၁၆၅၂၆ထံတွင် မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်ကောင်စီနယ်မြေ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်တော်၏သား မောင်ဖြိုးမင်းသန့် ၁၂/ဒလန(နိုင်)၀၄၅၁၃၀ သည် မိဘများ၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဦးခင်မောင်တင်
၁၂/ဒလန(နိုင်)၀၀၆၄၅၃
အမှတ် ၂၉၊ ခေတ္တာလမ်း၊ မြို့သစ်၊ သမ္မတကမ်းခြေ၊ ဒလမြို့

အင်းခွေးကြိုက်သူများအတွက်

ရက် ၅၀ သား၊ ကာကွယ်ဆေးထိုးပြီး၊ မျိုးသန့်အင်းခွေးများ ရောင်းမည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၉၃၁၅၂၈၈

Greatdane ခွေးရောင်းမည်

ကာကွယ်ဆေးထိုးပြီး၊ Greatdane သားပေါက်များရောင်းရန်ရှိသည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၁၈၄၅၂

မန်ယူနဲ့အာဆင်နယ်တို့ နိုင်ပွဲရပြီး ချယ်လ်ဆီးတို့ ရှုံးပွဲကြုံခဲ့တဲ့ ပွဲစဉ် (၂၅)

ပရီမီယာလိဂ်ပွဲစဉ်(၂၅)အဖြစ် ဖေဖော်ဝါရီ ၂ ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ချယ်လ်ဆီးတို့အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့ပေမယ့် အာဆင်နယ်တို့က အိမ်ကွင်းတွင် ကံကောင်းစွာ အနိုင်ရယူခဲ့တာမို့ အာစင်ဝင်းဂါး စိတ်သက်သာရာရခဲ့ပါတယ်။ ချယ်လ်ဆီးတို့ နယူးကာဆယ်ကွင်းမှာ ချေမှုန်းခံခဲ့ရတာကြောင့် နည်းပြဘင်နီတက်ဇ်အနေနဲ့ ရာသီကုန်မှာ ထွက်ခွာရဖို့ သေချာမှုတွေ ဆင့်ကဲဖြစ်စေခဲ့ပါတယ်။ မန်ယူတို့ကတော့ အဝေးကွင်းမှာ ရွှန်းနေရဲ့နောက်ကျဂိုးနဲ့ နိုင်ပွဲဆက်နိုင်ခဲ့ပါတယ်။

နယူးကာဆယ် ၃-၂ ချယ်လ်ဆီး

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ချယ်လ်ဆီးဟာ အိမ်ရှင်တို့ရဲ့ တည်တည်ငြိမ်ငြိမ်ကစားခဲ့မှုကြောင့် ဂိုးသွင်းနိုင်ဖို့ အဟန့်အတားတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ တိုက်စစ်မှာ ဒမ်ဘာဘာကို ထုတ်သုံးခဲ့ပြီးတယ်ရီ၊ မာတာ၊ အော်စကာတို့နဲ့ စုဖွဲ့ကစားပေမယ့် ပွဲချိန် ၄၁ မိနစ်မှာနယူးကာဆယ်အတွက် ဆန်တန်ရဲ့ ဂိုးရှေ့ဖြတ်ဘောကို ဂူတီယာရက်စ်က ခေါင်းတိုက်သွင်းယူခဲ့လို့ အိမ်ရှင်တို့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။ ပထမပိုင်းပွဲချိန်ပြီးတဲ့အထိ ချယ်လ်ဆီးတို့ ချေပဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲချိန် ၅၅ မိနစ်မှာ လမ်းပတ်ကအဝေးက ကန်သွင်းယူခဲ့တာမို့ ချေပဂိုးရရှိခဲ့ပါတယ်။ ဒါ့အပြင် ၆၁ မိနစ်မှာ မာတာက ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြန်ပါတယ်။ ဒါပေမယ့် နယူးကာဆယ်ရဲ့ ဆစ်ဆိုကိုက ပွဲချိန် ၆၈ မိနစ်မှာ ဂိုးဧရိယာအတွင်းက အနီးကပ်ကန်သွင်းယူခဲ့တာမို့ နယူးကာဆယ်တို့ ချေပဂိုး ပြန်လည်ရရှိသွားခဲ့ပါတယ်။ ချယ်လ်ဆီးဟာ နောက်ပိုင်းမှာ ကစားအားကျသွားခဲ့ပြီး ပွဲချိန်မိနစ် ၉၀ မှာ ဆစ်ဆိုကိုက နယူးကာဆယ်အတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ပွဲအပြီးမှာ ချယ်လ်ဆီးတို့ နှစ်ဂိုး-သုံးဂိုးနဲ့ ရှုံးပြီး ရေတိမ်နစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ အခုပွဲရှုံးခဲ့လို့တန်းစီဇယားတတိယနေရာမှာ ရှိနေဆဲဖြစ်ပါတယ်။

အာဆင်နယ် ၁-၀ စတုတ်

အိမ်ကွင်းမှာ ကစားရပေမယ့် အာဆင်နယ်တို့ ခြေကုန်လက်ပန်းကျအောင် ယှဉ်ပြိုင်ခဲ့ရပါတယ်။ အာဆင်နယ်တို့ အဖွင့်ဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့ပြီး စတုတ်ဂိုးဧရိယာအတွင်းမှာ အပိုင်ကန်သွင်းခွင့်တွေ ဖန်တီးနိုင်ခဲ့ပေမယ့် စတုတ်ခံစစ်မှူးတွေနဲ့ ဂိုးသမားက ကာကွယ်ခဲ့တာမို့ အရာမထင်ဖြစ်ခဲ့ပါတယ်။ ပထမပိုင်းမှာ နေရာမျိုးစုံက အာဆင်နယ်တို့ ထိုးဖောက်မှုကို စတုတ်တို့က ဂိုးမပေးရအောင် ဟန့်တားထားနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန်အတွင်းမှာလည်း အာဆင်နယ်တို့ ခြေကုန်ထုတ်ပြီး ဂိုးရရှိရေး ဖိအားပေးကစားခဲ့တာမို့ ပွဲချိန် ၅၆ မိနစ်မှာ ဝီလ်ရှီးယားပေးပို့တဲ့ ဘောလုံးကို ဂီးရော့ဒ်က အပိုင်အခွင့်အရေးရရှိခဲ့ပေမယ့် ဂိုးမရရှိခဲ့ပါဘူး။ ဒါပေမယ့် ပွဲချိန် ၇၈ မိနစ်မှာ ပြစ်ဒဏ်ဘောရရှိတာကို အာဆင်နယ်တိုက်စစ်မှူး ပိုဒေါစကီး ကန်သွင်းယူခဲ့တာဟာ စတုတ်နောက်ခံလူတစ်ဦးနဲ့ ထိပြီး ဂိုးဝင်သွားတာမို့ ဂိုးရရှိသွားပြီး နည်းပြအာစင်ဝင်းဂါး သက်ပြင်းချနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲချိန်ပြည့်တဲ့အထိ အာဆင်နယ်တို့ ဂိုးထပ်မံ မသွင်းနိုင်တာကြောင့် ပွဲအပြီးမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းမှ ပိုဒေါစကီး စတုတ်အသင်းဘက်သို့ ပြစ်ဒဏ်ဘောကန်သွင်းစဉ်။

ဖူလ်ဟမ် ၀-၁ မန်ယူ

မန်ယူတို့ ဂိုးသွင်းခွင့်တွေ ရရှိခဲ့ပေမယ့် ပထမပိုင်းပွဲချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ အီဗရာ၊ ဗလင်စီယာတို့ရဲ့ကန်သွင်းချက်တွေ ကောင်းပေမယ့် အရာမထင်ခဲ့သလို ဖူလ်ဟမ်ရဲ့ဂိုးရရှိရေး ကြိုးစားအားထုတ်မှုတွေကိုလည်း မန်ယူတို့ ကြိုးစားကာကွယ်ခဲ့ရပါတယ်။ မန်ယူဟာ ဖူလ်ဟမ်ရဲ့ ဂိုးရလုလု ကြိုးစားအားထုတ်မှုတွေကို ခက်ခက်ခဲခဲ ဟန့်တားခဲ့ရပေမယ့် အပိုင်ဂိုးသွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ပါတယ်။ ပွဲချိန် ၇၉ မိနစ်မှာတော့ ဖူလ်ဟမ်ဂိုးဧရိယာအတွင်းကနေပြီး ရွှန်းနေက ကန်သွင်းယူနိုင်ခဲ့တာမို့ ဂိုးရရှိခဲ့ကာ အဲဒီဂိုးနဲ့ပဲ မန်ယူတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်-ရေးသားသည်

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

- ဝက်စ်ဟမ်းကွင်းလယ်ကစားသမားဟောင်း ရီယိုကိုကာ ၂၈ နှစ်အား ဝက်စ်ဘရွန်းအသင်းက ခေါ်ယူစာချုပ်ရန် စီစဉ်လျက်ရှိသည်။
- နယူးကာဆယ်အသင်းသည် လာမည့်နွေရာသီ၌ တိုက်စစ်မှူးအသစ်တစ်ဦးကို ခေါ်ယူရန် ရှာဖွေလျက်ရှိကြောင်း၊ ဥရောပမှ ကစားသမားကိုသာ ဦးစားပေးရွေးချယ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မက္ကဆီကိုတိုက်စစ်မှူး နီဂရစ် ၂၉ နှစ်အား ဝီဂန်အသင်းက ပြီးခဲ့သည့် ဇန်နဝါရီလကခေါ်ယူရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း၊ လာမည့်နွေရာသီ၌ ခေါ်ယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- ဝက်စ်ဘရွန်းနည်းပြ စတိဗ်ကလပ်က တိုက်စစ်မှူးပီတာအိုဒမ်ဝင်ဂီအား ကျူပီအာသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်သည်။
- အာဆင်နယ်ကွင်းလယ်ကစားသမား အသက် ၂၀ နှစ်အရွယ် ဂျက်ဝီလ်ရှီးယားအား အသင်း၌ ရေရှည်စာချုပ်ချုပ်ဆိုရန် စီစဉ်သွားမည်ဟု နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။
- လိဒ်ယူနိုက်တက်အသင်းသည် အသက် ၂၅ နှစ်အရွယ်တိုက်စစ်မှူး ဟာဘီဘူအား ဇန်နဝါရီအပြောင်းအရွှေ့၌ ခေါ်ယူရေး မအောင်မြင်သော်လည်း လာမည့်နွေရာသီ၌ ရအောင်ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။
- နယူးကာဆယ်နောက်ခံလူ စတီဗင်တေလာ ၂၇ နှစ်အား စည်းကမ်းများ လိုက်နာနေထိုင်ရန် အုပ်ချုပ်ရေးအဖွဲ့က သတိပေးထားသည်။
- လီဗာပူးဂိုးသမားဟောင်း အသက် ၃၃ နှစ်အရွယ်ရှိ အလက်ဇန္ဒားဒိုနီသည် နှလုံးရောဂါကြောင့် သုံးမိနစ်ခန့် မေ့မြောသွားခဲ့သော်လည်း သတိပြန်လည်ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။
- ရီးရဲမက်ဒရစ်အသင်းတွင် ဆက်လက်တာဝန်ထမ်းဆောင်လိုသော နည်းပြမော်ရင်ဟိုအား အသင်းအုပ်ချုပ်ရေးအဖွဲ့က တာဝန်ပေးရန်သင့်မသင့် စဉ်းစားလျက်ရှိသည်။

မောင်ချစ်ကြည် - စုစည်းသည်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မင်းကြီးညိုကိုအလင်းရောင်ပေးစေချင်

တောင်ငူမြို့သည် မြို့ရိုး၊ ကျုံး၊ ထီးနန်း၊ အဆောင်အယောင် မြို့အင်္ဂါများဖြင့်မြန်မာဘုရင်များ နန်းစိုက်ခဲ့သည့် ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သည်။ ရေခံမြေခံကောင်းများနှင့် ပြည့်စုံ၍ လူနေထူထပ်သည်။

တောင်ငူကေတုမတီမြို့တော်ကို မြန်မာသက္ကရာဇ် ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် စတင်တည်ထောင်ခဲ့သောကြောင့် ယခုနှစ်တွင် နှစ်ပေါင်း ၅၀၂ နှစ်ပြည့်မြောက်ခဲ့သည်။ နှစ် ၅၀၀ ပြည့်ပွဲတော်ကြီးမှစပြီး တောင်ငူမြို့တော်ကြီးကိုလည်း မြို့တော်အင်္ဂါရပ်နှင့်ညီအောင် ငွေသိန်းပေါင်းများစွာ အကုန်အကျခံပြုပြင်ခဲ့သည်။ မြို့တည်ဘုရင်မင်းကြီးညိုကို ဂုဏ်ပြုသောအားဖြင့် မင်းကြီးညို ရုပ်တုကြီးနှင့် ရင်ပြင်ကြီးကို တောင်ငူ မြို့ ဗိုလ်မှူးဖိုးကွန်းလမ်းထိပ်နှင့် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းနှင့် ရထားလမ်းအနီးတည်ထားခဲ့ရာ မြို့ကျက်သရေကိုဆောင်ပြီး

တောင်ငူကို အလည်တစ်ခေါက်လာရောက်သူများ အံ့သြဘနန်းဖြစ်ရသည်။ မော်တော်ကား၊ ရထားများဖြင့် ဖြတ်သန်းသွားလာပါက အလွယ်တကူ တွေ့မြင်နိုင်သောကြောင့် မြို့ကို ပိုမိုထင်ရှားပေါ်လွင်စေသည့်နေရာလည်း ဖြစ်သည်။ မင်းကြီးညိုရင်ပြင်ကြီး**(အပေါ်ပုံ)**သည် မြို့၏အလှကျက်သရေဖြစ်သည်သာမက နံနက်ခင်းတွင် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သူများ၊ ညချမ်းတွင် ကြက်တောင်ရိုက်၊ ခြင်းလုံးခတ်သူများအပြင် မြို့သူ မြို့သားများ လာရောက်အပန်းဖြေနေရာတစ်ခုလည်းဖြစ်လာသည်။ သို့သော် မြို့၏အလှနှင့် ဂုဏ်သိက္ခာကို အကျည်းတန်စေသောအရာများကိုလည်း တွေ့ရသည်။

ရင်ပြင်ပေါ်တွင် မော်တော်ဆိုင်ကယ်စီးနင်းခြင်း၊ အရက်သေစာဝိုင်းဖွဲ့သောက်ခြင်း၊ ဘောလုံးကန်ခြင်းတို့ကို စည်းကမ်းမဲ့ထိန်းသိမ်းသူမရှိဘဲ စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရသောကြောင့်မိသားစုအလိုက်အပန်းဖြေသူများနှင့် အနားယူသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရသည်။

ဆိုဒီယမ်မီးတိုင်များ ညအချိန်မီးမလင်းသဖြင့် အမှောင်ကိုအားပြုလိုသူများ အကြိုက်တွေ့စေခဲ့သည်။ သို့ဖြစ်ပါ၍ ပြည်သူများကလည်း မြို့၏ဂုဏ်ကျက်သရေကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

သူရ(တောင်ငူ)

တပ်ကုန်း ငွေတောင်တောရစာသင်တိုက်၌ ကောက်ဦးဆွမ်းများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သာယာအေးကျေးရွာမှ ဆွမ်းဒါယကာ ဒါယိကာမ ကုသိုလ်ရှင်မိသားစုအပေါင်းတို့က တပ်ကုန်းမြို့ ငွေတောင်တောရ စာသင်တိုက်နာယကစာချဆရာတော် ဦးဇဝနအားအမှူးထား၍ ဇန်နဝါရီ ၂၈ရက်နှင့် ၂၉ရက်တို့တွင် နှစ်စဉ်ကောက်ဦးဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အရုဏ်ဆွမ်း၊နေ့ဆွမ်းတို့ကို ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တ ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု) ဆရာတော်အမှူးပြုသော သံဃာတော်အပါး ၁၄၀ ကျော်တို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မောင်လွင်)**

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၃	တရားတော်
၇း၂၁	မျိုးချစ်တပ်မတော်
၇း၂၈	မြန်မာ့ရှုခင်း
၇း၃၅	ထားဝယ်ရိုးရာဒိန်းအက (ဂျိုးဥမယ်)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	မှတ်တမ်း

ညပိုင်း

၄း၂၀	၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ပထဝီ)
၄း၄၅	သာယာလှပချင်းဒေသ (ဟားခါး၊ထန်တလန်၊ဖလမ်း)
၄း၅၅	ဂေါ်ထော်အက(ပအိုဝ်း)
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်ဒုတိယတွဲ** အပိုင်း (၇၅)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေရောင်လွမ်းမယ့်တို့မနက်ဖြန်** အပိုင်း (၁)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- **The Train** (မရဏရထား) အပိုင်း(၃) (ဇာတ်သိမ်း)
- မြဝတီရုပ်မြင်သံကြားသတင်း

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အမွေးတိုင်မီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွား

မိတ္ထီလာ ဖေဖော်ဝါရီ ၃

မိတ္ထီလာမြို့ လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာရှိ ဦးဇော်သက် အသက် (၃၁)နှစ် နေအိမ်တွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီမိနစ် ၅၀ က ဘုရားစင်ပေါ်၌ အမွေးတိုင်မီးပူဇော်ထွန်းညှိထားရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပေါ်သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများမှ ဝိုင်းဝန်းကူညီငြိမ်းသတ်ပေးခြင်းကြောင့် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး နေအိမ်ပိုင်ရှင် ဦးဇော်သက်အား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၃၅)

မီးရှို့ဖျက်ဆီး

နောင်ချို ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ တာဝန်ထမ်းဆောင်နေကြသည့် တရားမဝင်ကုန်ပစ္စည်းများ တားဆီးကာကွယ်ရေးအဖွဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပါဝင်သည့်(Mobile Team) အဖွဲ့တို့သည် ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီက လားရှိုးဘက် မောင်းနှင်လာသည့် မေရှိုးခရီးသည်ယာဉ် ယာဉ်မောင်းဦးလှရွှေ မောင်းနှင်လာသော ဘ/... စူပါရှ(ပ်) ဗင်ကားပေါ်မှ အေးခဲဘဲသား သုံးဖာ ၃၀Kg၊ ၄က/... ယာဉ်မောင်းဝင်းတင် စူပါရှ(ပ်) ဗင်ကားပေါ်မှ အေးခဲ ကြက်ဆီဘူး ၁၂ ဖာ ၁၂ Kg၊ ၂ဃ/... ယာဉ်မောင်းဇော်ဇော်လှိုင်မောင်းနှင်သည့် စူပါရှ(ပ်) ဗင်ကားပေါ်မှ အေးခဲဘဲသား ၃၀Kg နှစ်ဖာတို့ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် အဆိုပါအဖွဲ့မှ ပြည်သူများ စားသုံးရန် မသင့်သည့်အတွက် မီးရှို့ဖျက်ဆီးကြသည်ဟု သိရသည်။

(၀၆၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
ရုံးအမှတ်(၄၂)၊ နေပြည်တော်

လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် ဒုတိယဦးစီးမှူး၊ ဒုတိယဦးစီးမှူးနှင့် လစာနှုန်းတူ (လစာနှုန်း ကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀)ရာထူး ၁၉နေရာ လစ်လပ်လျက်ရှိပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၁၃ရက်တွင် အသက်(၃၀)နှစ်ထက်မကြီး၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန့်စွမ်းသူဖြစ်ရမည်။
(ဃ) အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) အနည်းဆုံး ပညာအရည်အချင်းမှာ စီးပွားရေးတက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များနှင့် နိုင်ငံခြားဘာသာတက္ကသိုလ်များမှ အောက်ဖော်ပြပါဘွဲ့များ ရရှိသူများဖြစ်ရမည်-
   (၁) **ဝါဏိဇ္ဇဘွဲ့ (B.Com)**
   (၂) **စာရင်းကိုင်ပညာဘွဲ့ (B.Act)**
   (၃) **စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.BA)**
   (၄) **စီးပွားရေးပညာဘွဲ့ (B.Econ.Economics)**
   (၅) **ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)**
   (၆) **ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)**
   (၇) **စီးပွားရေးပညာဘွဲ့(စာရင်းအင်း) (Statistics)**
   (၈) **ဝိဇ္ဇာဘွဲ့ (BA.English)**

၃။ လျှောက်လွှာတွင် အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးနေ့သက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း
(ခ) လိုင်စင်ဓာတ်ပုံ (၁"×၁.၅") ၃ပုံ
(ဂ) ဘွဲ့လက်မှတ်မိတ္တူ
(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(င) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ ၇-၁-၂၀၁၃ရက်နောက်ပိုင်း ရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်း (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
(စ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၂) နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း၊ ၁-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ၁-၃-၂၀၁၃ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို သတင်းစာများတွင် အချိန်မီ ကြိုတင်ကြေညာပါမည်။

၈။ စာမေးပွဲဝင်ကြေး ကျပ် ၅၀၀ကို ငွေပို့လွှာဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂) နေပြည်တော်သို့ ငွေပို့လွှာအောက်ဆုံးကွက်တွင် ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေးဟု ဖော်ပြ၍လည်းကောင်း၊ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် အမ်ဒီ ၀၁၀၀၅၅ သို့ ငွေစာရင်းခေါင်းစဉ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တစ်။ သာမန်ရငွေ၊ ၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၅။ အထွေထွေရငွေဖြင့်လည်းကောင်း ပေးသွင်းရမည်။

၉။ အသေးစိတ်အချက်အလက်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၆၈၉၊ မြေကွက်တည်နေရာ အမှတ် ၆၈၉၊ နဝရတ်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဦးစောမူးရှု AD-၀၀၆၁၈၁ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးစောမူးရှု ကွယ်လွန်သဖြင့် ဒေါ်နော်ဝီနီးနာသိုင်း ၁၂/အစန(နိုင်)၀၂၅၀၈၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရွှေပင်ရွှေသီးကျောင်း တက္ကသိုလ်ဝင်တန်း- A မှ မောင်ထူးမော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၂/တတန(နိုင်)၁၁၅၅၂၈ ဖြစ်ပါသည်။

ဦးတင်ဝင်း
၁၂/တတန(နိုင်)၁၁၅၅၂၈

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
မင်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ မင်နှင့်ပုံနှိပ်ရေးပစ္စည်းများကို ဝယ်လိုပါသည်-

(1)	Web Offset Ink (Black)	70000	Kgs
(2)	Sheetfed Offset Ink (Black)	4650	Kgs
(3)	Web Offset Ink (Cyan)	18600	Kgs
(4)	Web Offset Ink (Maganta)	18600	Kgs
(5)	Web Offset Ink (Yellow)	29600	Kgs
(6)	Thermal CTP (889×609)mm (Kodak)	30000	Shts
(7)	Thermal CTP (889×609)mm (Fuji)	33000	Shts
(8)	Thermal (889×586)mm (Kodak)	8500	Shts
(9)	Thermal (889×586)mm (Fuji)	4250	Shts
(10)	ဝလိတ်ပြား (Sheetfed)(650×550)mm	7000	Shts
(11)	CTP Developer (Kodak)	7500	Liters
(12)	CTP Developer (Fuji)	5000	Liters
(13)	Replenisher	4000	Liters
(14)	Stencil Paper	180	Boxes
(15)	Duplicating Ink Tube	180	Boxes
(16)	Gum Arabic	500	Liters
(17)	Fountain Solution	8000	Liters
(18)	Plate Cleaner	100	Liters
(19)	Sponge	600	Nmb
(20)	Blanket Wash	1000	Liters

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ ၁၄-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

၁၂/တမန(နိုင်)၀၉၅၆၂၃ ကိုင်ဆောင်သူ မမြတ်ကျော့ခိုင်သည် မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးတစ်စုအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဖခင်-ဦးမောင်လေး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပုဂံ၊ ညောင်ဦးယဉ်ကျေးမှုနယ်မြေ ပုလင်းကြီးကျေးရွာ၌ ရှေးခေတ်ဗုဒ္ဓရုပ်ပွားတော်တွေ့ရှိ

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးယဉ်ကျေးမှုနယ်မြေ ညောင်ဦး-မန္တလေးကားလမ်း ၆ မိုင် ၂ ဖာလုံဘေးရှိ ပုလင်းကြီးကျေးရွာ ရွာဦးဆုတောင်းပြည့်ဘုရားအတွင်းမှ ရှေးဟောင်း ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူကို တွေ့ရှိသည်။

ဖြစ်စဉ်မှာ တပို့တွဲလတွင် ရွာဦးစေတီ ဆုတောင်းပြည့်ဘုရားပွဲ၊ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်ဖြစ်၍ ဇန်နဝါရီ ၁၈ ရက်တွင် ရွာသူရွာသားလူငယ်များသည် ဘုရားဝိုင်းပတ်လည်အုတ်၊ ကွန်ကရစ်ခင်းရန်အတွက် ချုံနွယ်များရှင်းလင်းရာ ဘုရားဝိုင်းအတွင်းမြေကြီးအတွင်းမှ ကြေးဘုရားဆင်းတုတော်တစ်ဆူ တွေ့ရှိခဲ့သည်။

ဗုဒ္ဓရုပ်ပွားတော်မှာ ဦးခေါင်းတော်နောက်တွင် ညောင်ရွက်ခံထားပြီးလျှင် အဆိုပါညောင်ရွက်တွင် အရိုးအစင်းများထင်ရှားပေါ်လွင်နေပြီး လက်ဖြင့်ခေါက်ကြည့်လျှင် ကြေးသံထွက်ပါသည်။ မျက်နှာတော်မှာ စက္ခုအိန္ဒြေတော်ချထားပြီး ဘယ်ဘက်လက်၊ ပခုံးဆက်မှ အောက်ပိုင်းမပါရှိပါ။ ညာဘက်လက် တံတောင်ဆစ်အထိနှင့် ညာဘက်ရင်အုံတစ်ခြမ်း ပါရှိပါသည်။ ညောင်ရွက်အမြင့်မှာ သုံးလက်မနှင့် အကျယ်နှစ်လက်မရှိပြီး မျက်နှာတော် တစ်လက်မခွဲ၊ ရင်ပြင်ရှေ့အကျယ် နှစ်လက်မ ရှိသည်။

ယခု ဗုဒ္ဓဆင်းတုတော် တွေ့ရှိရသော စေတီမှာ ပုဂံခေတ်လက်ရာ မြေစိုက် အရှေ့ဘက်လှည့်မုခ်ဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ်တွင် ဗုံးဆန်မှန်၍ တစ်ဝက်ပြိုကျပြီး ချုံနွယ်များနှင့် ဖြစ်နေရာမှ ၂၀၀၅ ခုနှစ်မှ စတင်၍ ပုလင်းကြီးရွာ ဆရာတော် ဦးဥတ္တရနှင့် ရွာသူရွာသားများ ပြန်လည်ပြုပြင်ပြီးလျှင် ခြသေ့်သုံးကောင် အသစ်ပြုလုပ်၍ ထီးတော်များတင်ကာ ၂၀၁၂ ခုနှစ်တွင် စေတီတော်အား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ထားသည်။

မုခ်ဦးအတွင်း၌ ပုဂံခေတ်လက်ရာ ရုပ်ပွားတော်တစ်ဆူကို သပ္ပာယ်စွာ ဖူးတွေ့ရပြီး မုခ်အတွင်းတွင်လည်း ရှေးခေတ်ပန်းချီလက်ရာဖြင့် ညောင်ရွက်ကို အကြီးထား၍ ရေးဆွဲထားသည်။ ယခုတူးဖော်တွေ့ရှိရသော ဗုဒ္ဓရုပ်ပွားတော်အား ပုလင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်ဆွေမှတစ်ဆင့် ရှေးဟောင်းသုတေသနဌာနသို့ ပို့ပြီး မုခ်ဦးအတွင်းရှိ ဆေးရေးပန်းချီကားများကိုပါ အပ်နှံအကြောင်းကြားရန် ဆရာတော် ဦးဥတ္တရက မှာကြားထားကြောင်း ဒေသခံ ရွာသားတစ်ဦးက ပြောကြားကြောင်း သိရသည်။

မောင်ရေအေး(ညောင်ဦး)

မန္တလေး ဖေဖော်ဝါရီ ၃

ပုလဲပရဟိတဖောင်ဒေးရှင်းမှ အသက်ကယ်အောက်ဆီဂျင်အိုးများ ငှားရမ်းနိုင်

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက်(၉၀၁) သီတာအေးရပ်ကွက် မိုးကုတ်ရိပ်သာကျောင်း မဟာမင်းထင်တိုက်၌ ဘဒ္ဒန္တပညာဝံသ (ပုလဲဆရာတော်) တည်ထောင်ထားသော ပုလဲပရဟိတဖောင်ဒေးရှင်း၏ ဆဋ္ဌမမြောက်စီမံကိန်းအဖြစ် ဆောင်ရွက်နေသော အသက်ကယ်လေ (အောက်ဆီဂျင်) ငှားရမ်းခြင်းလုပ်ငန်းမှ ၂၀၁၂ ခုနှစ်တွင် လူနာ ၇၆၉ ဦးအတွက် အောက်ဆီဂျင်အိုးပေါင်း ၁၂၅၂၄ အိုး ငှားရမ်းနိုင်ခဲ့ကြောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသ (ပုလဲဆရာတော်က) မိန့်ကြားသည်။ ပုလဲပရဟိတဖောင်ဒေးရှင်း၏ နောက်ထပ်ခြေလှမ်းတစ်လှမ်းအဖြစ် ဆရာတော်၏ မွေးရပ်မြေဖြစ်သော ပုလဲမြို့တွင် ကုသိုလ်ဖြစ်ဆေးခန်း တည်ဆောက်ရန် စီမံကိန်းရှိကြောင်း၊ နေ့စဉ် သီတာအေးရပ်ကွက်တွင် ရေဂါလန် ၁၀၀၀၀ ကျော်နှင့် မန္တလေးမြို့ပေါ်ရှိ ဆေးရုံငါးရုံတွင် နေ့စဉ် သောက်ရေသန့် လီတာ ၃၀၀၀ ကျော် ပုံမှန်လှူဒါန်းလျက်ရှိကြောင်း၊ နေ့စဉ် သံဃာတော်များ ဆွမ်းခံကြွရာတွင် အဆင်ပြေစေရန်အတွက် ယာဉ်များ ပြေးဆွဲလျက်ရှိကြောင်း၊ ဆင်းရဲနွမ်းပါးသော မိခင်လောင်းများကို မွေးဖွားစရိတ် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ မန္တလေးမြို့၌ အနီးဝန်းကျင်ဒေသများတွင် သဘာဝဘေးဒဏ်ခံစားရပါက ဒုက္ခသည်များကို ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ဆရာတော်က မိန့်ကြားသည်။ ပုလဲပရဟိတဖောင်ဒေးရှင်းကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဖောင်ဒေးရှင်း နှစ်နှစ်ပြည့် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နန်းတော်ကုန်းရပ်ကွက်လမ်းပေါ်မှ ရေအိုင်ကြီး ပြင်ပြီးသွားပြီ

မိတ္ထီလာမြို့တွင် နန်းတော်ကုန်းရပ်ကွက်ရှိသည်။ နန်းတော်ကုန်းရပ်ကွက်မှာ မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်းပေါ်တွင် တည်ရှိသည်။ နန်းတော်ကုန်းရပ်ကွက်တွင် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးကြီး ရှိသည်။ ရဲစခန်း၊ ဆေးရုံ၊ အထက(၁)နှင့် မူလတန်းကျောင်းများ ရှိသည်။ အခြားအစိုးရရုံးများနှင့် အကျဉ်းထောင်ရှိသည်။

နန်းတော်ကုန်းရပ်ကွက်ရှိ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမှာ ကားများ ဥဒဟိုဖြတ်သန်းသွားလာနေကြသည်။ကျောက်ပန်းတောင်းကားလမ်းပေါ်တွင် ခရီးသည်တင်ကား၊ ကုန်တင်ကား၊ ကိုယ်ပိုင်ကား၊ သုံးဘီးကား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများ မပြတ်သွားလာနေသော ကားလမ်းမကြီး ဖြစ်သည်။ ကျောက်ပန်းတောင်း ကားလမ်းပေါ်တွင် ရုံးသူရုံးသားများ၊ ကျောင်းသား ကျောင်းသူများသည် ဆိုင်ကယ်၊ စက်ဘီးများဖြင့် အဆက်မပြတ် သွားလာနေသော အဓိကလမ်းမကြီး ဖြစ်သည်။

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ကျောက်ပန်းတောင်းကားလမ်းနှင့် အကျဉ်းဦးစီးသွား လမ်းဆုံအနီးတွင် ရေအိုင်ကြီးတစ်အိုင်ဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။ ထိုရေအိုင်ကို ဖြတ်သန်းသွားလာသော ကားများကြောင့် ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ၊ ရုံးသွားရုံးပြန်များမှာ ရေဆိုးများစင်ခြင်း၊ ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင် ရှောင်ပါက ရေများစင်ခြင်းကြောင့် အဝတ်အစားများ ပေကျံကုန်သည်။ ထိုရေအိုင်ကြီး ဖြစ်ပေါ်နေသည်မှာ လချီကြာမြင့်လာပြီ ဖြစ်သည်။ ထိုရေအိုင်ကြီးနှင့် မျက်စောင်းထိုးနေရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထိုရေအိုင်ကြီးကို မမြင်ဘဲရှိနေသည့်အတွက် မြို့လူထုက အထူးအံ့သြနေသည်။ ထို့ကြောင့် နန်းတော်ကုန်းရပ်ကွက်ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အနီးမှ ရေအိုင်ကြီးကို မြို့အဂ်ီရပ်နှင့် မညီညွတ်၍ အမြင်မတော်သဖြင့် အမြန်ဆုံးပြုပြင်ပေးရန် မြို့လူထုက လိုလားနေကြကြောင်း မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာကဏ္ဍတွင် ဖော်ပြပြီးနောက် ထိုရေအိုင်ကြီးအား မြတ်နိုးသူကုမ္ပဏီက ငွေအကုန်အကျခံ၍ အမြန်ဆုံးပြုပြင်ခဲ့ရာ ယခုအခါ ရေအိုင်ကြီးပျောက်ကွယ်သွား၍ ကတ္တရာလမ်းမှာလည်း ကောင်းမွန်သွားပြီဖြစ်ပြီး ကားများ၊ဆိုင်ကယ်များ အလွယ်တကူ လျင်မြန်စွာ သွားလာနေကြသည်ကို တွေ့မြင်ရသည်။

(၀၁၂)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မိုးကုတ် ဖေဖော်ဝါရီ ၃

မိုးကုတ်မြို့၌ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ မိုးကုတ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က အမှာစကားပြောကြားပြီး အဆိုပါသင်တန်းတွင် သင်တန်းပို့ချမည့် ဌာနဆိုင်ရာ တာဝန်ရှိသူ ၂၃ ဦး၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၃၃ ဦးနှင့် ရပ်/ကျေး စာရေးဝန်ထမ်း ၃၄ ဦး စုစုပေါင်း ၉၀ တို့ တက်ရောက်ခဲ့သည်။ သင်တန်းကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော် ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်။

1. Computer 30Nos
2. Fax 6Nos
3. iPad 1No
4. UPS 15Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို ၄-၂-၂၀၁၃ရက်မှ ၈-၂-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၀၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီအထိ ရုံးဖွင့်ရက်အတွင်း လေ့ကျင့်ရေး (ကွန်ပျူတာ)ဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးအမှတ် (၁၂)နေပြည်တော်တွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ရက် ၁၀:၀၀နာရီမှ ၁၆:၃၀နာရီအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးအမှတ်(၁၂) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပစ္စည်းဝယ်ယူရေးအိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ရုံးအမှတ် (၁၂) နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၁၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၃၅၁၃၉ Kenbo 125 m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိထွေး ၉/အမရ(နိုင်)၁၁၇၈၂၀ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **က·ည·န ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွဲများရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **ရောင်းချမည့်နေရာ** - အမှတ် (၆၉/၇၁)၊ မြဓာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါများဖွင့်လှစ်ရောင်းချမည့်ရက်** - ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၀:၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ရေးနှင့်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

ပုံစံ(၈)ဝင် ထင်း/မီးသွေးများအားရောင်းချရန်လေလံကြော်ငြာ (၄/၂၀၁၂-၂၀၁၃)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်ရှိ ပုံစံ(၈)ဝင်ထင်း/မီးသွေးများကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၌ ၈-၂-၂၀၁၃ရက် နံနက်(၁၀)နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ လေလံစည်းကမ်းချက်များနှင့်အညီ မည်သူမဆိုလာရောက်ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အမျိုးအမည်	တန်
(၁)	ထင်း	၁၀·၅၇၃၂
(၂)	မီးသွေး	၁၃၈·၉၅၈၀

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၆-၂-၂၀၁၃ရက်မှ ၈-၂-၂၀၁၃ရက်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ ဖုန်း-၀၅၅-၃၀၂၄၇၊ ၀၅၅-၃၀၃၂၁ တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မအူပင်စက္ကူစက်ရုံရှိ စက္ကူကုန်ချောလက်ကျန်(၇၈·၉၇၅)မက်ထရစ်တန်အား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည် ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၂-၂၀၁၃ရက် (တနင်္လာနေ့)

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့)

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကိုအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၅၀)နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၅၃၀၁၊ ၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ အိမ်အမှတ် (၃၁၇)၊ ရန်မျိုးအောင် ၁၅လမ်းနေ ဦးစံမြ ၈/ငဖန(နိုင်)၀၂၀၀၁၀၏သား မောင်မောင်သိန်း ၈/ငဖန(နိုင်)၀၃၃၀၀၆အစား ဖွဲ့သူရမိုးဟုပြောင်းလဲခေါ်ပါရန်။ **ဖွဲ့သူရမိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း

တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ပါလျံ(၁)၊ အမှတ် ၃၄၅ နေ ဦးဆမ်ပိုင်၏သား ဦးစိုင်းဆွမ်ဝန်း ၁၃/တခလ(နိုင်)၀၁၄၇၀၂နှင့် စိုင်းမိုင်မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးစိုင်းဆွမ်ဝန်း(ခ)စိုင်းမိုင်**

ပျောက်ဆုံးသွားပါကြောင်း

ကျွန်မ မရီရီဝင်း(ဘ)ဦးရန်ရှင်းဝမ် LSO-၂၀၅၉၈၂ ၏ နိုင်ငံကူးလက်မှတ် THAI/PV,DEO No-10-056483 သည် ခရီးသွားရင်းပျောက်ဆုံးသွားကြောင်းကြေညာအပ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ပခုက္ကူမြို့နယ်၊ ချောက်ကံကျေးရွာအုပ်စု၊ အရှေ့ချောက်ကံရွာနေ ဦးဖိုးထန်၏သား ဦးချင်း ၈/ပခက(နိုင်)၀၁၃၄၂၇ နှင့် ဦးမင်းလွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာအမှတ် (၁/၂၀၁၃)
လေယာဉ်မောင်/လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ခ) ၃၁-၃-၂၀၁၃ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၂၂)နှစ်ထက် ကျော်လွန်သူမဖြစ်စေရ။

(ဂ) လေယာဉ်မောင်အရပ် ၅ပေ ၆လက်မ၊ လေယာဉ်မယ်အရပ် ၅ပေ ၄လက်မနှင့် အထက်ရှိသူ ဖြစ်ရမည်။

(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။

(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။ မျက်မှန်နှင့် မျက်ကပ်မှန်တပ်ဆင်သူ မဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်)

(စ) အင်္ဂလိပ်စာအရေး/အပြော သင့်တင့်စွာ တတ်ကျွမ်းနားလည်ရမည်။ (စစ်ဆေးမှုရှိမည်)

(ဆ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)ပူးတွဲ တင်ပြရမည်။

(ဇ) မြန်မာနိုင်ငံ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ပထမနှစ်အောင်မြင်ပြီးသူ ဖြစ်ရမည်။ သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ပြီးကြောင်း ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။

(ဈ) အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံရေးကင်းရှင်းရမည်။ (သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်ကိုပူးတွဲတင်ပြရမည်။)

(ည) နိုင်ငံသားစိစစ်ရေးကတ်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

(ဋ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်)

(ဌ) မြန်မာ့လေကြောင်း၌ အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲ၍ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်မှ မတ် ၂၈ရက်အထိ မြန်မာ့လေကြောင်း (ရုံးချုပ်)အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ်မြန်မာ့လေကြောင်း ဌာနခွဲရုံးများသို့ လူကိုယ်တိုင်လာရောက်ပေးပို့ရမည်။

(က) ရှေ့တည့်တည့်နှင့်ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ ပို့စ်ကတ်ဆိုဒ်အရွယ် (၅" ၇") (၁)ပုံစီ (၂)ပုံ

(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

(ဃ) (၁၀)တန်းအောင်လက်မှတ်မူရင်း

၃။ အရည်အချင်းပြည့်မီသူများအား ၁၁-၃-၂၀၁၃ရက်မှစတင်၍ ရန်ကုန်မြန်မာ့လေကြောင်း (ရုံးချုပ်)နှင့် မန္တလေးမြန်မာ့လေကြောင်း ဌာနခွဲတို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မိမိတို့၏ လျှောက်လွှာများတွင် ဖြေဆိုလိုသည့်ဒေသကိုပါ ဖြည့်စွက်ပေးရမည်။

မြန်မာ့လေကြောင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုဘိုင်းဆက်သွယ်ရေး

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာနအတွက် လိုအပ်သော Bandwidth Tester ပစ္စည်းတစ်စုံအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်ပစ္စည်းအသေးစိတ်စာရင်းအား ၄-၂-၂၀၁၃ ရက်မှစတင်၍ အောက်ဖော်ပြပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၈-၂-၂၀၁၃ရက်၊ ညနေ ၄:၃၀ နာရီ

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေး
အမှတ် ၇၄၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၇၀၀၀၂၀၊ ၀၉-၄၅၀၀၀၀၀၄၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်- မြင်သာစုပေါင်းအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/က၊ မြေကွက်အမှတ် ၁၄ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ ၁၁ လမ်း၊ အမှတ် ၁၉၁(ဘီ)ဟုခေါ်တွင်သော စတုရန်းပေ ၁၈၉၇ ပေအကျယ်ရှိ နှစ် ၆၀ ဂရန်မြေသည် ဦးအောင်ဇော်ထွန်း အမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ယခုလက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဦးအောင်ဇော်ထွန်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး B.A, R.L — **ဒေါ်ဆွေဆွေညွန့် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
ပဥ္စမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ ပဥ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၂-၃-၂၀၁၃ ရက်(အင်္ဂါနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)(၁၂/၂၀၀၉)သင်တန်းဘွဲ့ရ အောင်စာရင်း ထုတ်ပြန်ပြီးသူ။

၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(၁၂/၂၀၁၁)သင်တန်းဘွဲ့ရ အောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၃။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(၁၂/၂၀၁၁)သင်တန်းဘွဲ့ရ အောင်စာရင်း ထုတ်ပြန်ပြီးသူများ။

၄။ ဆေးပညာသင်ကြားရေးဒီပလိုမာ(၂/၂၀၁၂)သင်တန်းဘွဲ့ရ အောင်စာရင်း ထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး(၁၅၀၀ိ/)နှင့်အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး(၁၀၀၀ိ/)ကို ပေးသွင်းရမည်။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ × နှစ်လက်မ)အရွယ် ရောင်စုံဓာတ်ပုံငါးပုံနှင့်အတူ ၂၇-၂-၂၀၁၃ ရက်နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် မော်ကွန်းထိန်းထံလျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက် တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းရုံးခန်း(ဖုန်း-၀၁-၃၉၅၂၀၉)၊စာမေးပွဲ/ ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၁-၃၉၅၂၁၁၊ ၃၉၅၂၁၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကြည်ကြည်မင်း
မော်ကွန်းထိန်း
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များမှ အကျဉ်းသားအချုပ်သားများ စားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်နယ်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ ၁၄-၂-၂၀၁၃ရက် ၁၄:၀၀ နာရီဖြစ်ပါသည်

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ိ နှုန်းဖြင့် ၇-၂-၂၀၁၃ရက်မှ ၁၃-၂-၂၀၁၃ရက်အထိ ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၄၃-၂၁၀၄၈၊ ၀၄၃-၂၃၃၄၉၊ အကျဉ်းဦးစီးဌာန ၀၄၃-၂၁၀၄၀၊ ၀၄၃-၂၂၅၉၂၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၀၄၃-၂၁၉၅၁၊ ၀၄၃-၂၃၅၈၅၊ ၀၄၃-၂၃၀၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ ပေးသွင်းလိုသူများသည် ရခိုင်ပြည်နယ်အတွင်းမှ ဆန်ကုန်သည်များသာ တင်သွင်းခွင့်ရှိသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -ရွှေလင်ပန်း/၂၈၊ လူနေရပ်ကွက်အမှတ် -ဝန်ထမ်းကြီးအိမ်ရာ၊ မြေကွက်အမှတ် -၁၂၃၊ ဧရိယာ ၀ဒသမ၁၁၉၈ဧက၊ ပါမစ်မြေအမျိုးအစားမြေပေါ်ရှိ အမှတ် -၁၂၃၊ ဝန်ထမ်းကြီးအိမ်ရာ၊ ရွှေလင်ပန်း ၂၈ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဒုတိယဗိုလ်မှူးကြီးအောင်ဆန်းထွန်း ၁၂/မရက(နိုင်)၀၃၁၀၂၅ အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိစီမံခန့်ခွဲလျက်ရှိသူ ဦးမြင့်နိုင်ဝင်း ၅/တဆန(နိုင်)၀၇၈၇၄၈ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းကွက်သစ်၊ ကွင်းချောင်းလမ်း၊ အမှတ် ၃၆တည်ရှိရာ ရှစ်ထပ်ခွဲတိုက်မှ လေးလွှာ(ညာ) မြေရှင်ဘက်ခြမ်း၊ ဧရိယာ ပေ၄၀×၃၈ပေ အကျယ်အဝန်းရှိ ရေ၊ မီးအပြည့်အစုံပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသည့် ဦးကိုကိုလေး ၁၄/ပသန(နိုင်)၀၀၀၈၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သက်နွယ် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၆၇)
အမှတ်(၂၀၉)၊ ဒု(ဝဲ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၈၁၃၂၊ ၀၉-၄၉၃၁၉၈၆၄

တတိယအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေး သင်တန်းသားများဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် တတိယအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းကို ၁၂-၃-၂၀၁၃ရက်မှစတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ပါအချက်များနှင့် အကျုံးဝင်သူ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးမှ မသန်စွမ်းလူငယ်များ မည်သူမဆို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

- အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။
- ဘဝတူမသန်စွမ်းသူများအရေးကို အမှန်တကယ်စိတ်ဝင်စားပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။(ဥပမာ-တီဘီ)
- မိမိ၏ နိစ္စဓူဝကိစ္စများကို ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

သင်တန်းမှပံ့ပိုးပေးမည့်အစီအစဉ်များ

အသွားအပြန် အနည်းဆုံးခရီးစရိတ်၊ စားစရိတ်၊ နေထိုင်စရိတ်နှင့် သင်တန်းစရိတ်များကို အဖွဲ့မှကုန်ကျခံပေးမည်။

လျှောက်လွှာပိတ်ရက် - ၂၂-၂-၂၀၁၃ရက်(သောကြာနေ့)

သင်တန်းလျှောက်လွှာရယူရန်နှင့် အသေးစိတ်အချက်အလက်များစုံစမ်းရန်

- **မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ရုံးချုပ်)**
  အမှတ်(၁၆)ဘီ၊ ရေတွင်းကြီးလမ်းသွယ်၊ သာယာအေးလမ်း၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
  ဖုန်း-၀၉-၄၅၀၀၀၆၇၂၄၇၊ ၀၉-၅၁၈၂၂၈၃၊ ၀၉-၅၁၀၂၁၁၈

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၅-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၈-၂-၂၀၁၃ရက်၊ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ
ကျိုက်ဝိုင်းဘုရားလမ်းနှင့်မင်းဓမ္မလမ်းထောင့်
မရမ်းကုန်းမြို့နယ်
ဖုန်း-၀၁-၆၆၀၇၁၅

မြန်မာဂေါက်သီးရိုက်အသင်းသားများသိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းသားအချို့သည် ပေးသွင်းရန်ရှိသော (၂၀၁၀/၂၀၁၁/၂၀၁၂)ခုနှစ် လစဉ်/နှစ်စဉ်ကြေးများ ဆက်သွယ်ပေးသွင်းခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ကြွေးကျန်များကို ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အသင်းသားစာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

အမည်ပြောင်း

ဦးကျော်ဝင်း၏သား အင်းစိန်မြို့နယ် အမက(၁) အခြေခံမူလတန်းကျောင်း စတုတ္ထတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်သူရထက်ကျော်အား မောင်ဇင်လင်းထူးဟုခေါ်ပါရန်။ **မောင်ဇင်လင်းထူး**

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မေသက်အောင်၏ နိုင်ငံကူးလက်မှတ်အမှတ်-၉၆၈၂၃၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၈၀၆၀၇**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ် ၃၇၇၊ မြေကွက်တည်နေရာအမှတ်-၃၇၇၊ ၁၄ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်သီသီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သီသီနှင့်ခင်ပွန်း ဦးကျော်ဟိန်းဝင်း ကွယ်လွန်သဖြင့် ဒေါ်ကြည်ပြာဝင်း ၁၂/ဥကတ(နိုင်)၁၁၉၅၅၈က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

The Most Amazing Yangon Exhibition & Car Show 2/2013

MCC

Blue Mountain

Happy World

Junction

MCC ခန်းမကြီး

8-2-2013 to 11-2-2013

BEST BRANDS EXPO 2013

BEST BRANDS EXPO2013

SMART BUSINESS GROUP Ph:01-656875,667473,09-73014777,09-5099079

ENGLISH

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဇော်ဝင်းမောင် (လက်ထောက်အင်ဂျင်နီယာ၊ ပင်လောင်းမြို့နယ်)နှင့် ချစ်မေမေ ဒေါ်ယုယုခိုင်တို့ရဲ့ ၄-၂-၂၀၁၃ ရက်မှာ ကျရောက်သော ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ ခိုင်မြဲသော မေတ္တာတို့နဲ့ ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

သမီးကြီး-မသိမ့်ရည်ဇော်

သမီးငယ်-မထက်ရည်ဇော်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ လှိုင်သာယာ၊ ပထမအဆင့်မြင့်အိမ်ရာ၊ ပေ (၅၀×၆၀) သုံးကွက်တွဲ၊ 2 RC၊ ဂိုဒေါင်၊ မီတာသုံးလုံး၊ နှစ် ၆၀ဂရန်။

၂။ ဘုရင့်နောင်၊ သီရိမွန်ပလာဇာဝင်း၊ သီရိမွန်လမ်းမကြီးရှိ ပေ (၂၀×၆၀)သုံးထပ်၊ အောက်ဆုံးထပ်၊ ထပ်ခိုးပါ။ ပါဝါမီတာတစ်လုံး၊ ရိုးရိုးမီတာတစ်လုံး၊ ဖုန်း၊ ပါကေးခင်းပြီး၊ နှစ် ၆၀ ဂရန်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြကျေးရွာရှိ သီးပွင့်ဝေဆာနေသော အပင်များပါဝင်သောမြေကွက်နှင့် မြေကွက်လွတ်များ။

ဖုန်း-၆၈၀၁၇၂၊ ၆၈၆၄၀၇၊ ၀၉-၅၁၂၀၂၉၀၊ ၀၉-၇၃၁၄၉၉၉၈

အမည်ပြောင်း

ဦးအောင်သိန်း၏ သားသမီးများဖြစ်ကြသော အထက(၃)မြိတ်၊ အဋ္ဌမတန်းမှ မောင်အောင်ကျော်ကျော်အား မောင်ကျော်ဘုန်းသန့်၊ မောင်အောင်သက်ပိုင်အား မောင်နိုင်မင်းခန့်၊ အထက (၆) မြိတ်၊ ပဉ္စမတန်းမှ မောင်ကျော်သက်ပိုင်အား မောင်နိုင်လင်းခန့်၊ အလက ကျွဲကူး ဒုတိယတန်းမှ မထွေးထွေးယုအား မနှိုင်းသန့်ခြယ်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဘုန်းသန့်၊ မောင်နိုင်မင်းခန့်၊ မောင်နိုင်လင်းခန့်၊ မနှိုင်းသန့်ခြယ်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ စိုက်/မွေးရပ်ကွက်၊ စိုက်/မွေးဆိုင်ခန်း (ကားမှတ်တိုင်ရှေ့)ရှိ (၅၀၄) အမြှောက်တပ် ဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်တန်းနှင့် စိန်ပန်းလဖက်ရည်ဆိုင်ကြားရှိ နှစ်ခန်းတွဲဆိုင်ခန်းအား ဦးသာမျိုးအောင် ၇/ကတခ(နိုင်)၀၇၂၅၅၄နှင့် ဒေါ်နုနုမော် (T.G.K.N ၀၆၇၆၆၅) တို့နှစ်ဦးမှ မူလပိုင်ရှင်များဖြစ်သော ဒေါ်သန္တာ/ဒေါ်စန်းစန်းအေးတို့ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလည်း ဆေးဆိုင်အဖြစ်ဖွင့်လှစ်ရောင်းချနေပါသည်။ ဖော်ပြပါဆိုင်ခန်းနှစ်ခန်းသည် ဦးသာမျိုးအောင်နှင့် ဒေါ်နုနုမော်တို့မှသာ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အခြားမည်သူတစ်ဦးမှ ပိုင်ဆိုင်ခြင်း၊ သက်ဆိုင်ခြင်းမရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေယျာမင်းသိန်း (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၉၃)

အမှတ် ၂၉၊ ၁၂၆လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

MCC Training Institute

နှင့်

Rangsit University

Bachelor of Technology

(Computer Game Multimedia)



- Game (Passion to Business)
- Player to Developer
- Game Industry
- Game Degree

Opening Date: 30 January 2013

MCC.i Yangon Campus

(C)

01-245762, 249152, 246634, 3955121

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၅ယ/၄၀၁၄ လော်ဂျားယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၂/ဥကတ(နိုင်)၀၇၃၂၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ် ၈၀/၃၀(B)၊ မြေကွက်တည်နေရာအမှတ် ၃၀၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ် ဒေါ်ခင်အုန်းလွင်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်အုန်းလွင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၉၁၈၄/၄-၁၂-၁၂ ဖြင့်ရရှိသူ မတင်ဇာလေးမြင့် ၁၂/ဗတထ(နိုင်)၀၀၁၃၈၃ က ယခင်က အမှုတွဲအမှတ်-ကမရ/ပုံ/၃၂၇/ ၂၀၀၂ (၂-၁၀-၂၀၀၂) ဖြင့် ကူးယူခဲ့သော မေတ္တာဖြင့် အပိုင်ပေးစာချုပ်ရန်အတွက် ထုတ်ယူခဲ့သော မြေပုံမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာမူရင်းတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ သစ်တောရပ်ကွက်ရှိ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနပိုင် အောင်ဇေယျရိပ်မွန်အိမ်ရာ၏ တိုက် ၁၊ အခန်း ၁၀၆ အား အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း မြွက်ဟပြောဆိုခဲ့သော ဦးကိုကိုဖုန်း KMDE-၀၁၇၄၃၁ ထံမှ ကျွန်ုပ် ဦးကျော်စိုး ၁၂/လမတ(နိုင်) ၀၃၁၃၄၉ က ဝယ်ယူရန် သဘောတူပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စိုး
အမှတ် ၁၄၉(က)မြေညီ၊
လမ်းမတော်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၂၄၉၀

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးခင်တင် (မကွေးသင်ကြားရေး၊ ဆေးရုံအုပ်ကြီး)-ဒေါ်သန်းသန်းဦးတို့၏ဖခင် ဦးလှသိန်း အသက်(၈၃)နှစ်သည် ၂၈-၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ထူးပိုင်ဆေးဆိုင်(မိသားစု)
ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း

ဝမ်းနည်းကြေကွဲခြင်း

သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ဖွားရ
အသက်(၈၃)နှစ်

တိုင်းပြည်သူ့ဆေးရုံကြီး(မကွေး)အရိုးရောဂါပညာဌာန၊ တွဲဖက်ပါမောက္ခ/ဌာနမှူး ဒေါက်တာစန်းလှိုင်-ဒေါ်မို့မို့ခင်တို့၏မိခင် ဒေါ်ဖွားရ အသက်(၈၃)နှစ်သည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ဆရာဝန်များ
တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး(မကွေး)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးစိုးမင်းအောင်(ဓာတ်မှန်ဆရာဝန်ကြီး)နှင့် ဓာတ်မှန်ဌာန
အမှတ်(၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံခုတင်(၃၀၀)၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဖွားရ
အသက်(၈၃)နှစ်

တိုင်းပြည်သူ့ဆေးရုံကြီး(မကွေး)အရိုးရောဂါပညာဌာန၊ တွဲဖက်ပါမောက္ခ/ဌာနမှူး ဒေါက်တာစန်းလှိုင်-ဒေါ်မို့မို့ခင်တို့၏မိခင် ဒေါ်ဖွားရ အသက်(၈၃)နှစ်သည် ၂၄-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့်မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
အထွေထွေရောဂါကုဆရာဝန်များအဖွဲ့၊ မကွေးဇုန်

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးခင်တင် (မကွေးသင်ကြားရေး၊ဆေးရုံအုပ်ကြီး)-ဒေါ်သန်းသန်းဦးတို့၏ဖခင် ဦးလှသိန်းအသက်(၈၃)နှစ်သည် ၂၈-၁-၂၀၁၃ရက်တွင်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ
ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးကျော်ကျော်ဌေး မေ့ဆေးအထူးကုဆရာဝန်ကြီး)-ဒေါ်သီတာရွှေ
အမှတ်(၂)တပ်မတော်သားဖွား မီးယပ်နှင့် ကလေးဆေးရုံခုတင်(၃၀၀)၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွားတင့်
အသက်(၇၈)နှစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာတင့်ညို၏မိခင် ဒေါ်ထွားတင့်အသက်(၇၈)နှစ်သည် ၁-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အပတ်စဉ်(၁၀)မှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်ဇင်ထွန်း
အသက်(၂၉)နှစ်

မတ္တရာမြို့နေဦးခင်သန်း-ဆရာမဒေါ်တင်တင်ကြည်တို့၏သားကြီး ကံ့ကော်ကျောင်းသားဟောင်း ဗိုလ်ကြီးကျော်ဇင်ထွန်းသည် တိုင်းပြည်တာဝန်ထမ်းဆောင်နေစဉ်အတွင်း အသက်ပေးဆပ်သွားရသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကံ့ကော်ပညာရေးမိသားစု
မတ္တရာမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးကျော်ဆန်း (ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်စိုးဇင်နွယ်မြိုင်
အမှတ်(၂)တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ၊ ခုတင်(၃၀၀)၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)-ဟာဂျီမဒေါ်စိုးစိုးတို့၏ဖခင် ဟာဂျီ ဦးဂူလာမ်ဆူဗန် အသက်(၇၆)နှစ်သည် ၂၃-၁-၂၀၁၃ရက်တွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဟာဂျီ ဦးအောင်မြင့်(တရားလွှတ်တော်ရှေ့နေ)နှင့်
မိသားစု၊ ရုံးသူ ရုံးသားများ၊ မန္တလေးမြို့။

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်-ဒေါ်ခင်စမ်းလွင်တို့၏ ဖခင်ဦးသန်းရွှေသည် ၂၉-၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး
စစ်တုရင်ဆပ်ကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ် သည် ၁-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာကျော်ကျော်စိုးနှင့် ကျော်ဆေးခန်းမိသားစု
တပ်ကုန်းမြို့နယ်၊ နေပြည်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သင်းသင်းမာ(ခ)ဘုတ်ဘုတ်
ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး(ရန်ကုန်၊ ငြိမ်း)
အသက်(၄၀)

ဒေါ်ခင်မာညို(ဌာနမှူး၊ စီမံရေး)တပ်မတော်အထည်ချုပ်စက်ရုံ၏ ညီမ ဒေါ်သင်းသင်းမာ(ခ) ဘုတ်ဘုတ် အသက်(၄၀)သည် ၃၁-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မတော်အထည်ချုပ်စက်ရုံဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်-ဒေါ်ခင်စမ်းလွင်တို့၏ ဖခင်ဦးသန်းရွှေသည် ၂၉-၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မောင်လွင် (ဥက္ကဋ္ဌ)
မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး (ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ရက် သောကြာနေ့ နံနက် ၀၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးကျော်ဇင်ဝင်း (သားဖွား မီးယပ်အထူးကုဆရာဝန်ကြီး)-ဒေါ်မေပပစိုး
အမှတ်(၂)တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၀၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းအောင် ၁/မညန (နိုင်) ၀၉၈၁၁၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၅၄၀၂ Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၁/မညန (နိုင်)၀၇၅၁၂၉ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး (မြစ်ကြီးနား)**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ(ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးသက်ဝင်းအောင်-ဒုတိယဗိုလ်မှူးကြီးဆွေဆွေမြင့်
(အတိုင်ပင်ခံကလေးအထူးကုပါရဂူကြီး)
အမှတ်(၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးရဲမြင့် (ကလေးအထူးကုဆရာဝန်)-ဒေါ်အေးမြတ်ကြည်၊
အမှတ် (၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်သူရွှေ၏ နိုင်ငံကူးလက်မှတ်အမှတ် M-၈၅၅၂၉၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၅၁၆၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၁၁၇၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးကျန်ယုံးကျော့ ၁/ပတအ (ဧည့်) ၀၀၀၀၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ (မြစ်ကြီးနား)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့် ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ် သည် ၁-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးမိုးကျော်ထွန်း(အတိုင်ပင်ခံသားဖွား မီးယပ်အထူးကုပါရဂူကြီး)
အမှတ် (၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ(ကလေးအထူးကုဆရာဝန်ကြီး၊အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက် (၃၉)နှစ်သည် ၁-၂-၂၀၁၃ရက် (သောကြာနေ့) နံနက်၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးထက်အောင် (သားဖွား မီးယပ်အထူးကုဆရာဝန်)-ဒေါ်ဝေမွန်သွေး
အမှတ် (၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၅၂၈၁ HONDA WAVE ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်နွန်း ၁၃/တခလ(နိုင်)၀၈၇၁၁၃က ယာဉ်မှတ်ပုံတင်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ တာချီလိတ်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဒေါ်ခင်အေး၏သား မောင်ကျော်ဦး ၉/မကန(နိုင်)၀၈၉၄၅၇ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေးနှင့်ပတ်သက်သော ကိစ္စများအား လုံးဝ(လုံးဝ)တာဝန်မယူပါ။

ဒေါ်ခင်အေး
၉/မကန(နိုင်)၀၁၄၆၅၆

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး (ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ ရက် သောကြာနေ့ နံနက် ၀၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကလေးကျန်းမာရေးဆေးပညာဌာန
သားဖွားနှင့်မီးယပ်ကုသမှုဌာန
ကလေးခွဲစိတ်ကုသမှုဌာန
မေ့ဆေးကုသမှုဌာနနှင့် ခွဲစိတ်ခန်းမကြီးမိသားစု
ဓာတ်မှန်ဌာန
ဓာတ်ခွဲခန်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ(ကလေးအထူးကုဆရာဝန်ကြီး၊အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့်ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ်သည် ၁-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ကြီးညီညီစံ (သားဖွား မီးယပ်အထူးကုဆရာဝန်)-ဒေါ်အေးမြဆင့်
အမှတ် (၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဟေမာဆွေ
အသက်(၃၉)နှစ်

ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုဆရာဝန်ကြီး၊ အမှတ်(၂)တပ်မတော်သားဖွား၊ မီးယပ်နှင့် ကလေးဆေးရုံကြီး(ခုတင်-၃၀၀)၏ ချစ်လှစွာသောဇနီး ဒေါ်ဟေမာဆွေ အသက်(၃၉)နှစ် သည် ၁-၂-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၀၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ကြီးသက်ဇော်ထွန်း(မျက်စိအထူးကုဆရာဝန်)-ဗိုလ်ကြီးအေးမီဇင်ဝင်း
အမှတ် (၂) တပ်မတော်သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင် (၃၀၀)နေပြည်တော်

နာရေး

ကျေးဇူးတင်ရှိခြင်း

ဗိုလ်မှူးကြီးဝင်း (ငြိမ်း)
အသက်(၉၃)နှစ်

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း)
အသက်(၈၈)နှစ်

၂၀-၁-၂၀၁၃ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားသော ဗိုလ်မှူးကြီးဝင်း(ငြိမ်း)နှင့် ၂၈-၁-၂၀၁၃ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားသော ဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း) ဖခင်ကြီး(၂)ဦးတို့၏ နောက်ဆုံးခရီး ဈာပနအခမ်းအနားနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ အခမ်းအနားများသို့ တက်ရောက်နှစ်သိမ့်အားပေးခဲ့ကြသော ရဲဘော်၊ရဲဘက် လုပ်ဖော်ကိုင်ဖက် စစ်မှုထမ်းဟောင်းကြီးများ၊ နာရေးကိစ္စအဝဝတွင် အစမှအဆုံး ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသော စစ်ဘက်၊ နယ်ဘက်ကုမ္ပဏီအသီးသီးတို့မှ မိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် သူငယ်ချင်းများအား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။

ဗိုလ်ချုပ်ဇာနည်ဝင်း-ပါမောက္ခ ဒေါက်တာအေးအေးထွန်း
ဗိုလ်ကြီးနေလင်းထွန်း(တပ်မတော်-ရေ)
မတင်မျိုးဝင်း-ဗိုလ်ကြီးကောင်းထက်စိုး(တပ်မတော်-လေ)

ကျေးဇူးတင်ရှိခြင်း

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း)
အသက်(၈၈)နှစ်

၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း)၏ ဈာပနအခမ်းအနားနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာ အခမ်းအနားများသို့ တက်ရောက်နှစ်သိမ့်အားပေးခဲ့ကြပြီး အစမှအဆုံး ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသော စစ်ဘက်၊ နယ်ဘက်၊ ကုမ္ပဏီအသီးသီးမှ မိတ်ဆွေများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့်သူငယ်ချင်းများအား ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ရှုခင် (ပိန်းဇလုပ်မြို့)
အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပိန်းဇလုပ်မြို့၊ စာတိုက်လမ်းနေ (ဦးစုလှိုင်)၏ဇနီး၊ တပ်ကုန်းမြို့နေ ဒေါ်ရှုကြူး၊ ဦးကျော်ကြူး၊ ဦးကျော်ဝမ်း-ဒေါ်သီတာတို့၏ အစ်မကြီး၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးလှိုင်၊ တပ်ကုန်းမြို့နေ ဦးအောင်ကျော်-ဒေါ်မိုးမိုးလှိုင်၊ ရန်ကုန်မြို့နေ ဒေါက်တာဝင်းမြင့်-ဒေါက်တာဝင်းဝင်းကြည်၊ ဦးဉာဏ်မြင့်-ဒေါ်ဝေဝေလွင်၊ ပိန်းဇလုပ်မြို့နေ ဒေါ်တင်တင်လှိုင်၊ ရန်ကုန်မြို့နေ ဦးဝင်းမိုး-ဒေါ်မြမြဝင်း၊ ကျောက်တံခါးမြို့နေ ဦးစိုးလွင်-ဒေါ်မိမိလှိုင်၊ ပိန်းဇလုပ်မြို့နေ ဦးသီဟ-ဒေါ်မာလာထွန်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁-၂-၂၀၁၃ရက် (သောကြာနေ့) ဒေသစံတော်ချိန် ည ၈း၅၀နာရီတွင် ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဒု-ရဲမှူးတင်ရွှေ (ငြိမ်း) (ရေကြည်)
အသက်(၈၀)

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ တိုက် ၁၀၂၊ အခန်း ၄နေ (ဦးမောင်ပန်း-ဒေါ်ငွေစိန်)တို့၏သား၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးညွန့်ဦး-ဒေါ်စန္ဒာထွန်း (အထက-၃၊တာမွေ)၊တပ်ကြပ်ကျော်ဝင်း (5BE M.E၊ ဗထူးတပ်မြို့)-ဒေါ်လှလှမိုး၊ ဦးကျော်သက်အောင်(Srs Shipping Co., Ltd.) - ဒေါ်စန်းစန်းအေး(လ/ထ ကထိက၊ ဆေး-၂)၊ ဦးခင်မောင်ဝင်း (JSM International Ltd.)-ဒေါ်သန္တာ ကောင်းတို့၏ဖခင်၊ မမေသူထိုက်၊ မောင်ကျော်စွာစိုးတို့၏အဘိုးသည်၂-၂-၂၀၁၃ ရက်(စနေနေ့)ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး

ဒေါ်ညွန့်ကြည်
ဓနုဖြူ(တောဝ/ညောင်ချောင်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် ၃လမ်း၊ အမှတ် ၁၄၈နေ(ဦးစံ-ဒေါ်ခင်မြင့်)တို့၏ သမီး၊ [ဦးကျော်သောင်း(ခ)ဦးသောင်းသောင်းဝင်း]၏ဇနီး၊ဒေါ်ခင်လှရီ၊ ဦးဝင်းငွေ-ဒေါ်သန်းမြင့်၊ ဒေါ်ဝင်းဝင်းမော်(ခ) မမော်စီတို့၏မိခင်၊ မခိုင်သဉ္ဇာကျော်၊ ကိုစည်သူမင်းကို(Diamond Star Co., Ltd.)၊ ကိုဘိုဘိုထွန်း(United Group of Trading Co., Ltd.)တို့၏အဘွားသည် ၃-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၅နာရီတွင်ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကျင်မောင်
မြန်မာ့မီးရထား
အင်ဂျင်နီယာမှူး(ငြိမ်း)
အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပေါက်ကုန်းကြီးကျေးရွာနေ (ဦးရွှေရ-ဒေါ်စိန်တင်)တို့၏သား၊ (ဦးလှအောင်-ဒေါ်လှစီ)တို့၏သားသမက်၊ အမှတ် ၈၊ ဦးညိုခြံ၊သီရိဟေမာလမ်း၊ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းနေဒေါ်အေးကြိုင်၏ခင်ပွန်း၊ မစန်းစန်းဦး၊ ဦးကျော်ထွန်း-ဒေါ်အေးအေးမာ၊ ကိုသက်ဝင်းဇော်၊ ကိုနိုင်ထွန်းအောင်-မဝင်းဝင်းမာ၊ ကိုထွန်းမင်းလတ်-မတိုးတိုးမာတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂-၂-၂၀၁၃ ရက် နံနက် ၂နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းရုံ
အသက်(၇၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ ကျောက္ကာကျေးရွာနေ(ဦးဖိုးအေး-ဒေါ်စိန်သူ)တို့၏သား၊(ဦးအေးဖေ)-ဒေါ်အင်ရွှေတို့၏သားသမက်၊ အမှတ် ၂၂၈၊ ကံ့ကော်လမ်းသွယ်၊ မြကန်သာ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ကိုမျိုးဝင်း-မအေးအေးမာ၊ ကိုကျော်ဇော်ဦး-မအေးအေးချို၊ကိုအောင်မင်းကျော်-မမာမာချို၊ကိုစိုးလွင်-မသီသီချို၊မသီသီခိုင်၊ကိုဝေမောင်ဦး-မသီသီစိုး၊ ကိုမင်းကျော်စိုး - မသီတာတို့၏ဖခင်၊ မြေး၁၁ယောက်တို့၏အဘိုးသည် ၂-၂-၂၀၁၃ရက် မွန်းလွဲ ၁း၁၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မဟေမာဆွေ
အသက်(၃၉)နှစ်

ပုသိမ်မြို့နှင့် ရန်ကုန်မြို့နေ ဦးညွန့်ဆွေ-ဒေါ်ခင်လှလှနွယ်တို့၏ သမီး၊ ဦးလှညို-ဒေါ်လှအေးတို့၏သမီးချွေးမ၊ ဗိုလ်မှူးကျော်သူရ (ကလေးအထူးကုပါရဂူ၊ အမှတ်-၂၊ သားဖွားမီးယပ်နှင့်ကလေးဆေးရုံကြီး၊ နေပြည်တော်)၏ ချစ်လှစွာသောဇနီး၊ မသူသူလင်းလဲ့၏မိခင်၊ ဦးကျော်ဇေယျ - ဒေါ်ဝင့်ဝင့်နိုင်၊ ဗိုလ်မှူးအောင်မြင့် - ဒေါ်မိုးမိုးဆွေ၊ ဗိုလ်မှူးနေစိုး-ဒေါ်ချိုစုမာအောင်၊ မောင်ချမ်းငြိမ်းတို့၏ညီမ/အစ်မဖြစ်သူ မဟေမာဆွေသည် ၁-၂-၂၀၁၃ရက် နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၃ရက်၌ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

၁-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော မဟေမာဆွေ နာမကျန်းဖြစ်စဉ် တစ်လျှောက်လုံး စောင့်ရှောက်ပေးခဲ့ကြသော ဗိုလ်မှူးချုပ်စိန်လင်း [တပ်မှူး၊ အမှတ်(၂) တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀]၊ ဗိုလ်မှူးကြီးသန်းထွဋ် [တပ်မှူး၊ အမှတ်(၂) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၊ နေပြည်တော်]၊ ပါမောက္ခ ဗိုလ်မှူးကြီးဒေါ်ရင်ရင်ထွန်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအားလည်းကောင်း၊ သမက(၂/၃၀၀)မှ အရာရှိ/အရာခံ၊ အကြပ်၊ စစ်သည်များအားလည်းကောင်း၊ ၂-၂-၂၀၁၃ရက် နာရေးတွင် လိုက်ပါပို့ဆောင်ခြင်းဖြင့်လည်းကောင်း၊ ပန်းခြင်းပန်းခွေများဖြင့်လည်းကောင်း၊ လှူဖွယ်ပစ္စည်းများဖြင့်လည်းကောင်း၊ တယ်လီဖုန်း၊ e-mail များဖြင့်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြသော ဆရာသမားများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဦးသိန်းဟန် (AAA စက်ဘီးပစ္စည်းရောင်းဝယ်ရေး)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ် ၁၈၆နေ (ဦးတင်ညွန့်-ဒေါ်တင်မြင့်)တို့၏သားကြီး၊ (ဦးချစ်လှိုင်-ဒေါ်အုန်းရီ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ကိုအောင်သိန်း-မဝေဝေဖြိုး၊ ကိုဖြိုးမောင်မောင်တို့၏ဖခင်၊ မောင်ဇေယျာလင်းမောင်၏အဘိုးသည် ၃-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၄၅နာရီတွင် SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းစိုး (ရမည်းသင်း)
အသက်(၈၄)နှစ်

ရမည်းသင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာနေ(ဦးပြိုင်-ဒေါ်ပေါ)တို့၏သား၊ (ဦးမြဒေါင်-ဒေါ်တင်မွေး)၊ (ဦးကျော်ငွေ)-ဒေါ်ခင်အေး၊ (ဦးကျော်ဆွေ)-ဒေါ်ခင်လေး၊ဦးသိန်းဆွေ-ဒေါ်ခင်တုတ်တို့၏ အစ်ကို၊(ဦးမောင်တင့်-ဒေါ်မယ်ခ)တို့၏ သားသမက်၊ အမှတ် ၃၂ (မြေညီထပ်)၊ ၂၇လမ်း(အောက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ခင်စိန်၏ခင်ပွန်း၊ ဦးခင်မောင်စိုး(MHL Travels & Tours)-ဒေါ် April အေးအေးညွန့်(MARUHAN Japan Bank Plc. Yangon Rep Office)၊ ဦးမြင့်စိုး၊ ဦးဟန်စိုး (MHL Travels & Tours)-ဒေါ်မိုးစန္ဒာ၊ မတင်တင်စိုး (MHL Travels & Tours)၊ မနီလာစိုး (MSF - Holland, Yangon Project)၊ မစန္ဒာစိုးတို့၏ဖခင်၊ မ July Khin Maung Soe (ISM)၊ မောင် October Khin Maung Soe (CISM)၊ မရတီဖူးပွင့်ဟန်(အထက-၂၊ကမာရွတ်)၊ မောင်အောင်ခန့်ဇော်တို့၏ အဘိုးသည် ၃-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၂း၂၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

တောင်ရှိန်အိ(ခ)ဒေါ်စန်းရီ
(ကျားခေါင်းဆန်ပွဲရုံ၊ဘုရင့်နောင်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ Asian Villa၊ မြကန်သာ ၂လမ်း၊ အမှတ် U-10 နေ ဦးစိုးမြင့်(ခ)ဦးကိုကိုကြီး၏ ဇနီး၊ မဥမ္မာမြင့်-ကိုဝင်းစိန်၊ မအေးအေးမြင့်၊ မအမာမြင့်၊ ကိုသန်းစိုးမြင့်-ဒေါက်တာမြတ်ဆုမွန်စိုး၊ ကိုခင်မောင်စိုး-မခင်ချိုဆက်၊ မခင်သန်းစိုးတို့၏ မိခင်ကြီး၊ မောင်မျိုးသက်ခိုင်၊ မောင်ဘုန်းမြတ်စိုး၊ မောင်နောင်ဇင်လတ်၊ မောင်အောင်ကောင်းပြည့်တို့၏ဘွားဘွားကြီးသည် ၂-၂-၂၀၁၃ရက် ည ၉း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်နိုင်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၁၀လမ်း၊ အမှတ် ၃၁၈နေ (ဦးသောင်းစိန်-ဒေါ်ညွန့်ညွန့်)တို့၏သားကြီး၊ ဦးတင်ဦး-ဒေါ်လှလှမြင့်တို့၏တူ၊ ဦးဌေးလွင် (MD - GBG Industrial Co., Ltd.)-ဒေါ်နွဲ့နွဲ့မူ(ဇမ္ဗူရတနာ တိုင်းရင်းဆေးဝါးလုပ်ငန်း)၊ ဒေါက်တာဦးစိန်ဝင်း - ဒေါ်စီစီသွယ်၊ ဦးဝင်းမြင့်(ဆေးဆိုးပန်းရိုက်လုပ်ငန်း)-ဒေါ်ခင်မာနွယ်၊ ဦးမြင့်သွယ်(ခ)ဦးတိုးတိုး (ဦးသောင်းစိန်နှင့်သားများ စက်မှုလက်မှုနှင့် ဇမ္ဗူရတနာ တိုင်းရင်းဆေးဝါးလုပ်ငန်း)-ဒေါ်ဝင်းမင်းဖြိုး(ဒုတိယညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)တို့၏အစ်ကိုကြီး၊ တူ၊တူမ ကိုးယောက်တို့၏ဦးလေးသည် ၂-၂-၂၀၁၃ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးချိုထွန်း
(B.A) GEOGRAPHY, MPA
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ လှိုင်ရတနာမွန်အိမ်ရာ၊ အေးရိပ်မွန် ၁လမ်း၊တိုက် ၅၊အခန်း ၅နေ (ဦးသင်းမောင် - ဒေါ်စိန်စိန်)တို့၏သား၊ (ဦးစောထွန်း၊အငြိမ်းစားသံအမတ်ကြီး)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်မိုးမိုးသက် (စာရင်းစစ်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးအောင်ကျော်စိုး-ဒေါက်တာနန်းချိုဇာဝင့်(ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ဆေးခန်း)၊ ဒုရဲအုပ်ခွန်ထက်စေ (တပ်ရင်း-၁၆)-ဒေါ်မြတ်နွယ်ဇင်တို့၏ ဖခင်၊ မောင်ကျော်ဘုန်းသာ၊ မရွှေရည်သွန်း၊ သားသားတို့၏အဘိုးသည် ၃-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၃ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကိုခွေး(ခ)ဦးခွေး(ခ) အောင်လျှောင်ဗုက်
(ဓနုဖြူ-ရေပေါက်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၁၊ ဗားဂရာလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ဦးမောင်ချို-ဒေါ်ပွန်နန်း-ဒေါ်ငွေသင်)တို့၏သားကြီး၊ (ဒေါ်မြသန်း)၏ခင်ပွန်း၊ (ဦးမောင်လေး)၊ ဦးမောင်ဌေးတို့၏အစ်ကိုကြီး၊ ဒေါ်ဝင်းမြင့်(ကြည့်မြင်တိုင်ညဈေး)၊ ဦးယုရှိန်၊ ဒေါ်တင်ရီ (အထက-၂၊ အလုံ)၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ကြည်(ခ)မစုး (ကြည့်မြင်တိုင်ညဈေး)၊ ဒေါ်တင်မြင့်၊ ဒေါ်ကြူကြူလှိုင်တို့၏ဖခင်သည် ၂-၂-၂၀၁၃ရက် (စနေနေ့) ဝဝး၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ခင်
လက်ထောက်အထွေထွေ
မန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် ၁၂၄နေ (ဝဏ္ဏကျော်ထင်ဦးဘထူး-ဒေါ်ငွေရင်)တို့၏သား၊(ဦးပု-ဒေါ်မြ)တို့၏သားသမက်၊ ဒေါ်ခင်ဝင်းဝင်း(ROSIE)၏ခင်ပွန်း၊ ဒေါ်ခင်စောဦး (လက်ထောက် အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးတူးမောင်၊ ဦးကိုကိုမောင်-ဒေါ်နန်းသူဇာ၊ ဦးထွန်းထိုက် C/O (Marines Shipping)-ဒေါ်မူယာခင်၊ ဦးမန်းသက်ထူး-ဒေါ်မီမီညွန့်တို့၏ဖခင်၊ သက်ဖြိုးရည်သာ၊ သက်စုရည်ထက်၊ ကြယ်စင်ခင်၊ အားကူးလေးတို့၏အဘိုးသည် ၂-၂-၂၀၁၃ရက်(စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးလှမြင့်
(ထန်းတပင်၊ ဘောလယ်)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘောလယ်ကျေးရွာနေ (ဦးဘသော်-ဒေါ်မြချို)တို့၏သား၊ (ဦးဘသိန်း - ဒေါ်မယ်နွဲ့)တို့၏သားသမက်၊ ဦးဝင်းခင်(ဒု-ဦးစီးမှူး၊ မအူပင် စက္ကူစက်ရုံ)-ဒေါ်သန်းသန်းမြင့်၊ဦးသိန်းဝင်း (S.A.E ဆောက်လုပ်ရေးအထူးအဖွဲ့-၁၁) ဒေါ်မြမြဝင်း၊(ဦးဇော်ဝင်း)-ဒေါ်ခင်အေးမြင့်၊ ဦးဇော်နိုင်ဝင်း(လျှပ်စစ်၊ ဆလရ)-ဒေါ်ကြည်သိန်းတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ ဒေါ်ညွန့်ကြည်၏ခင်ပွန်းသည် ၂-၂-၂၀၁၃ရက် (စနေနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမ

ဒေါ်သိန်း(ခ)အမေမြ
(ကဒိုင်ရွာ၊ ပေါင်မြို့)
အသက်(၇၆)နှစ်

အမှတ် ၇၃၅(မြေညီ)၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးဖေတင်-ဒေါ်ငြိမ်း)တို့၏ သမီး၊ (ဦးမြင့်)၏ဇနီး၊ ကိုသိန်းထိုက်-မအေးအေးသန်း၊ဦးစိုင်းဘထွန်း-ဒုတိယဗိုလ်မှူးကြီး ဒေါ်စန္ဒာမြင့် (သားဖွားမီးယပ်နှင့် ကလေးဆေးရုံ၊ မင်္ဂလာဒုံ)၊ ကိုဝေသီ - မသူဇာမြင့်၊ ကိုကိုကြီး-မသီတာမြင့်၊ မသဲဇာဖြူမြင့်၏မိခင်ကြီး၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂-၂-၂၀၁၃ရက်(စနေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက်(တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တသီရိန္ဒ
ဦးစီးပဓာနနာယကဆရာတော်
ကျိုက်ထိုကျောင်းတိုက်
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တောင်ရပ်ဇီးကုန်းကျေးရွာနေ (ခမည်းတော် ဦးအို-မယ်တော် ဒေါ်နီ)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း(ဇလမ်း၊မြောက်) ကျိုက်ထိုကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒသည် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၇ရက်) ၂-၂-၂၀၁၃ရက် (စနေနေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) ၆-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကျိုက်ထိုကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းကြည် (လက်ပံတန်း)
အသက်(၉၁)နှစ်

လက်ပံတန်းမြို့၊ ဘီးလင်းတန်းလမ်းနေ (ဦးဘရင်-ဒေါ်သိန်းမြ)၊ (ဦးဘိုးကြူ-ဒေါ်ညွန့်)တို့၏သမီး၊ ဦးဘဂေါင်လမ်းနေ (ဦးမြ-ဒေါ်နှင်းရင်)တို့၏သမီးချွေးမ၊ (ဦးထွန်းရွှေ)၏ဇနီး၊ လက်ပံတန်းမြို့နေ ဒေါ်ငွေငွေဝင်း၊ ရန်ကုန်မြို့နေ ဦးကျော်ကျော်ငွေ-ဒေါ်အေးအေးသန်း၊ ဦးကျော်ကျော်အေး-ဒေါ်ချိုချိုငွေ၊ ဦးထွန်းထွန်းဦး-ဒေါ်ကြည်ကြည်အေး၊ နေပြည်တော်နေ ဦးအေးသက်ဇော်-ဒေါ်မိုးမြတ်ဆွေ၊ လက်ပံတန်းမြို့နေ ဦးလှထွန်း-ဒေါ်ဥမ္မာ၊ တိုက်ကြီးမြို့နေ ဦးညွန့်လွင်-ဒေါ်ကြည်ကြည်ထွန်း၊ ရန်ကုန်မြို့နေ ဦးမင်းဇော်-ဒေါ်သန္တာခိုင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားသည် ၂-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

စောလိန်လှိုင်(ခ)ဒေါ်တင်လှိုင် (ကျုံမငေးမြို့)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်နီလမ်း၊ အမှတ် ၁၈နေ (ဦးကျီလှိုင်)၏ဇနီး၊ ဦးသစ်လွင်-ဒေါ်တင်တင်ဝင်း(ခ)လိုအထိုးတို့၏မိခင်၊ ကိုကျော်ကျော်-ဒေါက်တာမကေသီစိုး၊ မအေးအေးမြိုင်၊ မအေးသိမ့်သိမ့်သူ၊ မအိဖြူဖွေးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၃-၂-၂၀၁၃ရက် နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၅၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ထွန်း A.G.T.I (E.P) 1979/ပြည်/အင်းစိန်
အလုပ်ရုံစုမှူး(ငြိမ်း)၊ ပြင်/ထိန်းစက်ရုံ၊ စက်မှု(၁)
စိန်ပေါလ်ကျောင်းသားဟောင်း
အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် ၁၄၊ ခုနစ်လွှာ-B၊ ဓမ္မဝိဟာရလမ်း၊ကျောက်မြောင်း၊ ကျိုက္ကဆံရပ်ကွက်နေ (ဦးကံညွန့်-ဒေါ်သဲဇင်)တို့၏သား၊ (ဦးငြိမ်း-ဒေါ်ခင်ခင်လှ)၊ ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်ငြိမ်းငြိမ်း၏ခင်ပွန်း၊ ကိုနိုင်ထွန်းလင်း-မမူယာအောင်၊ ကိုရဲထွန်းမင်း(အဆိုတော် ရဲလေး)၊ ကိုဝေယံထွန်းမင်း(ဂျိုကာ)တို့၏ဖခင်၊ မောင်သုတလင်းဆက်၏ဘိုးဘိုးကြီးသည် ၃-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၃း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ထွန်း A.G.T.I (E.P) ၁၉၇၉(ပြည်/အင်းစိန်)
အလုပ်ရုံစုမှူး(ငြိမ်း)၊ ပြင်/ထိန်းစက်ရုံစက်မှု(၁)
(စိန်ပေါလ်ကျောင်းသားဟောင်း)
အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် ၁၄၊ ခုနစ်လွှာ(B)၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ ကျိုက္ကဆံရပ်ကွက် (ဦးကံညွန့်-ဒေါ်သဲဇင်)တို့၏သား၊ (ဗိုလ်မှူးတင်ညွန့်-ဒေါ်ခင်နွယ်)၊ (ရဲမှူးကြီးဦးစောဖေလှအောင်)-ဒေါ်မြမြ၊ သီရိပျံချီ ဗိုလ်မှူးကြီးစောခင်စိုး(ငြိမ်း)-ဒေါ်သက်ရှည်၊ (ဦးစောတင်မောင်ထွန်း)-ဒေါ်ယဉ်ယဉ်အေးတို့၏ညီ/မောင်၊ ဦးခင်မောင်ညွန့်၊ ဦးစောတင်မောင်ထွေး-ဒေါ်ဝင်းဝင်းမြတို့၏အစ်ကို၊ ဦးမောင်မောင်ကြီး-ဒေါ်ခင်ပြုံးငြိမ်း၊ ဦးအောင်ငြိမ်း၊ ကိုနေလင်း-မခင်အေးငြိမ်း၊ ကိုဉာဏ်လင်း-မခင်မျိုးငြိမ်းတို့၏အစ်ကို၊ တူ၊တူမ ၂၃ယောက်တို့၏ဦးလေးသည် ၃-၂-၂၀၁၃ရက် နံနက်၃း၅၀နာရီတွင်အာရှတော်ဝင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးထွန်းရုံ (ပုလော)
အသင်းဝင်အမှတ်-၇၄၈
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာ (၅)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် ၂၂၈နေ ဒေါ်တင်လှ၏ခင်ပွန်းသည် ၂-၂-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁း၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

မယဉ်ယဉ်ဟန် B.Sc (Zoo)
UNITEAM MARINE
(Yangon) LIMITED
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊အမှတ် ၃၃(ငါးလွှာ)နေ (ဦးမြင့်ကြွယ်) - ဒေါ်ယဉ်မိ (မြန်မာ့မီးရထား၊ ငြိမ်း)တို့၏သမီး၊ ဦးမင်းသူ၏ဇနီး၊မောင်သက်အောင်(အထက-၄၊ အလုံ၊ ပထမတန်း-D)၏မိခင်သည် ၃-၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၃ရက် နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မြန်မာ့ရိုးရာခြင်းလုံးအသင်း ရွေးရန်ကြိုးစားမည်

အမေး/အရေး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၃

အိမ်ရှင်မြန်မာတို့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ရေး ကြိုးစားနေပြီဖြစ်သည်။ အားကစားနည်းများအလိုက် အောင်မြင်မှုများရရှိနိုင်ရေးပြင်ဆင်လျက်ရှိရာ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးချယ်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းမိုးလုံလေလုံ အားကစားကွင်း၌ ဖေဖော်ဝါရီ ၂ ရက်၊ ၃ ရက်က ကျင်းပလျက်ရှိရာကနေ လူရွေးချယ်မှုနှင့်ပတ်သက်ပြီး သတင်းအဖွဲ့သွားရောက်ကာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ အခုလို ခြင်းကစားသမားတွေ လာရောက်အရွေးခံနေတာ ဘယ်နှဦးရှိပါသလဲ။

ဖြေ ။ ။ စုစုပေါင်းအမျိုးသား ၅၅ ဦးနဲ့ အမျိုးသမီး ၃၁ ဦး ရှိပါတယ်။ သူတို့ကတော့ တစ်နိုင်ငံလုံးက လာရောက်တဲ့သူတွေဖြစ်ပြီး ကျွန်တော်တို့က အမျိုးသားကိုးဖွဲ့နှင့် အမျိုးသမီး ခြောက်ဖွဲ့အဖြစ်စုစည်းပြီး ယှဉ်ပြိုင်ရွေးချယ်ခြင်းဖြစ်ပါတယ်။

မေး။ ။ သူတို့တွေထဲက ဘယ်နှဦးကို အပြီးသတ် ရွေးချယ်မှာလဲ။ ရွေးချယ်မှုကိုဘယ်လို ပုဂ္ဂိုလ်တွေက ဆောင်ရွက်ပေးနေပါသလဲဆိုတာ သိလိုပါတယ်။

ဖြေ။ ။ သူတို့တွေထဲက အမျိုးသား ၂၅ ဦးနဲ့ အမျိုးသမီး ၂၅ဦးကိုရွေးချယ်သွားမှာပါ။ အကဲဖြတ်ရွေးချယ်ပေးနေတဲ့ ပုဂ္ဂိုလ်တွေက နယ်ပယ်အသီးသီးက မြန်မာ့ရိုးရာခြင်းပညာရှင်တွေနဲ့ဝါရင့်ကစားသမားတွေပါဝင်ပြီး စနစ်တကျ အကဲဖြတ်ရွေးချယ်ပေးခြင်းဖြစ်ပါတယ်။

မေး။ ။ ဘယ်လိုအခြေခံနည်းတွေနဲ့ အကဲဖြတ်ရွေးချယ်သလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ အရွေးချယ်ခံ ခြင်းလုံးကစားသမားတစ်ဦးအနေနဲ့ ခြင်းခေါက်ပိုင်နိုင်ကျွမ်းကျင်မှု၊ အထောက်အဆယ်ပံ့ပိုးပေးနိုင်မှုအသင်းကို ဦးဆောင်နိုင်မှု၊ အားကစားအရည်အချင်းပြည့်ဝမှုဆိုတဲ့ အချက်တွေအပေါ်အခြေခံပြီး အကဲဖြတ်ရွေးချယ်ပေးကြတာ ဖြစ်ပါတယ်။

ဒုတိယ အဆင့် အရွေးချယ်ခံ ကစားသမား တစ်ဦး ခြင်း လုံး ကို ဤသို့ ကျွမ်းကျင် ပိုင်နိုင်စွာ ကစားခဲ့ သည်မှာ….။

မြန်မာ့ရိုးရာခြင်းပညာရှင်တွေနဲ့ ဝါရင့်ကစားသမားတွေ ပါဝင်ပြီး စနစ်တကျအကဲဖြတ် ရွေးချယ်ပေးခြင်း ဖြစ်ပါတယ်။ ဦးရဲအောင် အထွေထွေအတွင်းရေးမှူး

မေး ။ ။ ဘယ်နေရာမှာစခန်းသွင်းလေ့ကျင့်မလဲဆိုတာလဲ ပြောပြပေးပါဦး။

ဖြေ ။ ။ နောက်ဆုံးလူရွေးချယ်မှုအနေနဲ့ကတော့ အမျိုးသား ၂၅ ဦးနဲ့ အမျိုးသမီး ၂၅ ဦးကို ရွေးချယ်သွားမှာဖြစ်ပါတယ်။ ရွေးချယ်ခံရတဲ့သူတွေကို နေပြည်တော်မှာရှိတဲ့ ရွှေလေ့ကျင့်ရေးစခန်းမှာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ မကျင်းပမီအထိ စခန်းသွင်းလေ့ကျင့်သွားမှာ ဖြစ်ပါတယ်။

မေး။ ။ ဆီးဂိမ်းပြိုင်ပွဲမှာ အဲဒီခြင်းလုံးကစားသမားတွေ အကုန်ဝင်ပြိုင်မှာလား၊ အသင်းတွေခွဲပြီး ယှဉ်ပြိုင်မှာလားဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ ဆီးဂိမ်း ပြိုင်ပွဲအတွက် နောက်ဆုံးမှာ အမျိုးသား ၁၆ဦး၊ အမျိုးသမီး ၁၆ ဦးကို အပြီးသတ်ရွေးချယ်မှာပါ။ အဲဒီရွေးချယ်ထားတဲ့ ကစားသမားတွေကို အမျိုးသား သုံးသင်းနဲ့ အမျိုးသမီးသုံးသင်းဖွဲ့စည်းပြီး ဆီးဂိမ်းပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။

မေး။ ။ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲအနေနဲ့ဆီးဂိမ်းမှာ ကစားနည်းဘယ်နှမျိုး ယှဉ်ပြိုင်မလဲဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ ဆီးဂိမ်းမှာ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲ အနေနဲ့ ကစားနည်းလေးမျိုး ပါဝင်ယှဉ်ပြိုင်ဖို့ရှိပါတယ်။ အဲဒီလေးမျိုးမှာ မြန်မာအဖွဲ့က သုံးမျိုးယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ကြိုက်နှစ်သက်တဲ့ ပြိုင်ပွဲသုံးမျိုးပါဝင်ယှဉ်ပြိုင်ခွင့်ရှိလို့ပါပဲ။ လောလောဆယ်မှာတော့ မြန်မာခြင်းလုံးကစားသမားတွေအနေနဲ့ ပြိုင်ပွဲလေးမျိုးစလုံးတော့ လေ့ကျင့်သွားမှာဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

ယနေ့ မာတိကာ

လူတိုင်း လူတိုင်း ပျော်ရေးရွှင်ရေး အလုပ်ကို တစ်ခါတစ်ရံမှသာ လုပ်ကိုင် သင့်သည်ကို သတိပြုအပ် (ခေါင်းကြီး) စာ - ၂

မာလီနိုင်ငံ ပြန်လည်ထူထောင်သွားနိုင်ရေး ပြင်သစ်ကူညီရန် ကတိကဝတ်ပြုပြောဆို စာ - ၄

ဂါနာအကြိုဗိုလ်လုပွဲ တက်ပြီ စာ - ၁၂

မန်ယူနဲ့အာဆင်နယ်တို့နိုင်ပွဲရပြီး ချယ်လ်ဆီးတို့ ရှုံးပွဲကြုံခဲ့တဲ့ ပွဲစဉ်(၂၅) စာ - ၁၃

ဘိုးဘွားအမွေအနှစ်များကို ချစ်မြတ်နိုးနိုင်ကြပါစေ
(စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

တန်ဖိုးသိမှ အဖိုးတန်
(စာ-၁၁) တွင် ဖတ်ရှုနိုင်ပါသည်။

အီတလီစီးရီးအေပြိုင်ပွဲ ဂျူဗင်တပ်(စ်) ထိပ်ဆုံးပြန်ရောက်

ကျော်ကျော် - ရေးသားသည်

ရောမ ဖေဖော်ဝါရီ ၃

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဂျူဗင်တပ်(စ်)က ချီယေဗိုကို နှစ်ဂိုး-တစ်ဂိုးဖြင့်အဝေးကွင်း၌ အနိုင်ရပြီး နာပိုလီ၏ စီးရီးအေအမှတ်ပေးဇယားထိပ်ဆုံးနေရာကို လွှဲပြောင်းရယူလိုက်သည်။

ဂျူဗင်တပ်(စ်)အတွက် အနိုင်ဂိုးများကိုတော့ အလက်ဇန်ဒရိုမာထရိုင်းနှင့်စတီဖန်လက်ချ်စတိန်းနားတို့က သွင်းယူပေးခဲ့ကြသည်။ ဂျူဗင်တပ်(စ်) တိုက်စစ်မှူး မာထရိုင်းသည် ပွဲစပြီး ၁၀ မိနစ်အကြာမှာပင် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ပထမပိုင်းပွဲမပြီးမီမှာပင် စတီဖန်လက်ချ်စတိန်းနားက ဂျော်ဗင်ကို၏ နောက်ပေါက်ပေးလိုက်သော ဘောလုံးရရှိသွားပြီး ဒုတိယအနိုင်ဂိုး သွင်းယူပေးလိုက်သည်။ ချီယေဗိုတို့ ချေပဂိုးရရှိရေး အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၅၂ မိနစ်တွင် ဆီရီရူးက ချေပဂိုးသွင်းယူခဲ့သည်။ ဂျူဗင်တပ်(စ်)တို့ ယင်းအနိုင်ပွဲရလဒ်ကြောင့် ထိပ်ဆုံးရောက် နာပိုလီကို ကျော်ဖြတ်ကာ အမှတ်ပေးဇယားထိပ်သို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ ချီယေဗိုတို့ ယင်းပွဲ ရှုံးနိမ့်ပြီးနောက် အမှတ်ပေးဇယား ၁၂ နေရာတွင် ရပ်တည်လျက်ရှိသည်။

(ဘီဘီစီ)

မြို့ကြီးများသို့ တိုးချဲ့ပျံသန်းပြေးဆွဲမည့် AIR KBZ လေယာဉ်သစ်လွှဲပြောင်းရယူ

တူးလော့ ဖေဖော်ဝါရီ ၃

AIR KBZ လေကြောင်းလိုင်းမှ ဝယ်ယူထားသော ATR 72-600 အမျိုးအစားလေယာဉ်သစ် နှစ်စင်းအနက် ပထမတစ်စင်းအား ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီမှ AIR KBZ လေကြောင်းလိုင်းသို့ လွှဲပြောင်းယူသည့် အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်တွင် ပြင်သစ်နိုင်ငံToulouse မြို့ရှိ ATR Manufacturing အလုပ်ရုံ၌ ကျင်းပရာ ယင်းအခမ်းအနားသို့ ATR ကုမ္ပဏီမှ CEO Mr. Filippo Bagnato နှင့် တာဝန်ရှိသူများ၊ AIR KBZ လေကြောင်းလိုင်းမှ ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အတူ Deputy Managing Director ဦးခင်မောင်မြင့်၊ Chief Operating Officer Captain ဦးကြီးမြင့်ဗိုလ်၊ General Manager Flight Operations Captain ဦးကျော်လင်းဦးနှင့် Maintenance Manager ဦးအောင်ဖုန်းအောင်တို့ တက်ရောက်ခဲ့ပြီး ATR Company မှ CEO နှင့်AIR KBZ လေကြောင်းလိုင်း ဥက္ကဋ္ဌတို့က အသီးသီးအမှာစကားပြောကြားကာ အခမ်းအနားအပြီးတွင် Press Conference ပြုလုပ်ခဲ့ကြောင်း ပြင်သစ်နိုင်ငံမှပေးပို့သော သတင်းများအရ သိရသည်။

ယခု လွှဲပြောင်းလက်ခံခဲ့သော ATR 72-600 လေယာဉ်သစ်မှာAIR KBZ လေကြောင်းလိုင်းအနေဖြင့် ဝယ်ယူထားသော ATR 72-600

စာမျက်နှာ ၉ ကော်လံ ၃ ❍

နိုင်ငံတကာဘောလုံးပွဲ အနိုင်/အရှုံး

၃-၂-၂၀၁၃

အင်္ဂလိပ်ပရီမီယာလိဂ်	
ဝက်စ်ဘရွန်း ၀ - ၁ စပါး	
ပြင်သစ်လိဂ်	
အဂျက်စီယို ၃ - ၁ လိုင်ယွန်	
စပိန်လာလီဂါ	
မာလာဂါ ၁ - ၁ ဇာရာဂိုဇာ	

စနေဂြိုဟ်ပေါ်၌ မုန်တိုင်းများဖြစ်ပေါ် ကတ်စီနီလေ့လာရေးယာဉ်မှ သတင်းပေးပို့

နာဆာက လွှတ်တင်ထားသော ကတ်စီနီအာကာသလေ့လာရေးယာဉ်သည် စနေဂြိုဟ်ပေါ်တွင် တိုက်ခတ်နေသော မုန်တိုင်းများကို လေ့လာလျက်ရှိပြီး မုန်တိုင်းများ၏ လားရာနှင့် အနေအထားများကို မြေပြင်စခန်းသို့ သတင်းပေးလိုက်ပြီ ဖြစ်သည်။

ကတ်စီနီအာကာသလေ့လာရေးယာဉ်မှ ပေးပို့ချက်အရ စနေဂြိုဟ်၏ မြောက်ဘက်မှ မုန်တိုင်းများတိုက်ခတ်လျက်ရှိပြီး စနေဂြိုဟ်ပေါ်တွင် မိုးကြိုးမုန်တိုင်းများအဖြစ်လည်း ကျရောက်လျက်ရှိကြောင်း၊ အင်အားပြင်းထန်ကာ စူးရှတောက်ပသော အလင်းဖြာထွက်မှုများကိုလည်း တွေ့ရှိရကြောင်း ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းများသည် ဟာရီကိန်းမုန်တိုင်းများကဲ့သို့ ပြင်းအားရှိပြီး အခြားဂြိုဟ်များတွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းများထက် ပိုမိုပြင်းထန်ကြောင်း နာဆာမှ သုတေသနပညာရှင် အင်ဒရူးအင်ဂါဆိုးက ပြောကြားသည်။ သို့သော် စနေဂြိုဟ်ပေါ်တွင် တိုက်ခတ်နေသော မုန်တိုင်းများမှာ ကမ္ဘာမြေတွင် တိုက်ခတ်နေသော ဟာရီကိန်းမုန်တိုင်းများကဲ့သို့ မိုးရွာခြင်း၊ အေးခြင်း၊ ပူခြင်းများမရှိကြောင်း ဖော်ပြထားသည်။ စနေဂြိုဟ်ပေါ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းများမှာ စူးရှပြင်းထန်သော အလင်းရောင်တန်းများ၊ လျှပ်ပြက်သကဲ့သို့သော အလင်းရောင်များ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ ၄င်းမုန်တိုင်းများသည် မြောက်မှအနောက်ဘက်သို့ ဦးတည်ဖြတ်သန်းလျက်ရှိသည်။

(ဆင်ဟွာ)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

စီးပွားရေးလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၂)ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ စာရင်း၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းထုတ်ပြန်လိုက်သည်-

ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

အမှတ်စဉ်	စီးပွားရေးလုပ်ငန်းအမျိုးအစား
၁	ကာကွယ်ရေးဆိုင်ရာ လက်နက်ခဲယမ်းမီးကျောက်များ ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ယင်းနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ
၂	ရေထိန်းတောများ၊ ဘာသာရေးအရ အထွတ်အမြတ် ထိန်းသိမ်းထားသည့် နေရာများနှင့် ရိုးရာပူဇော်ပသမှု ပြုလုပ်သည့်နေရာများ၊ စားကျက်မြေများ၊ တောင်ယာစိုက်ခင်းနှင့်လယ်ယာမြေများ၊ ရေအရင်းအမြစ်များကို ထိခိုက်ပျက်စီးစေနိုင်သည့် လုပ်ငန်းများ
၃	ဓာတ်မြေဩဇာဥပဒေအရလည်းကောင်း၊ မျိုးစေ့ဥပဒေအရလည်းကောင်း၊ အခါအားလျော်စွာ ထုတ်ပြန်သည့် စိုက်ပျိုးရေးဆိုင်ရာဥပဒေအရသော်လည်းကောင်း ကိုက်ညီမှုမရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံ ထုတ်လုပ်မှုလုပ်ငန်းများ
၄	ပြည်ပမှစွန့်ပစ်ပစ္စည်းများတင်သွင်းပြီး ပြည်တွင်း၌ စက်ရုံတည်ထောင်ထုတ်လုပ်သည့်လုပ်ငန်း
၅	အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရာယ်နောက်ဆက်တွဲစာချုပ်များအရ ပိတ်ပင်တားမြစ်ထားသည့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဖြစ်သောHydrobromo fluoro-carbon (HBFC) ၃၄ မျိုး၊ Bromo-chloromethane ၁ မျိုး၊ cholorofluorocarbon ၅ မျိုး၊ Halogenated (CFC) ၁၀ မျိုး၊ Halon ၃ မျိုး၊ Halogenated CFC ၁၀ မျိုး၊ carbon tetrachloride ၁ မျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ
၆	ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး တာရှည်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ပစ္စည်းများ ကာကွယ်ရေးဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်းအရ တားမြစ်ထားသည့် အော်ဂဲနစ်ပစ္စည်း ၂၁ မျိုးထုတ်လုပ်ခြင်းလုပ်ငန်း
၇	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ပြည်တွင်းတွင်သုံးစွဲရန် မသင့်သည့် ပြည်ပ၌အသုံးပြုပြီး စက်ရုံ သို့မဟုတ် စက်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းများနှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ ထုတ်လုပ်သည့်စက်ရုံ (သို့မဟုတ်) အသုံးပြုသည့်လုပ်ငန်းများ
၈	သဘာဝသစ်တောများကို စီမံခန့်ခွဲထိန်းသိမ်းမှုလုပ်ငန်း
၉	ကျောက်စိမ်း/ ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်ထုတ်လုပ်ခြင်းလုပ်ငန်း
၁၀	ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း
၁၁	မီးခံကျောက်ဂွမ်း (Asbestos) ဖြင့်လုပ်သည့် ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၂	လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်း
၁၃	လျှပ်စစ်ဓာတ်အားကုန်သွယ်ခြင်းလုပ်ငန်း
၁၄	လျှပ်စစ်ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်း
၁၅	သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကို ထိခိုက်ပျက်စီးစေနိုင်သော ဓာတုဗေဒပစ္စည်းများဖြစ်သည့် MTBE (Methyl Tertiary Butyl Ether)၊ TEL (Tetra Ethyl Lead) တို့ကို ရေနံချက်စက်ရုံများတွင် ထုတ်လုပ်သုံးစွဲမှုနှင့် တင်သွင်းသုံးစွဲသည့်လုပ်ငန်း
၁၆	ပြည်သူတို့၏ ကျန်းမာရေးထိခိုက်စေနိုင်သော၊ လူတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော မြေထု၊ ရေထု၊ လေထုတွင် ညစ်ညမ်းစေသည့်အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှား၊ အသံဗလံ၊ ဓာတုပစ္စည်းများ၊ ဓာတ်သတ္တုများနှင့် ဓာတ်ရောင်ခြည်များ ထွက်ပေါ်နိုင်သည့် စက်ရုံ အလုပ်ရုံလုပ်ငန်းများ
၁၇	မြစ်ကြောင်းရေလမ်းနယ်မြေအတွင်း ရွှေအပါအဝင် သတ္တုသယံဇာတ တူးဖော်ခြင်းလုပ်ငန်း
၁၈	လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း
၁၉	ရေကြောင်းပြလုပ်ငန်း
၂၀	ပုံနှိပ်နှင့်အသံလွှင့်မီဒီယာလုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခြင်း
၂၁	မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသောအချိန်မှန်ထုတ်စာနယ်ဇင်းပုံနှိပ်ဖြန့်ချိခြင်းများ

နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

အမှတ်စဉ်	စီးပွားရေးလုပ်ငန်းအမျိုးအစား
၁	စပ်မျိုးစေ့များထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ
၂	အထွက်တိုးမျိုးများနှင့် နိုင်ငံတွင်း ဒေသခံမျိုးများ သန့်စင်ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းများ
၃	ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲ၊ မာကရိုနီ၊ ကြာဆံ၊ မြူစွမ်စသည့် အခြားနှံစားသီးနှံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၄	သကြားလုံး၊ ကိုကိုး၊ ချောကလက်အပါအဝင် မုန့်အချိုအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၅	နို့နှင့် နို့ထွက်ပစ္စည်းမှအပ အခြားစားသောက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွတ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၆	မုယောဖောက်လုပ်ခြင်း၊ မုယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်မည့်ယမကာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၇	အရက်၊ အရက်ပြန်စသည့် ယမကာနှင့် ယမကာမဟုတ်သော ပစ္စည်းထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ သန့်စင်ခြင်း၊ ပုလင်းသွင်းခြင်း စသည့်လုပ်ငန်းများနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ
၈	ရေခဲအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၉	သောက်ရေသန့် လုပ်ငန်းများ
၁၀	ချည်ကြိုးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၁	ကြွေရည်သုတ်ပစ္စည်းများ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓား၊ ခက်ရင်း စသည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၂	ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်း
၁၃	ရော်ဘာနှင့် ပလတ်စတစ် ထုတ်လုပ်ခြင်းလုပ်ငန်း
၁၄	ထုပ်ပိုးခြင်းလုပ်ငန်း
၁၅	သားရေတုမှအပ သားရေစိမ်း၊ သားရေအမျိုးမျိုးနှင့် သားရေဖြင့်ပြုလုပ်သော ဖိနပ်၊ လက်ကိုင်အိတ် စသည်များ အပါအဝင် သားရေပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း
၁၆	စက္ကူအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၇	မှိုင်းခံစက္ကူ၊ ဖယောင်းစက္ကူ၊ ရေအိမ်သုံးစက္ကူစသည်များအပါအဝင် စက္ကူနှင့် ကတ်ထူစက္ကူများဖြင့် ပြုလုပ်သည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၈	ပြည်တွင်းသဘာဝသယံဇာတများအပေါ် မူတည်၍ ထုတ်လုပ်သော ဓာတုပစ္စည်းများထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၁၉	မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့နှင့် အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray)ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၀	ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ (Oxygen, Hydrogen Peroxide)၊ ဖိသိပ်ထားသော ဓာတ်ငွေ့ (Acetone, Argon, Hydrogen, Nitrogen, Acetylene)ထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၁	လောင်စားတတ်သည့် ဓာတုပစ္စည်း (Sulfuric Acid, Nitric Acid) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၂	စက်မှုသုံးဓာတုဓာတ်ငွေ့အမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ)ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂၃	ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်း
၂၄	အဆင့်မြင့်နည်းပညာသုံး ထုတ်လုပ်သော ကာကွယ်ဆေးများ ထုတ်လုပ်ခြင်းလုပ်ငန်း
၂၅	စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် သတ္တုကဏ္ဍဆိုင်ရာလုပ်ငန်းများ စမ်းသပ်ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း
၂၆	ဓာတ်သတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း
၂၇	အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ တံတားတည်ဆောက်ရေးတွင်အသုံးပြုမည့် တံတားသံပေါင်၊ ကွန်ကရစ်ပစ္စည်းများ ကြိုတင်ထုတ်လုပ်/သွန်းလောင်းပစ္စည်းစက်ရုံ၊ အလုပ်ရုံများထူထောင်သည့်လုပ်ငန်း
၂၈	တံတားကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ ခုံးကျော်တံတာကြီးများ၊ မြေအောက်ရထားလမ်းများစသည့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ တည်ဆောက်ခြင်းလုပ်ငန်း
၂၉	နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း/အပန်းဖြေနေရာများဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း
၃၀	လူနေအိမ်ခန်းအဆောက်အအုံ/စုပေါင်းပိုင် အဆောက်အအုံတည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း
၃၁	ရုံးခန်း/စီးပွားရေးအဆောက်အအုံ တည်ထောင်ရောင်းချခြင်းလုပ်ငန်း
၃၂	စက်မှုဇုန်များနှင့်ဆက်စပ်သော လူနေဧရိယာများ၌ လူနေအိမ်ခန်းအဆောက်အအုံများ တည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း
၃၃	ပြည်သူအများ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာဆောက်လုပ်တည်ထောင်ခြင်းလုပ်ငန်း
၃၄	မြို့သစ်ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း
၃၅	ပြည်တွင်းလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
၃၆	နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
၃၇	ရေယာဉ်များဖြင့်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့်လုပ်ငန်းများဆောင်ရွက်ခြင်း
၃၈	သင်္ဘောကျင်းများတွင် ရေယာဉ်သစ်များတည်ဆောက်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း
၃၉	ကုန်းတွင်းကုန်သေတ္တာစခန်းဆောက်လုပ်ခြင်းနှင့် ကုန်သိုလှောင်ရုံများဆောက်လုပ်၍ မြစ်တွင်း ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း
၄၀	ရထားတွဲသစ်များနှင့် စက်ခေါင်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း
၄၁	ပုဂ္ဂလိကအထူးကုဆေးရုံ/ပုဂ္ဂလိကအထူးကုတိုင်းရင်းဆေးရုံများလုပ်ငန်း
၄၂	ခရီးသွားလုပ်ငန်း

သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း

၁။ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း

အမှတ်စဉ်		စီးပွားရေးလုပ်ငန်းအမျိုးအစား	ကန့်သတ်ချက်
(၁)		(၂)	(၃)
၁		**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**	
	၁	မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၂	ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။
	၃	ပိုးသတ်ဆေးထုတ်လုပ်ခြင်းနှင့် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။
	၄	လယ်ယာစိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၅	လယ်ယာလုပ်ငန်းသုံးစက်နှင့် စက်ကိရိယာထုတ်လုပ်ခြင်း	ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
	၆	သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးနှင့် ယင်းနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်း	ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။
	၇	ခေတ်မီမြေယာဖော်ထုတ်ရေးလုပ်ငန်းများ	ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။
၂		**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**	
	၁	ပျားနှင့် ပျားထွက်ပစ္စည်းလုပ်ငန်း	GMP နည်းစနစ်ဖြင့် ထုတ်လုပ်ရမည်။ နိုင်ငံတော်မှ ထုတ်ပြန်ထားသော အစားအသောက်အတွက် ထုတ်လုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ နိုင်ငံခြားများမှ နည်းပညာနှင့် ဈေးကွက်များ ရရှိရမည်။
